# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၃၄)


# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းကာ မရမ်းကုန်းမြို့နယ်၌ ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်



ရန်ကုန် မေ ၂၃

ကိုဗစ်–၁၉ ရောဂါ ပြည်သူလူထုအတွင်း ကူးစက်မှုမရှိစေရေး ကွင်းဆင်းရှာဖွေဆောင်ရွက်မှုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းကာ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း၌ အလိုအလျောက် ကိုယ်အပူချိန်တိုင်းစက် (Infrared Thermal Detection Unit) တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်ရှိသည့်အနက် အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅) ရပ်ကွက်တို့တွင် ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် အဆိုပါ ရပ်ကွက်များအတွင်းရှိ ပြည်သူများအား တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကြသည့်အပြင် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်းများက အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ❍

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးစဉ်။

ဓာတ်ပုံ– ဖေဇော်

---

**ပူးပေါင်းပါဝင်လိုစိတ်၊ စည်းလုံးခြင်းသည် ခွန်အားဆိုတာကို ပြသချင်တဲ့စိတ်တွေကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကာကွယ်ရေးကို မလျှော့ဘဲ ကဏ္ဍာပေါင်းစုံကနေ ကိုဗစ်-၁၉ ကင်းစင်သွားတဲ့အထိ လုပ်ဆောင်နေကြရဦးမှာပါ။**

တွေ့ဆုံမေးမြန်း စာ ၅

...........................

**ဆည်ရေစနစ်တကျသုံးစွဲဖို့ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် ထူထောင်ကြပါစို့**

ဆောင်းပါး စာ ၆

# ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် လွှဲပြောင်းပေးအပ်



ကော့သောင်း မေ ၂၃

ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေမှုကာလကြောင့် မြန်မာနိုင်ငံသို့ ပြန်လာချင်သော်လည်း ထိုင်းနိုင်ငံတွင် ပိတ်မိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း အလုပ်သမား ၆၇ ဦးကို ထိုင်းနိုင်ငံ ရနောင်းမြို့မှ တာဝန်ရှိသူများက ကော့သောင်းမြို့သို့ ယနေ့ နံနက်ပိုင်းက ရေလမ်းခရီးဖြင့် မြို့မဆိပ်ကမ်းတံတားမှတစ်ဆင့် လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကော့သောင်းမြို့မဆိပ်ကမ်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

မြန်မာ့အလင်း

# အပြောင်းအလဲများနှင့် လိုက်လျောညီထွေ

ယမန်နှစ် ဒီဇင်ဘာလအတွင်း ကိုရိုနာဗိုင်းရပ်စ် စတင်ပေါ်ပေါက်လာပြီးနောက် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကူးစက်ပျံ့နှံ့သွားခဲ့ချိန်မှစ၍ ကမ္ဘာ မြေ၏လည်ပတ်မှု တုံ့ဆိုင်းနှေးကွေးသွားခဲ့သည်ဟု တင်စားနိုင်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ရာခန့်ကာလအတွင်း စက်မှုတော်လှန်ရေးတို့ တစ်ဆင့်ပြီးတစ်ဆင့် ဆင်နွှဲနိုင်ခဲ့ခြင်းနှင့်အတူ လူသားတို့က သဘာဝတရားကြီးကို အံတုဘက်ပြိုင်ကာ သတ္တလောက၏ ထိပ်ဆုံးနေရာကို ပြိုင်ဘက်မရှိ ရယူထားပြီး မြေပြင်ပေါ်မှာသာမက သမုဒ္ဒရာရေပြင်နှင့် အာကာသကောင်းကင်တို့ကိုပါ လွှမ်းမိုးထားခဲ့သည်။ လူသားတို့၏ အလွန်အကျွံထုတ်ယူမှု၊ အလွန်အကျွံသုံးစွဲမှုတို့မှ ထွက်ပေါ်လာသည့် အကြီးမားဆုံးသောဘေးထွက်ဆိုးကျိုးမှာ မြေကမ္ဘာ၏ ကျန်းမာရေးချို့ယွင်းလာခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာခြင်းပင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲလာခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းတို့က ကူးစက်ရောဂါများ ပျံ့နှံ့ဖြစ်ပွားမှုတို့အတွက် တိုက်ရိုက်အားဖြင့် မဟုတ်လျှင်ပင် တစ်နည်းတစ်ဖုံ ဆက်နွှယ်နေဖွယ်ရှိသည်။ အပြန်အလှန်အားဖြင့်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကိုအကြောင်းပြု၍ လူသားကမ္ဘာကြီးတစ်ခုလုံး တစ်ပြိုင်တည်းဆိုသလို လှုပ်ရှားသွားလာမှုတို့ နှေးကွေးရပ်တန့်သွားသောအခါ သဘာဝလောကကြီးမှာလည်း ကြည်လင်လန်းဆန်းလာသည်။ ပြန်လည်နာလန်ထူလာသည်။ လူသားတို့၏ နေ့စဉ် အနေအထိုင်အပြုအမူ အလေ့အထနှင့် လူတို့၏ယဉ်ကျေးမှုတစ်စိတ်တစ်ပိုင်းကိုပင် ကိုရိုနာဗိုင်းရပ်စ်က လွှမ်းမိုးလိုက်သည့် အခြေအနေသို့ ရောက်ရှိသွားပြီဟုပင် ဆိုရတော့မည်ဖြစ်သည်။

လက်ဆွဲနှုတ်ဆက်ခြင်းနှင့် ပွေ့ဖက်နှုတ်ဆက်ခြင်းတို့ပြုလုပ်၍ မရတော့။ ဓလေ့ထုံးစံအရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ စုဝေးမှုတို့ကိုလည်း ရှောင်ရှားကြရပြီ။ လူအချင်းချင်းချစ်ခင်လျှင် ဝေးဝေးနေကြရတော့မည်။ ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်တို့သည် ချိန်းဆိုတွေ့ဆုံကာ စကားဖောင်ဖွဲ့ရသည့်နေရာများ မဟုတ်တော့။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရန် အန္တရာယ်များသည့် နေရာတစ်ခုဖြစ်သည့်အတွက် မြန်မြန်သောက်၊ မြန်မြန်ရှင်းပြီး မြန်မြန်ပြန်ကြခြင်းက အကောင်းဆုံးဖြစ်သည်။ ဘတ်စ်ကား၊ မြို့ပတ်ရထား စသည့် အများသုံးယာဉ်များ စီးနင်းခြင်းထက် စက်ဘီးဖြင့် သွားလာခြင်းက ဗိုင်းရပ်စ်ကူးစက်မှုကင်းဝေးစေသလို ကျန်းမာရေးအတွက်လည်း ကောင်းမွန်သည်။ သို့ရာတွင် စက်ဘီးလမ်းများ သီးသန့်ထားပေးခြင်း၊ ယာဉ်အန္တရာယ်မဖြစ်ပွားအောင် ထိန်းသိမ်းကြပ်မတ်ခြင်းတို့လည်း လိုအပ်သည်။ တေးဂီတပွဲများ၊ ဇာတ်ပွဲများ၊ ရုပ်ရှင်များ၊ အားကစားပွဲများတို့သည်လည်း အွန်လိုင်းနှင့် တီဗွီချန်နယ်များမှ ကြည့်ရှုကြရမည့်ပွဲများ ဖြစ်သွားခဲ့ပြီ။ ကိုရိုနာဗိုင်းရပ်စ်ကို အကြောင်းပြု၍ လူတို့ပြုလုပ်ကြရသည့် အပြောင်းအလဲများမှာ များပြားလှပါသည်။

ဤနေရာတွင် အဓိကအားဖြင့်ဆိုလိုချင်သည်မှာ မဖြစ်မနေ ပြောင်းလဲကြရသည့် အပြောင်းအလဲများနှင့်အတူ လိုက်လျောညီထွေစွာ နေထိုင်နိုင်ကြရေးပင်ဖြစ်သည်။ ဤသို့ နေထိုင်ကြရခြင်းသည် ရောဂါဘယကူးစက်မှုမှ လွတ်ကင်းနိုင်ရေးနှင့် မိမိတို့တစ်ဦးချင်းစီ၏ နေ့စဉ်လူမှုဘဝများကိုလည်း အဆင်ပြေပြေဆောင်ရွက်နိုင်ရေးအတွက် ဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် ကြာကြာနေဦးမည်ဟု ဆိုနေကြသည့် ဗိုင်းရပ်စ်နှင့်အတူနေမည်ဆိုလျှင် မိမိတို့အားလုံး ထိန်းထိန်းသိမ်းသိမ်း နေနိုင်ကြဖို့လိုသည်။ ကျန်းမာရေးအတွက် လမ်းညွှန်ချက်များကို မှတ်သားလိုက်နာကြဖို့ လိုသည်။ ဟိုကိုင်သည်ကိုင် ကိုင်တတ်သည့် လက်များကို မကြာမကြာ ဆေးကြရမည်။ မမြင်နိုင်သည့် ပိုးမွှားများကို မရှူမိစေရန် ပါးစပ်နှာခေါင်းစည်းတပ်ကြရမည်။ မိမိအပါအဝင် မည်သူက ဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားသည်ကို မသိနိုင်သည့်အတွက် ခပ်ခွာခွာနေကြရမည်။ အပြောင်းအလဲများနှင့်အတူ လိုက်လျောညီထွေစွာ နေထိုင်ခြင်းသည် မိမိကိုယ်တိုင် ကျန်းမာရှင်သန်ရေးအတွက်သာ ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## သီပေါ နမ့်လန်ဒေသ ကန့်သတ်စောင့်ကြည့်စခန်းများမှ သတ်မှတ်ရက်ပြည့်၍ နေအိမ်သို့ပြန်မည့်သူများအား မျိုးစေ့၊ ပျိုးပင်၊ သွင်းအားစုများနှင့် အဝတ်အထည်၊ စားသောက်ဖွယ်ရာများ ကူညီပံ့ပိုး

**သီပေါ မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ကာလအတွင်း ဒေသခံပြည်သူများ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုရရှိစေရန်နှင့် အိမ်တွင်နေထိုင်ရင်းဖြင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးကာ မီးဖိုချောင်စရိတ်ကာမိပြီး လတ်ဆတ်သောသီးနှံများ စားသုံးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရာသီအမီ မျိုးစေ့၊ ပျိုးပင်မျိုးစုံနှင့် သွင်းအားစုများစိုက်ပျိုးရန် နည်းပညာပေး လက်ကမ်းစာစောင်များ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် သီပေါမြို့နယ် အရှေ့တောင်ခြမ်း နမ့်လန်ဒေသသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်း၊ ကြက်ခြေနီ မောင်မယ်များနှင့် တာဝန်ရှိသူများက ကန့်သတ်စောင့်ကြည့်စခန်းများမှ သတ်မှတ်ရက်ပြည့်မီ၍ မိမိတို့နေအိမ်သို့ပြန်ကြမည့် ဒေသခံများ၊ တောင်သူ လယ်သမားများအား စိုက်ပျိုးရန် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ပျိုးပင်များ၊ သွင်းအားစုများကို လည်းကောင်း၊ မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌက အင်္ကျီ၊ လုံချည်နှင့် စားသောက်စရာများကို လည်းကောင်း ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center ဖုန်းနံပါတ် - (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## တောင်သူအကျိုးပြု လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ရောဝတီတိုင်းဒေသကြီး စက်မှုလယ်ယာမှ ဆောင်ရွက်ပေးလျက်ရှိ

**ပုသိမ် မေ ၂၃**

မြန်မာနိုင်ငံ၏ အဓိကသီးနှံမှာ ဆန်စပါးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးသည် ဆန်စပါးအများအပြား စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တိုင်းဒေသကြီးတစ်ခုတွင်ပါဝင်သည်။ မိုးစပါး စိုက်ဧက ၃၇ ဒသမ ၅ သိန်းကျော်၊ နွေစပါး ၁၃ သိန်းကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသော ကာလတွင် နွေစပါးများ အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်ရေး၊ မိုးစပါးများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူလယ်သမားများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးအောင်မွန်က တိုင်းဒေသကြီးအတွင်း စက်မှုလယ်ယာစခန်း ၁၈ ခုဖွဲ့စည်းထားပြီး ထွန်စက်ကြီး ၁၉၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၅၉ စီး၊ ကောက်စိုက်စက် ၁၁ စီးဖြင့် တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း/တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များသည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် ချိတ်ဆက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း/တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**




ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ထွန်းလင်းက ရွှေဘို-မြစ်ကြီးနားလမ်း (စစ်ကိုင်းတိုင်းဒေသကြီးအပိုင်း) ရွှေဘို (၀/၀)မှ နန့်စီးအောင် (၁၇၄/၁) အထိ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကတ္တရာကွန်ကရစ်လမ်း (AC) ၂ မိုင် ၁ ဖာလုံ၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၂၇ မိုင် ၃ ဖာလုံ၊ ၂၄ ပေ အကျယ် ကတ္တရာလမ်း ၄ မိုင် ၂ ဖာလုံနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်း မိုင် ၁၄၀ ၃ ဖာလုံ ဆောင်ရွက်ထားရှိမှု၊ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခန္တီး-လဟယ်လမ်း ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

### လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှု ပြသ

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်း၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း ၊ ခန္တီး-ဆင်သေ-လဟယ်လမ်း၊ လဟယ်-ဒုံဟီး-နန်းယွန်းလမ်း၊ ထမံသီ-လေရှီး-ပန်ဆပ်-ဆွမ်မ္မရာလမ်း၊ မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်း လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် အိန္ဒိယနိုင်ငံကုမ္ပဏီမှ တာဝန်ရှိသူက အိန္ဒိယ အကူအညီဖြင့် ဆောင်ရွက်သည့် မုံရွာ-ယာကြီး-ကလေးဝ လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို Video Clip ဖြင့် ပြသသည်။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်မျိုးထွေးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ် (World Bank) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝက်လက်မြို့နယ်ရှိ စိုင်နိုင်ကွေ့-မြင်းသည်-ကွန်ဆိပ်လမ်း အရှည် ၂၀ ဒသမ ၄၂၄ ကီလိုမီတာနှင့် ကန့်ဘလူမြို့နယ်ရှိ ကန့်ဘလူ-ထန်းကုန်း-ကာဘိုး လမ်းအရှည် ၁၉ ဒသမ ၇၆၅ ကီလိုမီတာတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊

ကလေးမြို့နယ်အတွင်း ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒိုးဝိုင်းချောင်း-မင်းလှ-ရာဇဂြိုလ်လမ်း အရှည် ၄၁ ဒသမ ၄၃၄ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းနှင့် ၎င်းလမ်းပေါ်ရှိ ဆည်ကြီးတံတား အရှည် မီတာ ၁၅၀၊ နတ်တံခါးတံတားအရှည် မီတာ ၁၃၀၊ နတ်မြောင်းရေကျော်တံတား မီတာ ၂၁၀၊ မှန်လုံးချောင်း တံတား အရှည် ၁၉၉ မီတာ တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ကျေးလက်လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

### တံတားတည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်းတင်ပြ

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇေယျာစိုးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရေဦး-ခင်ဦးလမ်းပေါ်ရှိ မူးမြစ်ကူးတံတား(ရေဦး) တည်ဆောက်နေမှု၊ အင်းတိုင်-ကျွဲတဲ-အင်လှ-လိပ်စင်းတောင် လမ်းပေါ်ရှိ ပြောင်သွယ်ချောင်းတံတားတည်ဆောက်နေမှုနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဆောင်ရွက်လျက်ရှိသည့် တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

မူးမြစ်ကူးတံတား(ရေဦး)သည် ရေဦး-ခင်ဦး လမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်းတံတား အရှည် ၂၁၂၅ ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ ကိုယ်ထည် - သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို 1.2Øm သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် ယာဉ်တစ်စီးသွား ခွင့်ပြုအလေးချိန်မှာ AASHTO HS-25 ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး၏ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်နိုင်ဦးက မူးမြစ်ကူးတံတား (ပင်လယ်ဘူး) တည်ဆောက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရွှေဘို-မြစ်ကြီးနားလမ်းသည် အဓိက အရေးပါသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ လမ်းဘေး ဝဲယာရေမြောင်းများ စနစ်တကျဆောင်ရွက်ရန် လိုပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိန္ဒိယအကူအညီဖြင့် ဆောင်ရွက်နေသည့် မုံရွာ-ယာကြီး-ကလေးဝ လမ်းလုပ်ငန်းများ အခက်အခဲမရှိ အဆင်ပြေစွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း၊ မိုးဦးကျလာပြီဖြစ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခုအချိန်မှစ၍ ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး အထူးအလေးထားဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း လမ်း၊ တံတား၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းကာ မရမ်းကုန်းမြို့နယ်အတွင်း၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးရာ ကျန်းမာရေးစစ်ဆေးခံမည့်သူများကို တွေ့ရစဉ်။ ဓာတ်ပုံ- ဖေဇော်

❍ ရှေ့ဖုံးမှ

ထိုသို့ဆောင်ရွက်မှုအပေါ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ပြည်သူလူထုကြားမှာ ကိုဗစ်နဲ့ ပတ်သက်တဲ့ လက္ခဏာရပ်တွေ ရှိနေတဲ့သူ ရှိခဲ့ရင်လည်း အခုလို စစ်ဆေးလိုက်ခြင်းအားဖြင့် ကုသမှုပေးနိုင်မယ်။ အဲဒီလို ဆောင်ရွက်ပေးခြင်းအားဖြင့် ဖြစ်နိုင်မယ့် ကူးစက်မှုကွင်းဆက်ကို လိုက်နိုင်မယ်။ ကွင်းဆက်ကို ဖြတ်နိုင်မှာဖြစ်တဲ့အတွက် ဒီအစီအစဉ်ကို ပြည်သူလူထုကြားမှာ စနစ်တကျ ဆောင်ရွက်နေတာပါ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာ အများဆုံးမြို့နယ်တွေကို အဓိကထားပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်းများက ပြည်သူများအား ကျန်းမာရေးစစ်တမ်းကောက်ယူမှုပုံစံ စာရွက်များကို ကြိုတင်ဖြန့်ဝေကာ မိသားစုအလိုက် ကျန်းမာရေးဆိုင်ရာ အချက်အလက်ကောက်ယူမှုများ ကြိုတင်ဆောင်ရွက်ကြသည်။

မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် (၁၂) လမ်းနေ ကိုဇော်က "အခုလို လာရောက်စစ်ဆေးပေးတာ အားလုံးအတွက် ကောင်းပါတယ်။ ကိုယ်တိုင်စစ်ဆေးမှုခံယူလိုက်တော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ယုံကြည်မှုတွေရှိလာသလို ခံစားရတယ်။ ပြည်သူတွေကလည်း ကျန်းမာရေးအသိ၊ သတိနဲ့ လိုလိုလားလား လာရောက်စစ်ဆေးမှု ခံယူကြတာကိုတွေ့ရတော့ ကျွန်တော်တို့နိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အင်မတန်ကောင်းတဲ့ ဆောင်ရွက်မှုလို့ မြင်ပါတယ်" ဟု ပြောသည်။

ထိုသို့ မြို့နယ်အဆင့်ဆောင်ရွက်မှုကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာ အများဆုံးတွေ့ရှိထားသည့် အင်းစိန်မြို့နယ်အပါအဝင် တာမွေ၊ လှိုင်သာယာ၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ကျောက်တံတား၊ မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် အတည်ပြုလူနာ ဒုတိယအများဆုံးတွေ့ရှိထားသည့် မြို့နယ်ဖြစ်သည့် မရမ်းကုန်းမြို့နယ်တွင် လူဦးရေတစ်သိန်းကျော်ကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။

အလားတူ စမ်းချောင်း၊ အလုံ၊ ဒဂုံ၊ ကမာရွတ်၊ လှိုင်၊ ဒေါပုံ၊ သာကေတ၊ ဗိုလ်တထောင်၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ သဃ်န်းကျွန်း၊ မြောက်ဥက္ကလာပ၊ လှည်းကူးမြို့နယ်တို့တွင်လည်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနေထိုင်သည့် လမ်းနှင့် ရပ်ကွက်များအတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ **ဇော်ကြီး**

# ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

## ကိုဗစ်-၁၉ ရောဂါသည် ပြီးဆုံးမသွားသေးသည့်အတွက်လည်း အားလုံးပူးပေါင်းပါဝင်၍ ကျရာကဏ္ဍမှ ဆက်လက်ဆောင်ရွက်

ဟားခါး မေ ၂၃



ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ၂၂/၂၀၂၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၁ ရက်က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ကော်မတီအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ရှစ်ခုမှ အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်၊ အလှူရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ကာ ဒေသတွင်း ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စားဝတ်နေရေးတို့ကို ကူညီထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ ပြည်နယ်အတွင်း Community Based Facility Quarantine ဝင်ရောက်နေကြသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အတူ ဆောင်ရွက်ထားရှိနိုင်ပြီး ဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ကျေအောင် ဆောင်ရွက်ပေးကြသော ဌာန၊ အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့်အတူ အုပ်ချုပ်စီမံမှုတွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးသည့် ပြည်နယ်ဆရာဝန်ကြီးနှင့် သက်ဆိုင်ရာ ဆရာ၊ ဆရာမများ၊ ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ပြီးဆုံးမသွားသေးသည့်အတွက်လည်း အားလုံးပူးပေါင်းပါဝင်၍ ကျရာကဏ္ဍမှ ဆက်လက် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ထို့အတူ မိုးတွင်းကာလဖြစ်ပေါ်တတ်သော ရာသီတုပ်ကွေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို ပြည်နယ်အတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးကိုလည်း ဝိုင်းဝန်းဆွေးနွေး အကောင်အထည်ဖော်ပေးကြစေလိုပါကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်က ချင်းပြည်နယ်အတွင်း မြို့နယ်အလိုက် Facility Quarantine ဝင်ရောက်နေသူများနှင့် ပြန်လည်စေလွှတ်သူများအခြေအနေ၊ ကျန်ရှိသော ကန့်သတ်စောင့်ကြည့်သူများအား ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ထပ်မံရောက်ရှိလာနိုင်သည့် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအောက်တွင် ဖွဲ့စည်းထားရှိသည့် လုပ်ငန်းကော်မတီ ရှစ်ခုမှ အတွင်းရေးမှူးများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းအတွေ့အကြုံများအပေါ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်း နိုင်ငံရပ်ခြားမှ ဝင်ရောက်လာကြမည့် နေရပ်ပြန်ပြည်သူများအား စနစ်တကျ စိစစ်လက်ခံနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ Swab ယူ၍ ပေးပို့စစ်ဆေး ဆောင်ရွက်ထားရှိမည့် လုပ်ငန်းများ၊ Facility Quarantine နေရာများအား ကျန်းမာရေးနှင့်အညီ ဆောင်ရွက်ထားရှိနိုင်ရေး၊ ရာသီတုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးစသည့် လုပ်ငန်းကော်မတီအသီးသီး၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ချင်းပြည်နယ်အတွင်း မေ ၂၁ ရက်အထိ Quarantine ဝင်ရောက်ခဲ့သူ ဦးရေပေါင်း ၁၆၃၂ ဦးရှိပြီး ပြန်လည်စေလွှတ်သူ ၁၀၂၅ ဦးရှိကာ ကျန်ရှိသူဦးရေ ၆၀၇ ဦးရှိပြီး ၎င်းတို့အနက် Home Quarantine ထားရှိသူ ၂၃၉ ဦး၊ Facility Quarantine ထားရှိသူ ၃၆၃ ဦးနှင့် ဆေးရုံတွင်ထားရှိသူ ငါးဦးဖြစ်ကြောင်း သိရှိရသည်။

မြင့်နိုင်စိုး (ပြန်/ဆက်)

## စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးနှိုးဆော်ချက်

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလအတွင်း စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီး ၅၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၉ စီး၊ ကောက်စိုက်စက် ခြောက်စီးတို့ဖြင့် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မြေယာများပြုပြင်ပေးခြင်း၊ စက်ဖြင့် စိုက်ပျိုးပေးခြင်းနှင့် နွေစပါးများ ရိတ်သိမ်းခြွေလှေ့ပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး ရိတ်သိမ်းပြီးနွေစပါးများ အခြောက်ခံရန်အတွက် ကော့မှူးမြို့နယ်များတွင် စပါးအခြောက်ခံစက် နှစ်လုံးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလအတွင်း ယနေ့အချိန်ထိ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ် ၁၁ မြို့နယ်တွင် မိုးစပါး ၈၁၁၄ ဧကလျှာ ထွန်ယက်ပေးနိုင်ခဲ့ပြီး၊ နွေစပါး ၉၈၅ ဧက ရိတ်သိမ်းခြွေလှေ့ပေးခဲ့ပြီး ဖြစ်ပါသည်။ ကော့မှူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်ရှိ ဌာနပိုင် Dryer နှစ်လုံးဖြင့် နွေစပါးတင်းပေါင်း ၂၀၀၀ ကျော်အား အခြောက်ခံပေးခဲ့ပြီး ဖြစ်ပါသည်။

ယခုအချိန်ထိ မိုးစပါးထွန်ယက်စိုက်ပျိုးချိန်ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနရှိ စက်ကိရိယာအင်အားဖြင့် ကိုဗစ်-၁၉ ကြောင့် အခက်အခဲဖြစ်ပေါ်နေသော တောင်သူလယ်သမားများအား အချိန်မီ ထွန်ယက်နိုင်ရေး၊ စိုက်ပျိုးနိုင်ရေးအတွက် ဌာနမှသတ်မှတ်ထားသောနှုန်းထားဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

| | |
|---|---|
| တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ ရန်ကုန်မြို့။ | ဖုန်း ၀၁-၆၅၇၁၃၅ |
| တိုင်းဒေသကြီးဦးစီးဌာနမှူး | ဖုန်း ၀၉-၅၃၁၂၅၉၅ |
| ခရိုင်ဦးစီးဌာနမှူး (ရန်ကုန်တောင်ပိုင်းခရိုင်) | ဖုန်း ၀၉-၄၂၅၂၇၅၄၁၆ |
| ခရိုင်ဦးစီးဌာနမှူး (ရန်ကုန်မြောက်ပိုင်းခရိုင်) | ဖုန်း ၀၉-၄၂၀၁၀၅၄၃၄ |

**ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာန**

## ယူနက်စကို အွန်လိုင်းအနုပညာဖန်တီးမှုပြပွဲတွင် မြန်မာ့ပန်းချီကျော် တင်ဝင်း(ဗိသနိုး)၏လက်ရာ ရွေးချယ်ခံရ

ရန်ကုန် မေ ၂၃

ယူနက်စကို (ဘေရွတ်) နှင့် လက်ဘနွန်အခြေစိုက် မီးဒိုးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကြား ပါးစပ်နှာခေါင်းစည်းအနုပညာဖန်တီးမှု – ကိုဗစ်-၁၉ ဆန့်ကျင် ယူနက်စကိုနှင့် မီးဒိုးအနုပညာရှင်များ (Mask-Art Creativity under lockdown-UNESCO & MEADOWs artists against COVID-19) ခေါင်းစဉ်ဖြင့် ကျင်းပသော ယူနက်စကို အွန်လိုင်းအနုပညာဖန်တီးမှုပြပွဲတွင် ထင်ရှားသော မြန်မာ့ပန်းချီဆရာ တင်ဝင်း(ဗိသနိုး)၏ အနုပညာလက်ရာများကို ရွေးချယ်ခဲ့သည်။

နည်းလမ်းပေါင်းစုံဖြင့် ကူးစက်ရောဂါနှင့် ယင်းရောဂါကို လျော့ပါးသက်သာစေရန် ကြိုးစားမှုများကို ဖော်ပြရင်း အဆိုပါပြပွဲကို ကမ္ဘာ့တွေ့ဆုံဆွေးနွေးရေးနှင့် ဖွံ့ဖြိုးရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မေ ၂၉ ရက်တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုတင်



◆ *ရွှေဖုံးမှ*

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကာလဖြစ်နေသဖြင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ကြန့်ကြာနေခဲ့ခြင်းဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် လာရောက်လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ လာရောက်လွှဲပြောင်းပေးအပ်သည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

လာရောက်လွှဲပြောင်းပေးအပ်သူများမှာ ကော့သောင်းဒေသခံများအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဖြစ်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အမျိုးသားအလုပ်သမားများအား ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ သဘာဝဘေးအရေးပေါ်ခိုလှုံရာအဆောက်အဦနှင့် အမျိုးသမီးအလုပ်သမားများအား အေးရိပ်ငြိမ်ရပ်ကွက် ကြက်တောင်အားကစားရုံရှိ အသွားအလာကန့်သတ်နေရာများတွင် ၂၁ ရက် ထားရှိစောင့်ကြည့်ကာ အလုပ်သမားအားလုံး၏ Swab နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေး၍ ရောဂါဖြစ်ပွားမှုကင်းရှင်းပါက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အဖွဲ့အစည်းများထံသို့ ချိတ်ဆက်ကာ Home Quarantine ခုနစ်ရက် ထားရှိစောင့်ကြည့်နိုင်ရေး စနစ်တကျ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ပူးပေါင်းပါဝင်လိုစိတ်၊ စည်းလုံးခြင်းသည် ခွန်အားဆိုတာကို ပြသချင်တဲ့စိတ်တွေကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ် ဗိုင်းရပ်စ်ကာကွယ်ရေးကိုမလျှော့ဘဲ ကမ္ဘာပေါင်းစုံကနေ ကိုဗစ်-၁၉ ကင်းစင်သွားတဲ့အထိ လုပ်ဆောင်နေကြရဦးမှာပါ

ဒေါက်တာအဲရစ်ယန်း

**ပြည်သူများ Mask နှင့် ယဉ်ပါးပြီး အမြဲသုံးသည့် အလေ့အထဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မေ ၁၃ ရက်မှ မေ ၁၅ ရက်အထိ Mask ပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြည်သူ နှစ်သောင်းကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ သုံးရက်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာသို့ တင်လာကြသည့် ပြိုင်ပွဲဝင်နှာခေါင်းစည်းများထဲမှ ပြည်သူအနှစ်သက်ဆုံး(Like အများဆုံး)ဆု ၊ တီထွင်ဖန်တီးမှု အကောင်းဆုံးဆု၊ လူထုအကျိုးပြုဆု (လျှုဒါန်းဝေငှရန်လုပ်သည့် mask များထဲမှ like အများဆုံးဆု)နှင့် ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံးဆုဟူ၍ ဆုအမျိုးအစား လေးမျိုး ရွေးချယ်ချီးမြှင့်သည်။**

ထိုဆုများအနက် ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး)ဆု၊ တီထွင်ဖန်တီးမှု အကောင်းဆုံးဆု ဆုရသူ များစာရင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး) ဆုရရှိခဲ့သူ သုံးဦးနှင့် တီထွင်ဖန်တီးမှု အကောင်းဆုံးဆု ဆုရရှိသူသုံးဦး ပေါ်ထွက်လာခဲ့ပြီး ၎င်းတို့နှင့် ဆက်သွယ်မေးမြန်းခဲ့ သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာအဲရစ်ယန်း (Eric Yang)**
**ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး) ပထမဆု**


ကျွန်တော်ကတော့ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့ကနေ ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လေးစားဂုဏ်ယူရတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေစု ဦးစီးကျင်းပတဲ့ Mask Campaign ဆိုတဲ့ ပို့စ်လေးတက်လာတဲ့အချိန်မှာ ကျွန်တော်ဟာ အဝေးကနေ အမေ့ရဲ့မေတ္တာကိုခံယူနေတဲ့ အမေ့ရဲ့သားတစ်ယောက်ဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်လိုစိတ်၊ စည်းလုံးခြင်းသည် ခွန်အားဆိုတာကို ပြသချင်တဲ့စိတ်တွေကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နေ့တိုင်း ဆေးရုံမှာသုံးတဲ့ Surgical Mask ကို မှီငြမ်းထားပါတယ်။ ကျွန်တော်က အဝတ်အစားတွေ မချုပ်တတ်တဲ့အတွက် စက္ကူကို သုံးခေါက်ခေါက်ကြည့်တယ်။ Surgical Mask က အတွင်းတစ်လွှာ၊ အပြင်တစ်လွှာရှိတဲ့အတွက် အဲဒါကိုမှီငြမ်းပြီး ချည်ထည်အစဖြစ်တဲ့ ကျွန်တော့်မှာရှိတဲ့ အင်္ကျီအနက်ရောင် တစ်ထည်ကိုညှပ်ပြီး အပြင်ကို အပေအကျံခံတဲ့ အနက်ရောင်ကို ထားလိုက်ပါတယ်။ အတွင်းသားကိုတော့ ခေါင်းအုံးစွပ်ကယူပြီး Surgical Mask ကို မှီငြမ်းပြီး သုံးခေါက်ခေါက်လိုက်ပါတယ်။ ဘေးအနားတွေကို ညီအောင်ခေါက်ပြီး ဘေးနှစ်ဖက်မှာ နားကွင်းထည့်ဖို့ ကျွန်တော့်အိမ်မှာ ချုပ်စက်မရှိတဲ့အတွက် ချုပ်စက်ရှိတဲ့ နေရာကိုသွားပြီး နားကွင်းထည့်ဖို့ ချုပ်ပါတယ်။

ပြီးတော့ အိမ်ကိုပြန်လာပြီး ကျွန်တော်ဒီလို ချုပ်တယ် ဆိုတာ ပုံစံနမူနာလေးတွေတင်၊ Live လွှင့်ပြီး



ဒေါက်တာအဲရစ်ယန်း



ကိုမျိုးမင်းစိုး



မဝေဝေ

ပရိသတ်နဲ့အတူတူ ချုပ်ပါတယ်။ နားကွင်းရှုံ့ကြိုး ထည့်တဲ့အချိန်မှာ ရှုံ့နေလို့ ပရိသတ်တွေကပါ ဝိုင်းယာကြိုးတွေ၊ ပလာယာတွေ၊ ကျောက်လှည့်တွေ၊ တူတွေ၊ သံချောင်းတွေနဲ့သွင်းပါ၊ ပင်အပ်နဲ့သွင်းပါဆိုပြီး အကြံပြုခဲ့ကြတာဟာ အမှတ်တရလေးပါ။ စည်းလုံးခြင်းသည် ခွန်အားဆိုတာကို ပြသခဲ့ကြပါတယ်။ အဲဒီအတွက် အောင်မြင်စွာနဲ့ ချုပ်လုပ်နိုင်ခဲ့ပါတယ်။

အခုလို မထင်မှတ်ဘဲ ပထမဆုရရှိခဲ့တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာပါတယ်လို့ ပြောချင်ပါတယ်။ အမေစုကိုလည်း ဂါရဝပြု ကျေးဇူးတင်ပါတယ်။ ဒီဆုက ကျွန်တော့်ကို ချစ်ခင်ကြတဲ့ ပြည်သူပြည်သားတစ်ယောက်ချင်းစီက Like ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ကျွန်တော်ပြောချင်တာကတော့ ကာကွယ်ဆေး မပေါ်သေးသရွေ့၊ ကာကွယ်ဆေးမထိုးရသေးသရွေ့ ကိုဗစ်ကင်းစင် ကမ္ဘာတစ်ခွင်ဆိုတာ လောလောဆယ်တော့ ဖြစ်လာဦးမှာ မဟုတ်တဲ့အတွက် ကျွန်တော်တို့က လိုက်လျောညီထွေအောင်ပြုပြင်ပြီး ကာကွယ်မှုတွေနဲ့ ရင်ဆိုင်ရတော့မှာပါ။ ဗိုင်းရပ်စ်နဲ့ ယှဉ်တွဲနေထိုင်ပြီး လိုက်လျောညီထွေစွာ နေထိုင်ရတော့မှာလို့ ပြောချင်ပါတယ်။

ဗိုင်းရပ်စ်ကာကွယ်ရေးကို မလျှော့ဘဲ ကမ္ဘာပေါင်းစုံကနေ ကိုဗစ်-၁၉ ကင်းစင်သွားတဲ့အထိ လုပ်ဆောင်နေကြရဦးမှာပါ။ အားလုံး သိထားတဲ့အတိုင်း ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုထိရောက်တယ်ဆိုတဲ့ လမ်းစဉ်အတိုင်း ကျွန်တော်တို့ဟာ ဒီရောဂါတိုက်ဖျက်ရေးမှာ မလျှော့ဘဲ ဆက်လက်ကျင့်သုံးနေရဦးမှာပါ။ အဲဒီအတွက် Mask တပ်မယ်၊ လက်ဆေးမယ်၊ လူထူထပ်တဲ့နေရာတွေကို မသွားဘူး။ ပွဲလမ်းသဘင်တွေ မဖန်တီးဘူး။ ကိုဗစ်-၁၉ ဟာ မဆုံးသေးတဲ့တိုက်ပွဲပါ။ တာဝေးအပြေးလိုပဲ ပန်းတိုင်ရောက်ဖို့ ဆက်ပြီးကြိုးစားနေရဦးမှာပါ။ ပြည်သူပြည်သားတွေအားလုံး Fighting ပါ။ မြန်မာပြည်သူပြည်သားတွေအားလုံး ဘေးကင်းကျန်းမာပြီး ကမ္ဘာမြေကြီး အမြန်ဆုံးကျန်းမာပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်။

**ကိုမျိုးမင်းစိုး ( Myo Minn Soe)**
**ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး) ဒုတိယဆု**

ပြိုင်ပွဲဝင်ဖြစ်တဲ့အကြောင်းကတော့ ကျွန်တော်က ဒီဇိုင်နာတစ်ယောက်ဖြစ်တာကြောင့် ကိုယ်တတ်ကျွမ်းတဲ့ ပညာလေးနဲ့ လုပ်နိုင်တာလေးကို လုပ်တဲ့သဘောဖြစ်ပါတယ်။ ကြာချည်နဲ့ ဒီလိုလုပ်လို့ ရပါတယ်ဆိုတာကို ပြသချင်တယ်။ ပြီးတော့ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်တယ်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကာကွယ်ဖို့အတွက် နှာခေါင်းစည်း Mask က အဓိကလိုအပ်တဲ့အတွက် ချုပ်လုပ်ခြင်း ဖြစ်ပါတယ်။

Mask ကို ချုပ်လုပ်ခဲ့တဲ့အချိန်က နာရီဝက်ကျော်လောက်ကြာပါတယ်။ တတ်ကျွမ်းတဲ့ ဆရာဝန်သူငယ်ချင်းတွေကို မေးပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ အချက်အလက်တွေအပေါ်မှာ အခြေခံပြီး အတတ်နိုင်ဆုံး လိုက်နာချုပ်လုပ်ထားပါတယ်။ အဓိကတော့ နှာခေါင်းတွေလုံအောင် သတ္တုပြားလေးတွေ တပ်ထားတယ်။ အမှုန်အမွှားတွေ မဝင်နိုင်အောင် ကော်ဖီစစ်လို ခံထားတယ်။ နောက်ဆုံး အပိတ်မှာတော့ ချည်သားစစ်စစ်နဲ့ လုပ်ထားတဲ့ သဘာဝဆိုးဆေးဆိုးထားတဲ့ ပိတ်စလေးနဲ့ဆိုတော့ အားလုံးပေါင်း သုံးထပ်ဖြစ်သွားတယ်။ ကြာချည်ရယ်၊ အမှုန်အမွှားခံတဲ့ ဇာအပါး

*စာမျက်နှာ ၇ သို့*

# ဆည်ရေစနစ်တကျသုံးစွဲဖို့ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ထူထောင်ကြပါစို့

ကြည်ဝေ( ဆည်မြောင်း)

**ကမ္ဘာတစ်ဝန်းပြောင်းလဲလာသော ရာသီဥတုနှင့်အတူ လူတို့အသုံးပြုနေသော ရေချိုရှားပါးမှုသည်လည်း တစ်စထက်တစ်စ တိုးမြင့်လာလျက်ရှိရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ဆည်မြောင်း တာတမံများအား ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည့် နည်းတူ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေများ အဆင်ပြေချောမွေ့စွာ ရယူသုံးစွဲနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဆည်မြောင်းစနစ်ဆောင်ရွက်ချက်များ တိုးတက်လာစေရန် နည်းလမ်းများချမှတ်ဆောင်ရွက်လျက်ရှိရာ နည်းလမ်းတစ်ခုအနေဖြင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် ( Participatory Irrigation Management–PIM ) အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။**

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဆိုသည်မှာ ဆည်မြောင်းအဆောက်အအုံများ ရေရှည်အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးအတွက် ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ အသုံးပြုနိုင်ရန် ရေအသုံးချသူများအသင်း (WUA) နှင့်ရေအသုံးချသူများအဖွဲ့ (WUG) များမှတစ်ဆင့် သက်ဆိုင်ရာဌာနများနှင့် ဆည်ရေကိုအသုံးပြုသည့် တောင်သူများ အတူတကွပူးပေါင်းပါဝင်သည့် ဆည်ရေစီမံခန့်ခွဲမှုစနစ် ဖြစ်ပါသည်။

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် ကျင့်သုံးရသည့် ရည်ရွယ်ချက်အနေဖြင့် ဆည်မြောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပြုပြင်ထိန်းသိမ်းမှုကုန်ကျစရိတ် ထိရောက်စေရန်နှင့် ရေကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန်အပြင် ဆည်ရေကိုအသုံးပြုသည့် ရေအသုံးချသူများ အသင်း / အဖွဲ့အစည်းများမှတစ်ဆင့် ဌာနနှင့်တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သော ဆည်ရေစီမံခန့်ခွဲမှုစနစ်ကို လွယ်ကူစွာ စတင်အသုံးပြုနိုင်ရန်ဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်တစ်ခုဖြစ်သော ရေသုံးစွဲသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့်စနစ် ဖြစ်ပါသည်။

### ကမ္ဘာ့နိုင်ငံများမှ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်

ယခုအခါ ကမ္ဘာ့နိုင်ငံများစွာတွင် ပူးပေါင်းဆည်မြောင်းစီမံခန့်ခွဲမှုသည် အများလက်ခံနိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုဖြစ်လာပြီး လွန်ခဲ့သော ဆယ်စုနှစ် (၂) ခုကပင် နိုင်ငံများစွာတို့သည် ဆည်မြောင်းရေ စီမံရယူလုပ်ကိုင်ခွင့်ကို အစိုးရမှ လယ်သမားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးလျက်ရှိကြောင်းသိရသည်။

အာရှနိုင်ငံအများစုတွင်လည်း ဆည်မြောင်းအဆောက်အအုံများ ရေအရင်းအမြစ်ထိန်းသိမ်းမှု၊ မြောင်းမကြီးနှင့် အခြားတူးမြောင်းမကြီးများတွင်သာ အစိုးရက ပိုင်ရှင်အဖြစ်အလုံးစုံတာဝန်ယူလေ့ရှိပြီး လယ်သမားအဖွဲ့အစည်းများသည် ရေပေးမြောင်းငယ်များကိုထိန်းသိမ်းရေး၊ ဆည်ရေရယူစီမံသုံးစွဲရေးနှင့် ဆည်ရေစနစ် ဝန်ဆောင်ခကောက်ယူရေးတို့တွင် ကြီးကြပ်သူများအဖြစ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာအနှံ့တွင်လည်း ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် ( Participatory Irrigation Management– PIM ) အား ၁၉၅၀–၁၉၇၀ ခုနှစ်များတွင် အမေရိကန်၊ ပြင်သစ်နှင့် ကိုလံဘီယာတို့တွင် ပျံ့နှံ့ခဲ့ပြီး ၁၉၈၀–၁၉၉၀ ခုနှစ်များတွင် လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများ ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် စသည့် အာဆီယံနိုင်ငံများနှင့် ဂျပန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ် စသည့် နိုင်ငံများတွင်လည်း ပျံ့နှံ့ဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ကြောင်းသိရသည်။

### အကျိုးကျေးဇူးများ

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်တွင် ရေအသုံးချတောင်သူများအနေဖြင့်လည်း ဆည်မြောင်းစနစ်တွင် ပါဝင်ဆောင်ရွက်လာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဆောင်ရွက်သူများဖြစ်လာပြီး ဆည်ရေ၏ အကျိုးကျေးဇူးများကို ပိုမိုခံစားလာနိုင်မည်ဖြစ်ပါသည်။ ရေအသုံးချတောင်သူများသည် ဆည်မြောင်းအဆောက်အအုံများကို ထိန်းသိမ်းမှုများ၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာနိုင်ခြင်းကြောင့် ၎င်းတို့ထိန်းသိမ်းသော အပိုင်းရှိ ရေပေးမြောင်းများ၏ အပျက်အစီးများကို ချက်ချင်းပြုပြင် ထိန်းသိမ်းနိုင်မည်ဖြစ်၍ ကုန်ကျစရိတ်များပိုမိုသက်သာစေပြီး အရည်အသွေးကောင်းမွန်မှုကို ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်စေမည်ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် ရေအလေအလွင့် နည်းပါးစေခြင်း၊ အချိန်တိုအတွင်း ရေလိုအပ်သောနေရာများသို့ ပေးဝေနိုင်ခြင်းတို့အပြင် လယ်ကေများ ပိုမိုရေပေးဝေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

### ကိုယ်တိုင်ပါဝင်စီမံနိုင်မည်

ရေအသုံးချသူများအဖွဲ့ WUG များ ဖွဲ့စည်းထူထောင်ခြင်းဖြင့် မြောင်းတစ်ခုတည်းမှ ရေရယူသော ရေအသုံးချတောင်သူများစုပေါင်း၍ မိမိတို့ စိုက်ပျိုးဧရိယာအတွင်း ရေဖြန့်ဝေမှုစနစ်နှင့် သီးနှံစိုက်ပျိုးမှုပုံစံတို့ကို စုပေါင်း၍ အကောင်းဆုံးအခြေအနေဖြစ်အောင် ကိုယ်တိုင်ပါဝင်စီမံနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ WUG အဖွဲ့များ၏ ရေလိုအပ်မှုပမာဏနှင့် ရေရယူမည့် အချိန်အတိအကျ စသည့်ကိစ္စရပ်များအတွက် ဌာနနှင့် ပူးပေါင်းစီမံနိုင်တော့မည် ဖြစ်ပါသည်။

ထို့ပြင် တွက်ခြေကိုက်၍ အရည်အသွေးပိုမြင့်သော လုပ်ငန်းထိန်းသိမ်းလည်ပတ်မှုများ၊ သင့်လျော်သော သီးနှံအမျိုးအစားရွေးချယ်မှု၊ သီးနှံပုံစံနှင့် စိုက်ပျိုးရေတစ်သမတ်တည်းဖြစ်မှု၊ အဖျက်ပိုးရောဂါများ လျော့နည်းမှုနှင့် ရေစီမံခန့်ခွဲမှုကောင်းမွန်မှုများကြောင့် အထွက်နှုန်းနှင့် ထုတ်ကုန်များ၏ အရည်အသွေးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။



(WUG) ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

### ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် လမ်းညွှန်ချက်

သို့ဖြစ်ရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် လမ်းညွှန်ချက် (PIM Guidelines) နှင့် ရေအ သုံးချသူများအသင်းဖွဲ့စည်းထူထောင်ခြင်း လက်စွဲစာအုပ် အား (၂၀၁၇)ခုနှစ် ဧပြီလမှ စတင်ကာ JICA မှ စေလွှတ်သည့် Sanyu Consultants Inc မှ ပညာရှင်များ နှင့် ဆည်/ရေ ဦးစီးဌာနမှ အင်ဂျင်နီယာများဖြင့် ပြုစုရေးဆွဲခဲ့ရာ ယခုအခါတွင် PIM လမ်းညွှန်ချက် စာအုပ်များကို ထုတ်ဝေနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် PIM Guideline မရေးဆွဲရသေးသည့် ၂၀၀၀ ပြည့်နှစ်ကတည်းက ရေအသုံးချသူများအဖွဲ့ Water User Group (WUG) များကို ဆည်ရေသောက်စနစ်များတွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ရာ ယခုအချိန်ထိ စုစုပေါင်း ၁၂၀၆ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် PIM Guideline စတင်ရေးဆွဲခဲ့ပြီးနောက် အဆိုပါ Guideline နှင့်အညီ Water User Group (WUG) နှင့် Water User Association (WUA) များကို ဖွဲ့စည်းခဲ့ရာ ယခုအချိန်ထိ WUG ၃၈၁ ဖွဲ့၊ WUA ၈ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သဖြင့် ယနေ့အချိန်ထိ စုစုပေါင်း WUG ၁၅၈၇ ဖွဲ့နှင့် WUA ၈ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ယခုအခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ရေအသုံးချသူများအဖွဲ့ WUG များ၊ ရေအသုံးချသူများအသင်း WUA များ ဖွဲ့စည်းထူထောင်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ

နိုင်ငံတကာအထောက်အပံ့ဖြင့် ဆောင်ရွက်သည့်စီမံကိန်းများတွင် PIM Guideline နှင့်အညီ ဆောင်ရွက်ခြင်း၊ ယခုအချိန်ထိ လိုအပ်ချက်များအရ Guideline အရ မဟုတ်သော်လည်း စီမံကိန်းဧရိယာများရှိ ရေသောက်စနစ်များတွင် ဖွဲ့စည်းပြီးဖြစ်သော WUG များကို စနစ်တကျဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ခြင်းနှင့် WUA များအဖြစ် တိုးတက်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ခြင်း၊ နောင်တွင် နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ရေသောက်စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းတွင် WUG / WUA ဖွဲ့စည်းသွားနိုင်ရန် အစီအစဉ်များ၊ ရန်ပုံငွေများထည့်သွင်းဆောင်ရွက်ခြင်း၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် နိုင်ငံတကာအထောက်အပံ့ဖြင့် ဆောင်ရွက်မည့် အစီအစဉ်များတွင်လည်း WUG / WUA ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းများတွင်လည်း အစီအစဉ်များ၊ ရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပြီးဖြစ်သော WUG / WUA များ ရေရှည်တိုးတက်ရှင်သန်နိုင်ရန် ငွေကြေးထောက်ပံ့မှုများ ၊ နည်းပညာဖြန့်ဝေခြင်းဆိုင်ရာ သင်တန်းများပေးခြင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုအပေါ် သက်ရောက်လာသည့် ဆိုးကျိုးများကိုလျှော့ချနိုင်ရန်အတွက် ရေကိုအကျိုးရှိစွာ သုံးစွဲနိုင်ရေးတွင် ရေသုံးစွဲသူများပူးပေါင်းပါဝင်လာမှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်ကို သိသာထင်ရှားစေပြီး ရေရှည်တည်တံ့နိုင်သည့် ပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### တောင်သူများ၏ ဝင်ငွေတိုးပွားလာမည်

WUG/WUA များ ဖွဲ့စည်းပြီးသော စိုက်ပျိုးဧရိယာများတွင် တောင်သူများ၏ မိတ်ဖက်ဌာနများဖြစ်သော စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံပုံစံများ၊ နည်းပညာများနှင့် မျိုးစေ့များထိရောက်စွာ ပါဝင်ကူညီပေးခြင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးကူညီခြင်း၊ အဆင့်မြင့် လယ်ယာမြေပြုပြင်မှုများဆောင်ရွက်ခြင်း၊ နည်းပညာများ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းနှင့် အခြားဌာနဆိုင်ရာများမှလည်း လိုအပ်ချက်များကို ထိရောက်စွာပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ဧရိယာအလိုက် ဈေးကွက်သေချာစေသော အရည်အသွေးမီ သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ စိုက်ပျိုးထွက်ကုန်များအတွက် ဈေးနှုန်းပိုမိုရရှိနိုင်ခြင်းကြောင့် တောင်သူများ၏ ဝင်ငွေတိုးပွားလာမည်လည်း ဖြစ်ပါသည်။

သို့ဖြစ်ရာ ဆည်ရေအသုံးပြု တောင်သူဦးကြီးများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သည့် ဆည်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ရေအသုံးချသူများ အသင်း/အဖွဲ့ (WUG/WUA)များမှတစ်ဆင့် ဌာနနှင့်တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သည့် ဆည်ရေ စီမံခန့်ခွဲမှုစနစ် (Participatory Irrigation Management–PIM) တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိ၏ အကျိုးကျေးဇူးများစွာ တိုးမြှင့်နိုင်မည်ဖြစ်ပါကြောင်း အသိပေး တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။ ။

**“ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်တွင် ရေအသုံးချတောင်သူများအနေဖြင့်လည်း ဆည်မြောင်းစနစ်တွင် ပါဝင်ဆောင်ရွက်လာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဆောင်ရွက်သူများဖြစ်လာပြီး ဆည်ရေ၏ အကျိုးကျေးဇူးများကို ပိုမိုခံစားလာနိုင်မည်ဖြစ်”**

*စာမျက်နှာ ၅ မှ*

လေးရယ်၊ ချည်သားရယ်ဆိုပြီး သုံးထပ်ချုပ်ထားပါတယ်။ ပြီးတော့မှ ငုံ့တာတွေဆိုရင် အမှုန်အမွှားတွေ မစဉ်ထွက်အောင်လို့ နှာခေါင်းနားမှာ ကလစ်လေး သဘောမျိုးနဲ့ အပိတ်လေး ထည့်ထားပါတယ်။

အခုလို ဆုရတဲ့အပေါ်မှာတော့ ပျော်မိတာအမှန်ပါ။ ကိုယ့်ရဲ့ ကြာ Mask လေးကို ပြည်သူတွေက ဒုတိယ အများဆုံးကြိုက်နှစ်သက်လို့ ရွေးချယ်တယ်ဆိုတော့ ကျွန်တော်ပျော်မိပါတယ်။ ဆုရဖို့ ရည်ရွယ်ချက်နဲ့တော့ ဝင်ပြိုင်တာ မဟုတ်ပါဘူး။ ပြည်သူတစ်ယောက်အနေနဲ့ ပါဝင်သင့်တယ်ထင်လို့ ချုပ်လုပ်ပြီး ပါဝင်ခဲ့တာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ဟာ ကျွန်တော်တို့အပါအဝင် တစ်ကမ္ဘာလုံး ကြုံတွေ့ရတဲ့ အခက်အခဲတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အပြင်သွားရင် Mask တပ်ပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာကြပါလို့ ပြောကြားလိုပါတယ်။

**မဝေဝေ ( Wai Wai )**
**ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး) တတိယဆု**

ဝင်ပြိုင်ရတဲ့ ရည်ရွယ်ချက်ကတော့ အမေစုရဲ့ လမ်းညွှန်မှုအောက်မှာ ပြည်သူတစ်ယောက်အနေနဲ့ ပူးပေါင်းပါဝင်ခဲ့တာ ဖြစ်ပါတယ်။ ဒေသထွက်ကုန်တစ်ခု ဖြစ်တဲ့ ချည်ထည်ကို နှစ်ထပ်ချုပ်လုပ်ခဲ့တာပါ။ ရိုးရိုးလေးပဲ လူတိုင်းချုပ်နိုင်အောင် Surgical Mask ပုံစံလေး ချုပ်ခဲ့တာပါ။

အခုလို ဆုရခဲ့တဲ့အတွက်လည်း ပြောမပြတတ်အောင်ဝမ်းသာမိပါတယ်။ ပြည်သူတွေ နှစ်သက်လို့ရတဲ့ ဆုဖြစ်တဲ့အတွက် ပိုပြီးလည်း တန်ဖိုးရှိတယ်လို့ ခံစားရပါတယ်။ friend လည်းသိပ်မရှိသလို follower လည်း ဖွင့်မထားတဲ့အတွက် သာမန်ပြည်သူတစ်ယောက်အနေနဲ့ ဆုကိုမမျှော်မှန်းရဲခဲ့ပါဘူး။ အမေစု ပို့စ်အောက်မှာ like အများဆုံးရသလို အမေစုပေးတဲ့ တတိယဆုကိုပါ ထပ်ရတော့ ဝမ်းသာလို့မဆုံးပါဘူး။

ကိုဗစ်-၁၉ က မမြင်နိုင်တော့ ရောဂါဘယ်နေရာက လာမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုပြီး ထိရောက်တဲ့အတွက် အမေစုက ကြိုတင်ပြင်ဆင်ပြီး ပြည်သူတွေကို ကာကွယ်တဲ့ အလေ့အထဖြစ်အောင် အခုလိုပြိုင်ပွဲ ကျင်းပခဲ့တာပါ။ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ ရှေ့ဆက်ပြီးတော့လည်း Mask တပ်တဲ့ အလေ့အထနဲ့ လက်ဆေးခြင်းအလေ့အထတွေ ဆက်လက်လုပ်ဆောင်သွားကြပါလို့ တိုက်တွန်းချင်ပါတယ်။


အမေစုရဲ့ လမ်းညွှန်မှုတွေနဲ့အတူ ပြည်သူတွေ ယုံယုံကြည်ကြည်ရှေ့ဆက်လှမ်းဖို့နဲ့ Mask ပြိုင်ပွဲမှာ like ပေးကြသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ အမေစုလည်း ကျန်းမာပါစေ၊ နိုင်ငံသူနိုင်ငံသား အားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားအားလုံးလည်း ကိုဗစ်-၁၉ ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

**ကိုမျိုးစန်းဦး(ခေတ္တ-တိုကျို)(Myo Gyi)**
**တီထွင်ဖန်တီးမှုအကောင်းဆုံး-ပထမဆု**

အမေစုက သူ့ရဲ့ ဖေ့စ်ဘွတ်ကနေ Mask ကို သူကိုယ်တိုင်လည်း ချုပ်ပြတယ်။ ဒီလို အမေစု ချုပ်ပြရာကနေ Mask ဆိုတာ ကိုယ်တိုင်ချုပ်လို့ ရပါလား၊ ဒီလို



ကိုမျိုးစန်းဦး(ခေတ္တ-တိုကျို)



ဦးခင်မောင်ဝင်း



မဘိုဘိုခိုင်

အချိန်မှာ ဝယ်ဖို့အတွက် အခက်အခဲအမျိုးမျိုးရှိနေတဲ့သူတွေအတွက် ကိုယ်တိုင်ချုပ်လို့ရပါလားဆိုတဲ့ မက်ဆေ့ချ်ရခဲ့တယ်။ ပထမက ကျွန်တော့်မှာ ချုပ်ချင်တဲ့စိတ် ဖြစ်ပေါ်ပေမယ့် မချုပ်တတ်တဲ့အတွက် ကိုယ်တိုင်တော့ မလုပ်ဖြစ်ခဲ့ဘူး။ အမေစုက Mask ပြိုင်ပွဲလေး ကျင်းပမယ် ဆိုတဲ့ ပို့စ်တင်ပြီး ထပ်နှိုးဆော်လာပါတယ်။ အမျိုးသားတွေလည်း ပါဝင်ကြဖို့ တိုက်တွန်းထားပါတယ်။ ဒါကြောင့် ပါဝင်ဖို့ စိတ်ဆုံးဖြတ်ခဲ့တယ်။ အဲဒီအချိန်မှာတော့ ကျွန်တော်ကိုယ်တိုင် ချုပ်လုပ်ပြီး ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။

Mask သံမဏိလိပ်ပြာကို ဖန်တီးတဲ့စိတ်ကူးကတော့ ရိုးရှင်းပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူပြည်သူအားလုံးကို စေတနာ၊ မေတ္တာတွေနဲ့ ခြုံပေးနေတဲ့ သံမဏိစိတ်ဓာတ်ပိုင်ရှင်တစ်ယောက်ဆိုတာကို ပြည်သူတစ်ယောက်အနေနဲ့ ဂုဏ်ပြုပုံဖော်ဖြစ်ခဲ့တာဖြစ်ပါတယ်။ သံမဏိလိပ်ပြာဟာ အမေစု တစ်ယောက်တည်းလည်း မဟုတ်ပါဘူး။ အမေစုရဲ့ လမ်းညွှန်မှုနဲ့အတူ ရှေ့တန်းမှာ တိုက်ပွဲဝင်နေတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ Volunteer တွေ၊ စေတနာရှင်တွေ၊ ပြည်သူတွေ အားလုံးပါပါတယ်။ ကိုဗစ်-၁၉ ကို အားလုံး အောင်အောင်မြင်မြင်နဲ့ ကျော်လွှားနိုင်ဖို့ ဖြစ်ပါတယ်။

ဒီ Mask ပြိုင်ပွဲကနေ နိုင်ငံသားတစ်ယောက်အနေနဲ့ ရရှိလိုက်တဲ့ အသိတရားကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုနဲ့အတူ ပြည်တွင်းပြည်ပက မြန်မာနိုင်ငံသားတွေဟာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း အင်အားတွေ ပြသနေတာကို တွေ့ရှိ၊ သိရှိလိုက်ရပါတယ်။ ဒ့ါအပြင် ဒီလိုပူးပေါင်းဆောင်ရွက်မှုကနေ ကိုဗစ်-၁၉ ကို အောင်အောင်မြင်မြင် ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ပြည်သူ တစ်ဦးတစ်ယောက်ချင်းစီဟာလည်း ကိုယ့်ကိုယ်ကိုယ်တာဝန်ယူခြင်းဖြင့် Self Responsibility နဲ့ အတ္တာဟိ အတ္တနော နာထောစိတ်ဓာတ်နဲ့ ကိုဗစ်-၁၉ ရောဂါဘေးရန်က အောင်မြင်စွာ ဖြတ်ကျော်ကြပါစို့လို့ ပြောကြားလိုပါတယ်။

**ဦးခင်မောင်ဝင်း(Chan Myae Ko )**
**တီထွင်ဖန်တီးမှုအကောင်းဆုံး- ဒုတိယဆု**

အမေစုက သူ့ရဲ့ ဖေ့စ်ဘွတ်ကနေ Mask တပ်တဲ့ အလေ့အထ ပြည်သူတွေအကြား ပြန့်ပွားဖို့အတွက် Mask ပြိုင်ပွဲလုပ်မယ်ဆိုတော့ ပါဝင်ချင်တယ်။ ပြိုင်ပွဲအနေနဲ့ ပါဝင်ချင်တယ်ဆိုတာမျိုးမဟုတ်ဘဲ ပြည်သူတစ်ယောက်အနေနဲ့ အားတစ်ခု၊ အထောက်အပံ့ တစ်ခုအနေနဲ့ပါဝင်ချင်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပါဝင်ဖြစ်ခဲ့ပါတယ်။

ပြီးတော့ Mask တပ်ဖို့က အရေးကြီးပါတယ်။ ကျွန်တော်တို့ ခန္ဓာကိုယ်မှာ လက်ကလှုပ်ရှားမှုများတယ်။ လက်ကလှုပ်ရှားပြီး မျက်နှာကိုလည်း အထိအတွေ့များတယ်။ အဲဒီတော့ လက်သန့်ဖို့ အရေးကြီးသလို လက်နဲ့မျက်နှာကို ထိတွေ့တဲ့အခါ အကာအကွယ်ဖြစ်စေဖို့ Mask ကလည်း အရေးကြီးပါတယ်။ ချည်နဲ့ပြုလုပ်တဲ့ Mask ပဲဖြစ်ဖြစ်၊ ကျန်းမာရေး Mask ပဲ ဖြစ်ဖြစ် အပြည့်အဝ အကာအကွယ်မပေးနိုင်ပေမယ့် ထိုက်သင့်တဲ့ ကာကွယ်မှုကိုပေးပါတယ်။ ဒါကြောင့် ဒီလိုအရေးကြီးတဲ့ ကာကွယ်မှုတစ်ခုမှာ တစ်ထောင့်တစ်နေရာက ပါဝင်ဖြစ်ခဲ့တာပါ။

ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် ဆုရပါစေဆိုပြီးတော့ မမျှော်မှန်းခဲ့ဘူး။ ပါဝင်ရတာကိုပဲ ကျေနပ်နေပါပြီ။ ဒီလို ပါဝင်မှုကနေ ပဏာမရွေးချယ်ခံရတယ်။ အဲဒီကနေ ဆုရရှိခဲ့တယ်။ ဒီလို ဆုရတော့လည်း ကျွန်တော်တို့ မိသားစုတွေအားလုံး ကြည်နူး ပျော်ရွှင်ရပါတယ်။ ဆုရတဲ့အကြောင်းကိုပဲ ထပ်ခါတလဲလဲ ပြောနေမိကြပါတယ်။ အတူတူ ပါဝင်တဲ့သူတွေလည်း ပြည်သူတစ်ယောက်အနေနဲ့ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တစ်ထောင့်တစ်နေရာကနေ ပါဝင်ကြမယ်ဆိုပြီး ပါဝင်ကြတဲ့သူတွေလို့ ထင်ပါတယ်။ ဒါကြောင့် ပါဝင်တဲ့သူ အားလုံးအတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ကျွန်တော့်အနေနဲ့ ပါဝင်ခဲ့တဲ့ Mask ကို ငြိမ်းချမ်းရေးကို ဦးတည်ပြီး စဉ်းစားခဲ့တာပါ။ ကျွန်တော်တို့ နိုင်ငံမှာ ငြိမ်းချမ်းရေးက အရေးကြီးတဲ့အတွက် ငြိမ်းချမ်းရေးရဲ့ အရောင် အပြာရောင်၊ ငြိမ်းချမ်းရေးသင်္ကေတ ချိုးဖြူငှက်နဲ့ သံလွင်ခက်နဲ့ ဒီဇိုင်းကို ဖန်တီးဖြစ်ခဲ့တာပါ။ ပြီးတော့ ကျွန်တော်တို့ ခန္ဓာကိုယ်ကို မြန်မာနိုင်ငံအဖြစ် သတ်မှတ်တယ်၊ Mask က ကျွန်တော်တို့ ခန္ဓာကိုယ်ကို အကာအကွယ်ပေးတဲ့အတွက် Mask ကို ငြိမ်းချမ်းရေးအဖြစ် သတ်မှတ်တယ်။ ဒီလိုပဲ Mask က ခန္ဓာကိုယ်ကို အကာအကွယ်ပေးသလို ငြိမ်းချမ်းရေးက ကျွန်တော်တို့နိုင်ငံကို အကာအကွယ်ပေးတယ်။ ငြိမ်းချမ်းရေးကနေတစ်ဆင့် ကျွန်တော်တို့နိုင်ငံကို အကာအကွယ်ပေးနိုင်တယ်ဆိုတဲ့ စိတ်ခံစားမှုနဲ့ ဖန်တီးဖြစ်ခဲ့တာပါ။

**မဘိုဘိုခိုင်(Chaw Su)**
**တီထွင်ဖန်တီးမှုအကောင်းဆုံး-တတိယဆု**

အမေစုရဲ့ ဖေ့စ်ဘွတ် စာမျက်နှာကနေ Mask တွေ ချုပ်လုပ်ပြီး ယှဉ်ပြိုင်နိုင်တယ်ပြောတော့ ပါဝင်မယ်ဆိုတဲ့ စိတ်ကူးဖြစ်မိတယ်။ ယှဉ်ပြိုင်တယ်ဆိုတာထက် အားတစ်ခုအနေနဲ့ ပါဝင်ချင်တာ ဖြစ်ပါတယ်။ ဒီလိုပါဝင်တဲ့အတွက်လည်း ကိုယ့်အားကိုယ်ကိုးတဲ့ စိတ်ခွန်အားလည်း ရပါတယ်။ အတူတူ ပြိုင်တဲ့သူတွေအတွက်လည်း ဂုဏ်ယူမိပါတယ်။ ပြိုင်ပွဲလို့ မခံစားဘူး။ ကျွန်မက အင်္ကျီ အထည်ချုပ်တဲ့အလုပ် လုပ်ပါတယ်။ အမေစု ဖေ့စ်ဘွတ် ပို့စ်ကနေ သိသိချင်း ပါဝင်ယှဉ်ပြိုင်မယ့် Mask လေးကို ကျွန်မတန်းပြီး ချုပ်ဖြစ်တယ်။ ဒီလိုချုပ်ဖြစ်တာကို အိမ်ကသူတွေတောင် မသိဘူး။ အမေစု ဖေ့စ်ဘွတ်အကောင့်ကိုလည်း follow လုပ်ထားတယ်။ တင်သမျှလည်း ဖတ်ဖြစ်တယ်။ အဲဒီကနေ ပါဝင်ဖြစ်ခဲ့တာပါ။ ကိုယ်ပြုလုပ်လိုက်တဲ့ Mask လေးကို အများက နှစ်သက်တယ်ဆိုတဲ့ခံစားမှုက အတိုင်းမသိ ကြည်နူးရပါတယ်။ ပါဝင်ဖြစ်ပြီး ဆုရတယ်လို့ အကြောင်းကြားတော့ ဝမ်းသာမိတယ်။ သေချာအောင်လည်း သမ္မတရုံးကို ဖုန်းဆက်ပြီးတော့ မေးမြန်းကြည့်မိတယ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ Mask တွေ တပ်ကြရပါတယ်။ ဒီလို Mask တွေ တပ်ကြရတော့ ကိုယ့်မိသားစု၊ မိတ်ဆွေတွေအတွက်လည်း Mask တွေ Youtube ကနေ ကြည့်ပြီး ချုပ်ပေးဖြစ်တယ်။ မရှိတဲ့သူတွေကို ကုသိုလ်အဖြစ် ချုပ်ပေးပါတယ်။ Mask ဆိုတာ ရောဂါကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးတာမို့ သတိမလျော့ဘဲ တပ်ကြဖို့လည်း လိုအပ်ပါတယ်။ ဒီလိုရောဂါဖြစ်ပွားနေတဲ့ အချိန်မှာ အခုလို ပြိုင်ပွဲကနေတစ်ဆင့် ခွန်အားတွေ ရရှိတယ်လို့ ခံစားရပါတယ်။ အမေစု ကျန်းမာပါစေလို့လည်း ဆုတောင်းပေးပါတယ်။

**တွေ့ဆုံမေးမြန်း- ဟန်နီဝင်း၊ နန္ဒာဝင်း**
**ဓာတ်ပုံစုစည်း - ကေတာ**

# ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၃၇ ဦးအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် စီစဉ်ပို့ဆောင်ပေးလျက်ရှိ

**လားရှိုး မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့ ၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာတွင် မေ ၂၃ ရက်၌ နေရပ်ပြန်ပြည်သူ အမျိုးသား ၁၅၁ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၂၃၇ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၂၃၇ ဦးတို့တွင် ကချင်ပြည်နယ်မှ တစ်ဦး ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၅ ဦး ၊ ပဲခူးတိုင်းဒေသကြီးမှ ၄၆ ဦး ၊ မကွေးတိုင်းဒေသကြီးမှ ၈၀ ၊ မန္တလေးတိုင်းဒေသကြီးမှ ၃၂ ဦး ၊ နေပြည်တော်မှ ငါးဦး၊ ရခိုင်ပြည်နယ်မှ ၂၀ ၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၇ ဦးတို့ ဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးရာတွင် စားသောက်နေထိုင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးစစ်ဆေးခြင်းများ၊ ညအိပ်တည်းခိုရေးကိစ္စရပ်များ ၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လားရှိုးခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန(တွဲဖက်ပြည်နယ်ရုံး)လားရှိုးမှ တာဝန်ရှိသူများ ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ပုဂ္ဂလိက ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ ၊ ပရဟိတအသင်းအဖွဲ့များ ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက လိုအပ်သည်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံအလှူငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းခြင်းကို မေ ၂၂ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်နိုင်ရန်အတွက် အင်းစိန်၊ လှိုင်သာယာ၊ တာမွေ၊ ဗဟန်းမြို့နယ်များရှိ ပြည်သူလူထုအတွင်း ကွင်းဆင်း၍ ကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း၊ ထိုသို့ စစ်ဆေးပေးခဲ့ခြင်းဖြင့် ပြည်တွင်းကူးစက်မှုများ ရပ်တန့်သွားအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အခြား မြို့နယ်များသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုလို လာရောက်လှူဒါန်းကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များမှ အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ လာရောက်လှူဒါန်းရာ အလှူငွေကျပ်သိန်း ၁၉၄ ဒသမ ၃၀၀၀၀၊ ပစ္စည်းတန်ဖိုး ၂၉၄၄ ဒသမ ၇၀၀၀၀ စုစုပေါင်း ငွေသားနှင့် ပစ္စည်းတန်ဖိုး ၃၁၃၉၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံ ရယူပေးကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ထို့အပြင် A.C Pharmaceutical Industrial Company Limited (Thailand) က ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ China Pounding for Poverty Alleviation က အမေရိကန်ဒေါ်လာ ၃၁၄၈ ကို လည်းကောင်း We Love Yangon အဖွဲ့သို့လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပေးခဲ့သည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**



# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် လူထုအခြေပြု ဖျားနာကုဆေးခန်း၌ အစမ်းလေ့ကျင့်ကုသနေမှု ကြည့်ရှုစစ်ဆေး

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်များအသင်း (မကွေး)၊ ရွှေပါရမီ ပညာရေး ဖောင်ဒေးရှင်းအသင်းနှင့် ကရုဏာရှင်များ နာရေးကူညီမှုအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု ဖျားနာကုဆေးခန်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူထုအခြေပြု ဖျားနာကုဆေးခန်းကို မကွေးမြို့ မြို့မဈေးအနီးရှိ ကရုဏာရှင်များ နာရေးကူညီမှုအသင်းရုံးတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး မေ ၂၃ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို့သည် မကွေးမြို့တွင် ဖွင့်လှစ်မည့် လူထုအခြေပြု ဖျားနာကုဆေးခန်း အစမ်းလေ့ကျင့်ကုသနေမှုကို ကြည့်ရှုခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သည့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ဆေးဝါးပစ္စည်းနှင့် ဝတ်စုံများလှူဒါန်းမှုကို လက်ခံရယူပြီး **(ဝဲပုံ)** အဆိုပါလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ သိလိုသည်များ မေးမြန်းဆွေးနွေးကာ အကြံပြုဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

လူထုအခြေပြု ဖျားနာကုဆေးခန်းကို မေ ၂၈ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့များတွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

❑ *ကျောဖုံးမှ*

စိုက်ပျိုးရေးဦးစီးဌာနမှ အခြေခံပြည်သူများအတွက် အိမ်ခြံဥယျာဉ် (Home Garden) အဖြစ် ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ထားသည့် ဟင်းသီးဟင်းရွက် ပျိုးပင်များနှင့် မျိုးစေ့များအား ပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ပေါ်ရှိ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးနှင့် ပြည်နယ်သံဃာ့ဝန်ဆောင် ဆရာတော်ကြီး ခြောက်ပါး သီတင်းသုံးနေထိုင်သည့် ကျောင်းတိုက် ခြောက်တိုက်ရှိ ရဟန်းသံဃာများအတွက် ဆန်အိတ် ၅၀၊ ဆီပိဿာ ၁၅၀၊ အာလူး ငါးအိတ်၊ ကုလားပဲ ငါးအိတ်တို့အား အဆိုပါ ဆရာတော်ကြီးများ သီတင်းသုံးရာ ကျောင်းတိုက်အသီးသီးသို့ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်လီမိတက်၏ မတည်လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ ကျော်နှင့် အများပြည်သူလှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများသို့လည်းကောင်း၊ တိုက်ပွဲရှောင်စခန်းများအားလည်းကောင်း၊ သာသနာရေးဆိုင်ရာကျောင်းများနှင့် ပရဟိတကျောင်းများအားလည်းကောင်း၊ စားနပ်ရိက္ခာထုပ်များ ဆက်လက်လှူဒါန်းသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် မြန်မာနိုင်ငံအတွင်း ပြန်လည် ဝင်ရောက်လာသည့် ပြည်သူများအား စောင့်ကြည့်စင်တာများအတွက် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကိုလည်း နေရာအရောက် အဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိကြောင်း ယင်းကော်မတီမှ သိရသည်။

**စိုးညွန့်ရွှေ (ပြန်/ဆက်)**

# သီပေါ၌ ပင်စင်ထုတ်ယူရာတွင် လူစုလူဝေးမဖြစ်စေရေးနှင့် သက်သောင့်သက်သာရှိစေရန် စီစဉ်ထားရှိ

**သီပေါ မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မတ်လမှစတင်ပြီး ယနေ့အထိ အရှိန်အဟုန်မပျက် မြို့ဝင်/မြို့ထွက်များ၌လည်းကောင်း၊ လူအများနှင့်ဆက်ဆံရသော ဌာနဆိုင်ရာများ၌လည်းကောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

မေလအတွက် အငြိမ်းစားပင်စင်ထုတ်ယူရာ၌လည်း လူစုလူဝေးမဖြစ်စေရေးနှင့် အသက်အရွယ်ကြီးရင့်သူ အဘိုး၊ အဘွားများ သက်သောင့်သက်သာထုတ်ယူနိုင်ရေးအတွက် မေ ၂၁ ရက်မှ စတင်၍ နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ထုတ်ယူနိုင်ကြပြီး ရုံးအဝင်ပေါက်တွင်လက်ဆေးဆပ်ပြာရည်နှင့် လက်ဆေးကန်ထားရှိပေးကာ လက်ဆေး၊ နှာခေါင်းစည်းတပ်ဆင်ပြီးမှ ထုတ်ယူခွင့်ပြုလျက်ရှိကြောင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာအနေအထားနှင့် ရုံးအပြင်ဘက်လေကောင်း၊ လေသန့်ရရှိသော သဘာဝအရိပ်အောက်၌ ထိုင်ခုံများ စီစဉ်ထားရှိကာ တစ်ဦးချင်းစီ ဝင်ရောက်ထုတ်ယူရန်နှင့် ပင်စင်ကတ်ထပ်မည့်စားပွဲကို ရုံးပြင်၌ စနစ်တကျ စီစဉ်ထားရှိပေးကြောင်း သီပေါစီးပွားရေးဘဏ် မန်နေဂျာ ဒေါ်အေးမင်းစန္ဒာထွေးက ပြောသည်။

သီပေါမြို့နယ်တွင် အငြိမ်းစားပင်စင်ဦးရေ ၁၅၁၁ ဦးရှိပြီး အသက်အရွယ်ကြီးရင့်သူ၊ ကျန်းမာရေးချို့တဲ့သူ ပင်စင်စားများအနေဖြင့် မိမိ၏မိသားစုဝင်တစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းနှင့် တာဝန်ရှိသူများ အဝေးထိန်းပစ္စည်းတင်ကိရိယာကို ကြည့်ရှုစဉ်။

# လားရှိုးနည်းပညာတက္ကသိုလ်က ကိုဗစ်-၁၉ အမည်ရှိ အဝေးထိန်းပစ္စည်းတင်ကိရိယာ ပြုလုပ်

**လားရှိုး မေ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် ထရော်လီ ကိုဗစ်-၁၉ အမည်ရှိ အဝေးထိန်းပစ္စည်းတင်ကိရိယာကို လားရှိုးပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်၊ ဆရာမများနှင့် လူနာများအကြား ချိတ်ဆက်အသုံးပြုနိုင်ရန်ရည်ရွယ်၍ လားရှိုးနည်းပညာတက္ကသိုလ်က ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ အဝေးထိန်းပစ္စည်းတင်ကိရိယာနှင့်ပတ်သက်၍ "၃၅ ကီလို တင်ဆောင်ပါက အရှေ့အနောက်သာသွားလာနိုင်ပြီး ၂၅ ကီလိုသာ တင်ဆောင်ထားပါက အရှေ့အနောက်သာမက အကွေ့များကိုပါ ကောင်းစွာ ထိန်းချုပ်မောင်းနှင်နိုင်မှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလမှာ လူနာတွေနဲ့ ချိတ်ဆက်အသုံးပြုနိုင်ဖို့ ကြိုးစားခဲ့ကြတာပါ၊ တစ်ခုရဲ့ကုန်ကျစရိတ်က ငွေကျပ် ငါးသိန်းနဲ့ ခြောက်သိန်းဝန်းကျင်မှာ ရှိပါတယ်။ ကျွန်တော်တို့တွေက ကြိုးကြပ်ပြီး ကျောင်းသား ကျောင်းသူတွေ ပါဝင်တီထွင်ခဲ့ကြတာပါ" ဟု လားရှိုးနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင့်ဆန်းက ပြောသည်။

မေ ၂၂ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းနှင့် တာဝန်ရှိသူများသည် အဆိုပါ ထရော်လီကို ကြည့်ရှုခဲ့ပြီးနောက် တီထွင်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လားရှိုးနည်းပညာတက္ကသိုလ်သို့ ပြည်နယ်အစိုးရအဖွဲ့မှထောက်ပံ့ပေးသော ငွေကျပ်သိန်း ၂၀ ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ဟန်ဌေး (လားရှိုး)**

# မရမ်းကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိလူနာများနှင့် အနီးကပ်ထိတွေ့မှု ရှိ/မရှိ စစ်တမ်းကောက်ယူမှု ဆောင်ရွက်

**ရန်ကုန် မေ ၂၃**

မရမ်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက် မုဒိတာအိမ်ရာဝင်းအတွင်း အဆောင် လေးဆောင်၊ အခန်းပေါင်း ၁၄၈၇ ခန်း၊ လူဦးရေ ၄၀၀၀ ကျော်ခန့် နေထိုင်သောတိုက်ခန်းများတွင် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် မုဒိတာတိုက်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိလူနာများ နှင့် အနီးကပ် ထိတွေ့မှု ရှိ/မရှိ ကျန်းမာရေးစစ်တမ်း ကောက်ယူမှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစစ်တမ်းကောက်ယူစစ်ဆေးမှု အစီအစဉ်အား ပိုမိုလျင်မြန်လွယ်ကူစေရန် ကွင်းဆင်းရှာဖွေရာတွင် အသုံးပြုမည့်အချက် ရစ်ချက်ပါ Checklist ပုံစံ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အဆင့်ဆင့်ဆောင်ရွက်သွားမည့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ စုပေါင်း၍ တစ်ရက်ကြို၍ တစ်အိမ်တက်ဆင်း အသိပေးဖြန့်ဝေထားရှိပြီး မိဘပြည်သူ ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ရောဂါကူးစက်နိုင်သည့် နည်းလမ်းများ ကွင်းဆက်ဖြတ်တောက်နိုင်ရေးအတွက် ကျန်းမာရေးအသိ၊ သတိနှင့် ပူးပေါင်းပါဝင်ကူညီပေးနိုင်ကြပါရန် မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာ့ ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ စစ်ဆေးသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး/ဆယ်အိမ်မှူးများ ပါဝင်သည့် အစုအဖွဲ့အင်အားဖြင့် ရပ်ကွက်များအတွင်း လမ်းအလိုက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးစစ်တမ်းကောက်ယူခြင်းကို ပထမဆုံးအကြိမ် အင်းစိန်မြို့နယ်တွင် မေ ၆ ရက်က လည်းကောင်း၊ မေ ၁၆ ရက်တွင် လှိုင်သာယာမြို့နယ်နှင့် မေ ၁၇ ရက်တွင် တာမွေမြို့နယ်တွင်လည်းကောင်း ကောက်ယူခဲ့ပြီး ယနေ့ မရမ်းကုန်းမြို့နယ်အတွင်း ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**




# မလှိုင်- တောင်သာ - မြင်းခြံ လမ်းပိုင်းထိန်းသိမ်းမှု ပြန်လည်စတင် ဆောင်ရွက်နေ



**မလှိုင် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ယာယီရပ်ဆိုင်းထားသည့် မလှိုင်-တောင်သာ-မြင်းခြံ လမ်းပိုင်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို မေ ၂၂ ရက်က ပြန်လည်စတင်ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ / မရှိကို ယမန်နေ့က သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

ထိုသို့စစ်ဆေးရာတွင် လက်ဆေးကန်ထားရှိမှု၊ လုပ်ငန်းခွင် ဆောင်ရွက်နေသူများ နှာခေါင်းစည်းတပ်ဆင်ခြင်းရှိ/မရှိ၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေ အကွာမှသာ ဆောင်ရွက်ရန် စသည်တို့ကို စစ်ဆေးခဲ့သည် ။

မလှိုင်-တောင်သာ-မြင်းခြံ လမ်းပိုင်းကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဖြစ်သော ကတ္တရာ ၂၄ ပေ လမ်းအကျယ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ယာယီရပ်ဆိုင်းခဲ့ပြီး မေ ၂၂ ရက်မှ ပြန်လည်စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**

◆ *ကျောဖုံးမှ*

အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေလ ၁ ရက်နေ့တွင် ၆၀၊ ၂ ရက်နေ့တွင် ၅၄ ဦး၊ ၃ ရက်နေ့တွင် ၁ ဦး၊ ၄ ရက်နေ့တွင် ၄၄ ဦး၊ ၅ ရက်နေ့တွင် ၂၃ ဦး၊ ၆ ရက်နေ့နှင့် ၇ ရက်နေ့တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်နေ့တွင် ၁၀၀၊ ၉ ရက်နေ့တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်နေ့တွင် ၄၄ ဦး၊ ၁၁ ရက်နေ့တွင် ၁၃ ဦး၊ ၁၂ ရက် နေ့တွင် ၄၁ ဦး၊ ၁၃ ရက်နေ့တွင် ၁၆ ဦး၊ ၁၄ ရက်နေ့တွင် ၃၈ ဦး၊ ၁၅ ရက်နေ့တွင် ၁၂၀၊ ၁၆ ရက်နေ့တွင် ၇၆ ဦး၊ ၁၇ ရက်နေ့တွင် ၉၀၊ ၁၈ ရက်နေ့တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်နေ့တွင် ၆၄ ဦး၊ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၃ရက်နေ့ (ယနေ့) တွင် ၆၀၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၁၃၈၈ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေလ ၁၃ ရက်နေ့မှ ၁၅ ရက် နေ့အထိ ပြန်လည်ဝင်ရောက်သူများနှင့် ၁၇ ရက်နေ့ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသော သူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများ ဖြစ်သဖြင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက လာရောက်လွှဲပြောင်းပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများ အနေဖြင့် ကချင်ပြည်နယ်မှ သုံးဦး၊ ကယားပြည်နယ်မှ တစ်ဦး၊ ကရင်ပြည်နယ်မှ ၃၅ ဦး၊ မွန်ပြည်နယ်မှ ၂၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၁၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၂၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၄၇ ဦး၊ နေပြည်တော်မှ ၂၅ ဦး၊ ရှမ်းပြည်နယ်မှ ၁၄ ဦး၊ တနင်္သာရီမှ သုံးဦး၊ ရခိုင်ပြည်နယ်မှ ခုနစ်ဦး နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၃၅ ဦး စုစုပေါင်း ၆၀၄ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



မြန်မာရွှေ့ပြောင်းလုပ်သားများအား ကျန်းမာရေးစစ်ဆေးစဉ်။

# မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါစမ်းသပ်ရှာဖွေရန် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်း

မန္တလေး မေ ၂၃

**မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ရှာဖွေရန် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းကူညီပံ့ပိုးမှုအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့ Pullman Hotel ၌ ကျင်းပသည်။**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ကျေးဇူးတင် စကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးအခြေစိုက် ကောင်စစ်ဝန်ချုပ် ဦးခင်စိန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပတ်သတ်၍ ရှင်းလင်းပြောကြားပြီး ယူနန်ပြည်နယ်အစိုးရမှ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ရှာဖွေရန် ငွေကျပ် ၃၇၅၂၂၅၀၀၀ တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီး ဦးဇာနည်အောင်က လက်ခံရယူသည်။ **(အောက်ပုံ)**

**ခင်ခင်ဝင်း(ပညာရေး)**





# ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ ယာယီပျံကျဈေးသို့ နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ကျောင်းကုန်း မေ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရေးအတွက် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်မြင့်၊ လူမှုရေး ဝန်ကြီး ဒေါက်တာ လှမြတ်သွေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးတင်အောင်ဝင်းတို့နှင့်အတူ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ယာယီပျံကျဈေးသို့ ယနေ့ နံနက် ၈ နာရီက ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်း အခု ၁၀၀၀ ဖြန့်ဝေပေးခဲ့ပြီး**(အပေါ်ပုံ)** လုံခြုံရေး ဆောင်ရွက်နေသော ဂိတ်ဝန်ထမ်းများအား နှာခေါင်းစည်း၊ လက်အိတ်၊ လက်သန့်ဆေးရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရေးအတွက် အပြင်ထွက်လျှင် နှာခေါင်းစည်း တပ်ဆင်ကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိရာ မတပ်ဆင်သူများအား "ယခုဝယ် ယခုတပ်" စနစ်ဖြင့် နှာခေါင်းစည်း သုံးခုလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် နေ့စဉ်စစ်ဆေး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့အတွင်းရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ ထွယ်ဆန်နှင့် ဖန်ခါးကုန်း IDP စခန်းနှစ်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၂၆၈ ဘူး၊ ဆပ်ပြာ ၇၁၈ ခဲ၊ ထုံးအိတ် ၂၀၊ အပူချိန်တိုင်းကိရိယာတစ်ခု၊ လက်ဆေးစင်သုံးခု၊ အဝတ် Mask ၁၄၃၆ ခု၊ Hand Speaker နှစ်ခုနှင့် ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား ထောက်ပံ့ပေးခဲ့ပြီး ယနေ့တွင် မံစီမြို့နယ်ရှိ နှစ်ခြင်းနှင့် ကက်သလစ် IDP စခန်း နှစ်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၀၃၈ ဘူး၊ ထုံးအိတ် ၂၀၊ ဆပ်ပြာ ၂၃၀၃ ခဲ၊ လက်ဆေးစင်ကိုးခု၊ အဝတ် Mask ၄၆၀၆ ခု၊ အပူချိန်တိုင်းကိရိယာလေးခု၊ Hand Speaker နှစ်ခု၊ ဗီနိုင်းနှစ်ချပ်၊ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့ကို ထောက်ပံ့ခဲ့သည်။

အလားတူ မေ ၂၂ ရက်တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၃)ရပ်ကွက် ကာသိုလိပ်ဘုရားကျောင်း၊ ကာလိုင်(၁)၊ ကာလိုင်(၂) IDP စခန်း သုံးခုသို့ သွားရောက်၍ အဝတ် Mask ၃၄၇၈ ခု၊ လက်သန့်ဆေးရည် (Hand gel) ၅၇၈ ဘူး၊ ဗီနိုင်းခြောက်ချပ်တို့ကို ထောက်ပံ့ခဲ့သည်။

ထို့အတူ မေ ၂၁ ရက်တွင် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ကျီးခေါင်းတောင်ကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ ကုန်းဘောင်ကျေးရွာ၊ ရေရှင်ကျေးရွာ၊ မြို့မကုသိနာရုံ ဘုန်းတော်ကြီးကျောင်း၊ ရက်ချောင်း၊ ကျေးရွာ၊ ပြားသုန်း၊ မြို့နယ်ခန်းမ၊ မဟာဝိဟာရ ဘုန်းတော်ကြီးကျောင်း၊ ဝိဇိတာရာမဘုန်းတော်ကြီးကျောင်း၊ မြို့ဦးဆုတောင်းပြည့်ဓမ္မာရုံ၊ ပြည်ခြားကျေးရွာ၊ အ.မ.ကကျောင်း၊ ငန်းတောင်ကျေးရွာ၊ ပေါက်တူးတောင်၊ စက်ခွေကျေးရွာ၊ သပြေတောကျေးရွာ၊ သရက်တောင်ကျေးရွာနှင့် မြေပုံမြို့နယ်ရှိ ရွှေဖောင်တော ဘုန်းတော်ကြီးကျောင်း၊ ရွာသစ်ကေဘုန်းတော်ကြီးကျောင်း၊ နရမ်းရွာကြီး ဓမ္မာရုံ၊ နရမ်းအုပ်စု ဘုန်းတော်ကြီးကျောင်း၊ ပုညရာမဘုန်းတော်ကြီးကျောင်း၊ သေကန်ဘုန်းတော်ကြီးကျောင်း၊ အမ်းသားဘုန်းတော်ကြီးကျောင်း၊ သူဌေးကုန်း ဘုန်းတော်ကြီးကျောင်း၊ ပုလဲပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ အိုင်ဝန်းကျေးရွာ၊ ဓမ္မရတနာကျောင်း၊ ဇေယျာသုခကျောင်းတိုက်၊ ကေသလာချောင်းဝကျေးရွာ၊ ဓညဝတီကျောင်းတိုက်၊ မြရတနာကျောင်းတိုက်၊ စပါးထားကျေးရွာ၊ ဗုဒ္ဓကျေးဇူးကျောင်းတိုက်၊ အလက(ခွဲ)စာသင်ကျောင်း၊ ဇီးပင်ကြီး ဘုန်းတော်ကြီးကျောင်း၊ ကျွဲကြိုကျေးရွာ၊ ငှက်ရဲကောက်ကျေးရွာ ယာယီတိုက်ပွဲရှောင်စခန်း စုစုပေါင်း ၃၉ ခုတို့တွင် ဆပ်ပြာ ၂၀၁၅ တောင့်၊ ထုံးအိတ် ၃၁၀ နှင့် လက်ဆေးဘေစင် ၃၈ ခု ထောက်ပံ့ပေးခဲ့ပြီး မေ ၂၂ ရက်တွင် ဘူးသီးတောင်မြို့နယ်ရှိ ရွှေသီး၊ ငဖရုံ၊ ဝါးနက်ရုံ၊ ဒုံးသိမ်ဓမ္မာရုံ စုစုပေါင်း တိုက်ပွဲရှောင်စခန်းလေးခုတို့တွင် Surgical Mask ၄၀၃၀၊ အပူချိန်တိုင်းကိရိယာ လေးခု၊ လက်သန့်ဆေးရည် ၁၃၉ ဘူး၊ Hand Speaker လေးခု၊ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick လေးခု၊ ဗီနိုင်း လေးချပ်၊ လက်ဆေးဘေစင်ငါးခု၊ ထုံးအိတ် ၁၈ အိတ်တို့ကို ထောက်ပံ့ခဲ့သည်။



IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှု လုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရေမြေတွင် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး မြစ်ကူးတံတားသုံးစင်း တည်ဆောက်နေ

**မော်လမြိုင်ကျွန်း မေ ၂၃**

ရေဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော မြစ်ကူးတံတားများဖြစ်သည့် မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတားနှင့် ကျွန်းပြဿဒ်မြစ်ကူးတံတား၊ ဝါးခယ်မမြို့နယ် ကျွန်းကုန်းမြစ်ကူးတံတားများကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) ညောင်ဦးက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ယင်းပြည်သူ့အကျိုးပြု မြစ်ကူးတံတားများမှာ စော်ကဲမြစ်ကူးတံတားအရှည် ပေ ၂၄၆၀၊ ကျွန်းပြဿဒ် မြစ်ကူးတံတား အရှည် ပေ၂၃၆၀နှင့် ဝါးခယ်မမြို့နယ် ကျွန်းကုန်းမြစ်ကူးတံတား အရှည် ၇၈၇ ပေ ၅ လက်မတို့ဖြစ်သည်။

အဆိုပါ မြစ်ကူးတံတား သုံးစင်းကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၂၁ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယခင်မအူပင်ရေနံမြေမှ ပုသိမ်မြို့သို့ မော်တော်ကားဖြင့် သွားလျှင် ခုနစ်နာရီကြာ သွားရသော်လည်း ၎င်းမြစ်ကူးတံတားသုံးစင်း တည်ဆောက်ပြီးစီးသွားပါက သုံးနာရီဖြင့် ပုသိမ်မြို့အရောက် သွားလာနိုင်တော့မည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# မြိတ်၊ တာချီလိတ်နှင့် မူဆယ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် ညနေ ၅နာရီတွင် မြိတ်မြို့နယ် ကလွင် ကျေးရွာအုပ်စု ကလွင်ကျေးရွာ ပုလဲဒီပါရပ်ကွက်တွင် ကျော်ကိုလတ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၁ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၄နာရီ ၄၅မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် တောင်ဇလပ်လမ်းပေါ်တွင် အားဖာ(ခ)အားခေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း။

ထို့အတူ မေ ၂၁ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာရှိ စိုင်းနက်၏ ဂိုဒေါင်ကို ရှာဖွေရာ ၎င်းကို မတွေ့ရှိဘဲ ဂိုဒေါင်အတွင်းမှ Methylamine အရည် ၁၁၂၀ လီတာ၊ Ethanol အရည် ၁၂၈၀၀ လီတာ၊ Benzyl Cyanide အရည် ၆၈၈၀ လီတာ၊ Sodium Ethoxide ၃၀၀၀ ကီလို၊ Dibenzoyl-L-Tartaric Acid ၁၁၂၅ ကီလို၊ အမည်းရောင်အခဲ ၁၂၅၀ ကီလို၊ အဖြူရောင်အမှုန့် ၁၀၉၀၀ ကီလိုနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ရဲပြန်ကြား

# လက်ပံတန်းမြို့နယ်၌ ရထားတိုက်မိ၍ အမျိုးသား နှစ်ဦး သေဆုံး

**နေပြည်တော် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရှမ်းစုကျေးရွာအနီး မိုင်တိုင်(၈၁/၁၈-၁၉)နှင့် မိုင်တိုင်(၈၁/၂၃-၂၄)ကြား၌ မေ ၂၂ ရက် နံနက် ၆ နာရီ မိနစ် ၄၀ က အမျိုးသားနှစ်ဦး ရထားတိုက်ခံရပြီး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက်တွင် အမျိုးသား နှစ်ဦး ရထားတိုက်ခံရကြောင်း သတင်းအရ ရထားရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မိုင်တိုင် (၈၁/၁၈-၁၉) ၌ လက်ပံတန်းမြို့နယ် ရှမ်းစုကျေးရွာနေ ကျော်မင်းထိုက်(၃၇ နှစ်)ကို ဒဏ်ရာများဖြင့်လည်းကောင်း၊ မိုင်တိုင်(၈၁/၂၃-၂၄)ကြား၌ တစ်ရွာတည်းနေ ကိုကိုနိုင်(၄၁ နှစ်) ဒဏ်ရာများဖြင့်လည်းကောင်း အခင်းဖြစ်နေရာများ၌ သေဆုံးနေသည်ကို တွေ့ရှိ၍ စုံစမ်းရာ ၎င်းတို့နှစ်ဦးသည် ဖားရိုက်ရန် ထွက်ခွာသွားစဉ် စစ်ကွင်းဘူတာမှ လက်ပံတန်းဘူတာဘက်သို့ ထွက်ခွာလာသည့် ပြည်-ရန်ကုန် အစုန်ရထားအမှတ် BD-331 တိုက်မိပြီး သေဆုံးသွားခြင်း ဖြစ်ကြောင်းနှင့် လက်ပံတန်းမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# ကွမ်းခြံကုန်းမြို့နယ်၌ စက်လှေတိမ်းမှောက်၍ အမျိုးသားသုံးဦး ပျောက်ဆုံး

**နေပြည်တော် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာ၏ အရှေ့တောင်ဘက် (၄)မိုင်ခန့်အကွာ ပင်လယ်ပြင်၌ မေ ၂၂ ရက် နံနက် ၄ နာရီက ငါးဖမ်းစက်လှေတိမ်းမှောက်ပြီး အမျိုးသားသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် (၂၈)ရပ်ကွက်နေ မျိုးအောင်(၃၇ နှစ်) မောင်းနှင်ပြီး ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာနေ ရေလုပ်သား အောင်သူ(၃၅ နှစ်)ပါ ၁၅ ဦး လိုက်ပါလာသော "ချယ်ရီ" ငါးဖမ်းစက်လှေသည် မုတ္တမပင်လယ်ဘက်မှ ရန်ကုန်မြစ်အတွင်းသို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် ရေလှိုင်းရိုက်ခတ်မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ကြောင်း၊ အနီးရှိ ငါးဖမ်းစက်လှေများက မျိုးအောင်ပါ ၁၂ ဦးတို့ကို ကယ်ဆယ်ရရှိခဲ့ပြီး အောင်သူပါ သုံးဦးတို့မှာ ရေနစ်ပျောက်ဆုံးသွားသဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ရေယာဉ်မောင်းနှင်သူ မျိုးအောင်ကို အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

ရဲပြန်ကြား

# ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာတွင် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်နှစ်လုံးမီးလောင်

**ရွှေဘို မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာတွင် မေ ၂၃ ရက် နံနက်ပိုင်းက မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်နှစ်လုံးမီးလောင်မှု ဖြစ်ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် နံနက် ၈ နာရီ ၃၅ မိနစ်ခန့်က ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာ၌မီးလောင်နေကြောင်းသတင်းအရရွှေဘိုမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆာမူအဲလ် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရဲတပ်ဖွဲ့ဝင် သုံးဦး၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေး (Rescue) ရွှေဘိုခရိုင်မှအဖွဲ့ဝင် ၁၅ ဦးနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရခြင်းမှာ အိမ်ရှင် စိုးမြင့်၏ နှစ်ထပ်နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်သို့ မီးကူးစက်ကာ မီးလောင်မှုဖြစ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် စိုးမြင့် ( ၃၇နှစ်) ၏ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း နှစ်ထပ် လူနေအိမ်တစ်လုံး၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်တစ်ထပ် လူနေအိမ်တစ်လုံး၊ ရက်ကန်းစင်နှစ်စင်၊ မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆသူ စိုးမြင့် ကို ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

❊ *ကျောဖုံးမှ*

အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ကာဗာနီကို အက်သလက်တီကို မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေပြီး ပရီမီယာလိဂ်အသင်းများကလည်း ၎င်းကို ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

ထို့အပြင် အင်တာမီလန် တိုက်စစ်ကစားသမား လော်တာရို မာတီနက်ဇ်ကလည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သိရသည်။ ပြီးခဲ့သည့်လအတွင်း ဘာစီလိုနာအသင်းသည် မာတီနက်ဇ်ကို ခေါ်ယူရန် ကစားသမား နှစ်ဦးနှင့် အလဲအထပ်ပြုလုပ်ရန် အင်တာမီလန်အသင်းကို ကမ်းလှမ်းခဲ့သကဲ့သို့ ငွေသားအလိုက်ပေးကမ်းလှမ်းမှုလည်း ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် အင်တာမီလန်အသင်းသည် အရည်အသွေးမြင့် တိုက်စစ်ကစားသမားတစ်ဦး အလိုရှိနေခြင်းဖြစ်ပြီး ထိုပြဿနာကို ကာဗာနီက ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

**အောင်ဇော်**

# ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၇) အဝေးကွင်းတွင် ဒေါ့မွန်တို့ ဝုဖ်ဘာတ်ကိုအနိုင်ယူ

၂၀၁၉-၂၀၂၀ ခုနှစ် ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၇)မှ မေ ၂၃ ရက် **(စနေနေ့)** ည ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်ဘာတ်နှင့် ဒေါ့မွန်ပွဲစဉ်တွင် အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ဒေါ့မွန်အသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဝုဖ်ဘာတ်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဒေါ့မွန်အသင်းမှာ ၃-၄-၂-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ဝုဖ်ဘာတ်သည် လာမည့်ရာသီ ယူရိုပါလိဂ် ဝင်ခွင့်ရရေး ရုန်းကန်နေရာ ဘွန်ဒက်စ်လီဂါ ခုနစ်ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ ဒေါ့မွန်အသင်းမှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ပြင်သစ်ကလပ် ပီအက်စ်ဂျီကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရကာ ပြည်တွင်းအမှတ်ပေးပြိုင်ပွဲကိုသာ ချန်ပီယံဖြစ်ရန် အာရုံစိုက်လာခဲ့သည်။

ယနေ့ပွဲတွင် ပထမပိုင်း ပွဲချိန် ၃၂မိနစ်၌ ဝုဖ်ဘာတ်ပယ်နယ်တီဧရိယာအတွင်းတွင် ကွင်းလယ်ကစားသမား သော်ဂန်ဟာဇတ်၏ ဖန်တီးပေးမှုကို တိုက်စစ်မှူး ဟာလန်း ပိတ်သွင်းယူရာမှ ခြေချော်ခဲ့ပြီး အသင့်ပါလာသော ဂူအာရိုင်ရိုက ဒေါ့မွန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဒေါ့မွန်အတွက် ဒုတိယမြောက်ဂိုးကို ဒုတိယပိုင်း ၇၈ မိနစ်တွင် ဆန်ချို၏ ဖန်တီးမှုမှတစ်ဆင့် တောင်ပံကစားသမား ဟက်ကီမီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ဒေါ့မွန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ခြောက်ကြိမ် ဂိုးကန်သွင်းခွင့်ရကာ နှစ်ကြိမ်ဂိုးပေါက်ငြိမ်းခြောက်နိုင်ခဲ့ပြီး ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ အိမ်ရှင် ဝုဖ်ဘာတ်အသင်းသည် တန်ပြန်တိုက်စစ်များဖြင့် ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ် ရရှိခဲ့ပြီး




တစ်ကြိမ်သာ ဂိုးပေါက်ငြိမ်းခြောက်နိုင်ခဲ့သည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၇) စနေနေ့ည အခြားပွဲစဉ် ဂိုးရလဒ်များအဖြစ် လေဗာကူဆင်က မိုချန်ဂလာဘတ်ကို သုံးဂိုး-တစ်ဂိုး၊ ဝါဒါဘရီမင်က ဖရိုင်းဘတ်ကို တစ်ဂိုး-ဂိုးမရှိနှင့် ပါဒါဘွန်းနှင့် ဟော့ဖန်ဟိမ်းပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ်(၂၇)မှ အစောဆုံးပွဲစဉ်အဖြစ် သောကြာနေ့ ညတွင် ယှဉ်ပြိုင်ခဲ့သည့် ဟာသာဘာလင်နှင့် ယူနီယံဘာလင်ပွဲတွင် လေးဂိုး-ဂိုးမရှိဖြင့် အိမ်ရှင် ဟာသာဘာလင်အသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၆၀၊ သွင်းကုန် ၁၈၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၂ သန်းတန်ဖိုးရှိ Cheer Beer များကို ဖမ်းဆီးရမိကြောင်း သိရသည်။

သတင်းစဉ်

# ရပ်စောက်မြို့နယ်၌ သစ်၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်နှစ်စီးနှင့် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ကျိုင်းခမ်းသစ်တောကြိုးဝိုင်းအနီး တောအတွင်း၌ တရားမဝင်သစ်ထုတ်လုပ်နေကြောင်း သတင်းအရ မေ ၂၁ ရက်တွင် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူး စိုးဝဏ္ဏအောင် ဦးစီးသည့်ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ရင်ဂို(၄၁ နှစ်)ပါ ခုနစ်ဦးတို့ကို အင်ဂျင်တစ်လုံး၊ လွှဝိုင်းနှစ်ချပ်၊ ပူလီနှင့် ရှပ်တန်းတွဲလျက် တစ်ခု၊ ဒိုင်နမို တစ်လုံး၊ အင်သစ်ခွဲသား ဆိုက်စုံ ၅၇ တန်ခန့်၊ အင်သစ်လုံး ၁၁ လုံး၊ ယာဉ် နှစ်စီး၊ 18TM-4902 နံပါတ်ပါ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ယင်းကျည် ခြောက်တောင့်တို့နှင့်အတူ တွေ့ရှိခဲ့ပြီး ကျော်မင်းပါ ကိုးဦးတို့မှာ ထွက်ပြေးသွားသဖြင့် ရင်ဂိုပါ ၁၆ ဦးတို့ကို အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# နစ်ဆန်းကုမ္ပဏီမှ အလုပ်နေရာပေါင်း ၂၀၀၀၀ ကျော် လျှော့ချရန်ရည်ရွယ်ထား

**တိုကျို မေ ၂၃**

နစ်ဆန်း ကုမ္ပဏီသည် အလုပ်နေရာပေါင်း ၂၀၀၀၀ ကျော်ကို လျှော့ချရန် ရည်ရွယ်ထားပြီး ယင်းပမာဏသည် နစ်ဆန်းကုမ္ပဏီ၏ တစ်ကမ္ဘာလုံးအနှံ့လုပ်သားအင်အား ၁၅ ရာခိုင်နှုန်းပင်ဖြစ်သည်။

ကိုဗစ် -၁၉ ကြောင့် ကားအရောင်းများ ကျဆင်းနေသည့်အချိန်တွင် ကုမ္ပဏီပြန်လည်တည်ဆောက်ရေးအစီအစဉ်အဖြစ် လုပ်သားအင်အားလျှော့ချရန် စီစဉ်ရခြင်းဖြစ်သည်ဟု ကုမ္ပဏီနှင့် ရင်းနှီးသည့် သတင်းအရင်းအမြစ်က မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ တတိယအင်အားအကြီးဆုံး မော်တော်ကားကုမ္ပဏီကြီးသည် ဥရောပရှိ လုပ်သားအင်အားကို လျှော့ချရန် စဉ်းစားနေသည်။

ဆိုးဆိုးရွားရွားကျဆင်းနေသည့် စီးပွားရေးလုပ်ငန်းကို ပြန်လည်တည့်မတ်နိုင်ရေး နည်းလမ်းများ စဉ်းစားနေခြင်းဖြစ်သည်ဟု အဆိုပါသတင်းအရင်းအမြစ်က ပြောသည်။

ယခုတစ်ကြိမ် လုပ်သားအင်အားလျှော့ချခြင်းသည် ၁၉၉၉ ခုနှစ်နောက်ပိုင်း အဆိုးဆုံးပင်ဖြစ်သည်။ နစ်ဆန်းကုမ္ပဏီတွင် ကာလရှည်ဦးစီးခဲ့သူ ကားလို့စ်ဂွန်းသည် ၂၀၁၈ ခုနှစ်တွင် ဘဏ္ဍာရေးအလွဲသုံးမှုဖြင့် အဖမ်းခံခဲ့ရသည်။

ကိုဗစ် -၁၉ ကပ်ရောဂါ ကမ္ဘာအနှံ့ပျံ့နှံ့သွားခြင်းကြောင့် နစ်ဆန်းကုမ္ပဏီ၏ ပြည်ပနှင့် ပြည်တွင်းထုတ်လုပ်မှုများ ရပ်ဆိုင်းခဲ့ရသည်။ မြောက်အမေရိကနှင့် ဥရောပတို့ရှိအရောင်းဈေးကွက်တွင် ဖိအားများ ပေါ်ပေါက်ခဲ့သည်။

အမေရိကန် ပြည်ထောင်စုရှိ နစ်ဆန်းကားအရောင်းမှာ ဇန်နဝါရီနှင့် မတ်လအတွင်း ၂၉ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ကုမ္ပဏီမှထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

ဥရောပတွင်လည်း နစ်ဆန်းကားအရောင်းမှာ ဇန်နဝါရီမှ ဧပြီလအထိ လေးလတာကာလအတွင်း ၃၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ကျိုဒိုနယူးစ်



နစ်ဆန်းကား စက်ရုံကို တွေ့ရစဉ်။

# ပြင်သစ်နိုင်ငံတွင် ဒုတိယအကျော့ မြို့တော်ဝန် ရွေးကောက်ပွဲ ဇွန်လအတွင်း ကျင်းပမည်

**ပါရီ မေ ၂၃**

ပြင်သစ်နိုင်ငံတွင် နှောင့်နှေးကြန့်ကြာခဲ့ရသည့် မြို့တော်ဝန်ရွေးကောက်ပွဲ ဒုတိယအကျော့မဲပေးခြင်းကို ဇွန် ၂၈ ရက်တွင် ဆောင်ရွက်သွားမည်ဟု ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝက်ဖိလစ်ပီက မေ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

သို့သော် ကိုဗစ် -၁၉ ကပ်ရောဂါအခြေအနေမှာ ဆိုးရွားလာလျှင် အခြေအနေများ ပြောင်းပြန်ဖြစ်သွားနိုင်သည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မေ ၂၇ ရက်တွင် မဲဆန္ဒရှင်များအား မဲလာရောက်ပေးကြရန် လှုံ့ဆော်မှုများ ပြုလုပ်သွားမည်ဟု ပြည်ထဲရေးဝန်ကြီး ခရစ္စတိုဖီကက်စ်တနာနှင့်အတူ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် မြို့နယ်၊ ကျေးရွာနှင့် မြို့ပေါင်း ၃၅၀၀၀ တွင် မတ် ၁၅ ရက်က ပြုလုပ်ခဲ့သည့် ပထမအကျော့ ရွေးကောက်ပွဲ၌ ၃၀၀၀၀ အတွက် မြို့တော်ဝန်များကို ရွေးချယ်ခဲ့ပြီးဖြစ်သည်။


ပါရီမြို့ မုန့်ဆိုင်ရှေ့တွင် စောင့်ဆိုင်းဝယ်ယူနေကြသူများကို မေ ၂၂ ရက်က တွေ့ရစဉ်။

သို့သော် ပါရီမြို့နှင့် မာဆဲလ်မြို့အပါအဝင် မြို့ကြီးများအတွက် မြို့တော်ဝန်ရွေးချယ်ပေးရန် ကျန်ရှိနေသေးသည်။

ဒုတိယအကျော့မဲပေးခြင်းကို မတ် ၂၂ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါအခြေအနေ ပိုမိုဆိုးရွားလာမှုနှင့် နိုင်ငံတစ်ဝန်းအသွားအလာပိတ်ဆို့ ကန့်သတ်မှုများ ပြုလုပ်ရခြင်းကြောင့်ပြင်သစ်အစိုးရသည် ဒုတိယအကျော့မဲပေးပွဲကို ရွှေ့ဆိုင်းခဲ့ရသည်။

အကယ်၍ ကိုဗစ် -၁၉ ကပ်ရောဂါအခြေအနေပြန်လည်ဆိုးရွားလာပါက နောက်နှစ် ဇန်နဝါရီလမတိုင်မီအချိန်ထိ ရွှေ့ဆိုင်းသွားဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မေ ၁၁ ရက်မှစတင်ကာ ပြင်သစ်နိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် ပိတ်ဆို့ကန့်သတ်ထားမှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးခဲ့ပြီး ဆိုးရွားစွာထိခိုက်နေသည့် နိုင်ငံ၏စီးပွားရေး ပြန်လည်စတင်နိုင်ရေး စီးပွားရေးလုပ်ငန်းအချို့နှင့်ပြည်သူများ၏ သွားလာနေထိုင်မှုအပေါ် ကန့်သတ်မှုများ ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူတစ်ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် မေ ၂၃**

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ တစ်ဦးထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူအရေအတွက် ၁၂၄ ဦးရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

**အမေရိကန်မှ ပြန်လာသူဖြစ်**

အသစ်တွေ့ရှိရသည့် ကူးစက်လူနာမှာ မေ ၈ ရက်တွင် အမေရိကန်မှ ဖနောင်ပင်သို့ ပြန်ရောက်လာသူ အသက် ၃၉ နှစ်အရွယ် ကမ္ဘောဒီးယားအမျိုးသမီးတစ်ဦးဖြစ်သည်။

အဆိုပါ အမျိုးသမီးသည် ကမ္ဘောဒီးယားသို့ ပြန်ရောက်လျှင်ရောက်ချင်း ၁၄ ရက်တာ သီးခြားခွဲနေသူလည်း ဖြစ်သည်။ မေ ၁၂ ရက်တွင် ၎င်းအမျိုးသမီးသည် ချောင်းဆိုးခြင်း၊ နှာခေါင်းပိတ်ခြင်း၊ လည်ချောင်းနာခြင်းများဖြစ်ပေါ်ခဲ့သည့်အတွက် ကိုဗစ်- ၁၉ ရှိ မရှိ စစ်ဆေးကြည့်ခဲ့ရာ မရှိကြောင်း အဖြေထွက်ခဲ့သည်။

**ကူးစက်ခံရကြောင်း အဖြေထွက်**

မေ ၂၂ ရက်အထိ ၎င်း၏ ရောဂါလက္ခဏာများ ဆက်လက်ရှိနေသေးသည့်အတွက် သီးခြားခွဲထားပြီး နောက်ထပ်တစ်ကြိမ် စစ်ဆေးမှုပြုလုပ်ရာမှ ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း အဖြေထွက်ခဲ့ခြင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗန်ဒိုင်းက ပြောကြားခဲ့သည်။

ယခုအခါ လူနာသစ်ကို ကုသမှုများပေးနိုင်ပြီဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၁၂၄ ဦးရှိပြီး လူပေါင်း ၁၂၂ ဦးကို ကုသပေးခဲ့ပြီဖြစ်သည်။

ဆင်ဟွာ

## ဥစဘက်ကစ္စတန်တွင် ဆည်ကျိုးပေါက်မှုနှင့် ပတ်သက်ပြီး ပထမဆုံး အရေးယူမှုလုပ်ဆောင်

**တာ့ရှ်ကင့် မေ ၂၃**

ယခုလအစောပိုင်းတွင် ဆာဒိုဘာဆည်ကျိုးပေါက်ခဲ့ရပြီး လူခြောက်ဦး သေဆုံးမှု ဖြစ်ပွားခဲ့ရာ ယင်းကိစ္စနှင့် ပတ်သက်ပြီး လူနှစ်ဦးကို ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဥစဘက်ကစ္စတန်ရှေ့နေရုံးက မေ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဆည်ကျိုးပေါက်ရခြင်းမှာ တာဝန်ရှိသူများ၏ ပေါ့ဆမှုနှင့် လုံခြုံရေးစည်းမျဉ်းများကို လိုက်နာမှုကင်းမဲ့ခြင်းကြောင့်ဖြစ်သည်ဟု အရာရှိများက ပြောသည်။

ဆာဒိုဘာဆည် ကျိုးပေါက်မှုကြောင့် လူပေါင်း ၉၀၀၀၀ ကို ကယ်ဆယ် ရွှေ့ပြောင်းပေးခဲ့ရသည်။ ယင်းဆည်သည် ဆိုင်ဒါရာအလယ်ပိုင်းဒေသတွင်ရှိပြီး မေ ၁ ရက်က ဆည်ကျိုးပေါက်မှုကြောင့် လူနေအိမ်များ ရေလွှမ်းခံရပြီး သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရသည်။

ဆင်ဟွာ

# Remdesivir ဆေးသည် ပြန်လည်နာလန်ထသည့်အချိန်ကာလကို တိုတောင်းစေဟု အမေရိကန် ကောက်ချက်ချ

ဝါရှင်တန် မေ ၂၃

**Remdesivir ဆေးမှာ ကိုဗစ်- ၁၉ လူနာများ ပြန်လည်နာလန်ထူသည့်အချိန်ကာလကို တိုတောင်းစေရန် အကူအညီပေးသည်ဟု အမေရိကန် အမျိုးသားကျန်းမာရေး အင်စတီကျုမှ ဦးဆောင်သည့် သုတေသန အုပ်စုတစ်စုက ကောက်ချက်ချ ပြောဆိုခဲ့သည်။ နယူးအင်္ဂလန် ဆေးပညာဂျာနယ်တွင် ကနဦး စမ်းသပ်မှုရလဒ်များကို မေ ၂၂ ရက်က ဖော်ပြခဲ့သည်။**




**စမ်းသပ်မှုပြုလုပ်**

Remdesivir ဆေးကို စမ်းသပ်မှုပြုလုပ်ပြီးနောက် အဆိုပါ ဆေးသည် ဗိုင်းရပ်စ်မျိုးပွားခြင်းကို ကာကွယ်ရာတွင် အကူအညီပေးသည်ဟု တွေ့ရှိခဲ့ကြသည်။

အခြေအနေ ဆိုးရွားသည့် လူနာပေါင်း ၁၀၀၀ ကို အုပ်စုနှစ်စုခွဲခဲ့ပြီး ပထမအုပ်စုကို Remdesivir ပေးပြီး နောက်တစ်အုပ်စုကိုမူ ယင်းဆေးနှင့် ပုံစံတူသည့် ဆေးပေးကာ စမ်းသပ်မှု ပြုလုပ်ခဲ့သည်။

**၁၄ ရက်ကြာ စောင့်ကြည့်**

Remdesivir ဆေးကို ၁၀ ရက် ဆက်တိုက် ပေးပြီးနောက် ၁၄ ရက်ကြာ စောင့်ကြည့်မှုများကို သုတေသီများက လုပ်ဆောင်ခဲ့ကြသည်။

Remdesivir ဆေးပေးထားသည့် အုပ်စုမှာ ၁၁ ရက်အတွင်း ပြန်လည်ကျန်းမာလာပြီး Remdesivir ဆေးမပေးသည့် အုပ်စုမှာမူ ၁၅ ရက်ကြာမှ ပြန်လည်ကျန်းမာလာကြောင်း တွေ့ရှိရသည်။

**သေဆုံးမှု လျော့ကျစေ**

Remdesivir ဆေးသုံးစွဲသူသည် Remdesivir မသုံးစွဲသူနှင့်ယှဉ်လျှင် ၁၄ ရက်အတွင်း သေဆုံးမှုနှုန်းကိုလည်း လျော့ကျစေသည်ဟု တွေ့ရှိထားသည်။ သို့သော် ယင်းအရာနှစ်ခုကြား ကွဲပြားမှုများ ထင်ရှားမှုသိပ်မရှိဟု သုတေသီများက ပြောသည်။

**အရေးပေါ် ကုသဆေးအဖြစ် အတည်ပြု**

လူနာများကို အသက်ရှူကိရိယာ မတပ်ပေးမီ ယင်းဆေးကို အသုံးပြုရန်လည်း အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနကို ထောက်ခံချက်ပေးထားသည်။

အမေရိကန် အစိုးရသည် Remdesivir ဆေးကို ကိုဗစ်-၁၉ အရေးပေါ်ကုသဆေး အဖြစ် အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့တွင် လေယာဉ်ပျက်ကျရာ ၉၇ ဦးသေဆုံး




မေ ၂၂ ရက်က လူနေရပ်ကွက်ပေါ်သို့ ပျက်ကျသောလေယာဉ်အပျက်အစီးများကို တွေ့ရစဉ်။

အစ္စလမ္မာဘတ် မေ ၂၃

**ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့တွင် ယမန်နေ့က လူနေရပ်ကွက်တစ်ခုပေါ်သို့ ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းပျက်ကျခဲ့ပြီးနောက် ယင်းပျက်ကျလေယာဉ်တစ်စင်း၏ အပျက်အစီးများမှ ရုပ်အလောင်း ၉၇ လောင်းကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ပါကစ္စတန်စစ်တပ်က မေ ၂၃ ရက်တွင် ပြောကြားလိုက်သည်။**

ပါကစ္စတန်စစ်ဘက်နှင့် အရပ်သားကယ်ဆယ်ရေးအဖွဲ့များမှ ကယ်ဆယ်ရေးသမားများက သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် လေယာဉ်ပျက်ကျမှုအတွင်း လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အသက်ရှင်ကျန်ရစ်သူ နှစ်ဦးကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း စစ်တပ်၏ သတင်းထုတ်ပြန်ရေးအဖွဲ့ဖြစ်သည့် ပြည်သူ့ဆက်ဆံရေးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်း၏ ခရီးစဉ်အမှတ် ပီကေ-၈၃၀၃ လေယာဉ်တွင် ခရီးသည် ၉၁ ဦးနှင့် လေယာဉ်အမှုထမ်း ရှစ်ဦးလိုက်ပါလာခဲ့ပြီး နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့ အယ်လ်လာမာအစ်ဗယ်နိုင်ငံတကာလေဆိပ်မှ မေ ၂၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၈ မိနစ်တွင် ထွက်ခွာခဲ့ပြီးနောက် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် လေကြောင်းလိုင်း၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် အဗ္ဗဒူလာ ဟာဖက်ဇ်က ပြောကြားလိုက်သည်။

လူဦးရေထူထပ်သော ရပ်ကွက်ပေါ်သို့ ပျက်ကျခဲ့သော်လည်း မြေပြင်ပေါ်ရှိလူများ သေဆုံးမှုမရှိကြောင်း ဆင်းဒ်ပြည်နယ် ကျန်းမာရေးဝန်ကြီး၏ မီဒီယာဆက်ဆံရေးမှူး မီရန်ယူဆက်ဖ်က ပြောကြားခဲ့သည်။

သို့သော်လည်း မြေပြင်ပေါ်တွင် ဒဏ်ရာရသူ ၁၇ ဦးရှိခဲ့ကြောင်းနှင့် ၎င်းတို့အားလုံးမှာ အခြေအနေကောင်းမွန်လျက်ရှိကြောင်း မီရန်ယူဆက်ဖ်က ထပ်မံပြောကြားလိုက်သည်။

လေယာဉ်ပျက်ကျမှုကြောင့် နေအိမ် ၂၅ လုံးခန့် ပျက်စီးခဲ့ပြီး ရပ်ကွက်အတွင်းရှိ နေထိုင်သူများအား အရပ်ဘက်အုပ်ချုပ်ရေးအကူအညီဖြင့် တခြားနေရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း စစ်တပ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## မလေးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၄၈ ဦးရှိ

**ကွာလာလမ်ပူ မေ ၂၃**

မလေးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံအတည်ပြုကူးစက်ခံရသူ ၄၈ဦးရှိလာပြီး ၎င်းတို့အနက် ၂၁ ဦးမှာ ဆီလန်ဂေါပြည်နယ် လူဝင်မှုကြီးကြပ်ရေးဌာနတွင် အစုလိုက်အပြုံလိုက် ကူးစက်ခံရသည့် အရိပ်အယောင်တွေ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၃ ရက်က ပြောကြားလိုက်သည်။

လူဝင်မှုကြီးကြပ်ရေးဌာနတွင် အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ကူးစက်ခံလိုက်ရသူများမှာ နိုင်ငံခြားသားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှန်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ယခုလိုကူးစက်ခြင်းသည် ယခုသီတင်းပတ်အတွင်း ဒုတိယမြောက် ကိုရိုနာဗိုင်းရပ်စ် အစုလိုက် အပြုံလိုက် ကူးစက်ခြင်းဖြစ်ပြီး ယခင်က အစုလိုက်အပြုံလိုက် ကူးစက်ခြင်းကို ကွာလာလမ်ပူမြို့ပြင် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းစခန်းတွင် တွေ့ခဲ့ရသည်။

သက်ဆိုင်ရာ အာဏာပိုင်များက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားလိုက်သည်။ မေ ၂၃ ရက်က ထပ်မံကူးစက်ခံရသော ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာများအနက် ၄၄ ဦးသည် ပြည်တွင်းကူးစက်ပျံ့နှံ့ခြင်းဖြစ်ပြီး လေးဦးမှာ နိုင်ငံခြားမှဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်းမှာ ၇၁၈၅ ဦးအထိ မြင့်တက်လာကြောင်း သိရပြီး သေဆုံးသူ ၁၁၅ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဖေ့စ်ဘွတ်ပေါ်တွင် မမှန်ကန်သည့်သတင်းအချက်အလက်များ မပြန့်ပွားရန် လုပ်ဆောင်နေကြောင်း ဇူကာဘတ်ပြော

**ဝါရှင်တန် မေ ၂၃**

ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး မမှန်ကန်သည့် သတင်းအချက်အလက်များ ပြန့်ပွားနေသည်ကို တားဆီးရန် ဖေ့စ်ဘွတ်လူမှုကွန်ရက်က ကြိုးစားနေကြောင်း ဖေ့စ်ဘွတ်အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်က ပြောကြားလိုက်သည်။

တစ်စုံတစ်ယောက်အပေါ် အချိန်တိုအတွင်း ချက်ချင်းလက်ငင်းထိခိုက်မှုမျိုးဖြစ်စေမည့် အကြောင်းအရာများကို မိမိကုမ္ပဏီက ဖယ်ရှားနေကြောင်း မာ့ခ်ဇူကာဘတ်က ဘီဘီစီသို့ မကြာသေးမီက ပြောကြားလိုက်သည်။

အချိန်တိုအတွင်း ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုမျိုးကို မဖြစ်စေဘူးဆိုလျှင်ပင် မမှန်ကန်သည့် သတင်းအချက်အလက်များ နေရာအနှံ့တွင် ပျံ့နှံ့မှုမရှိစေရဟု ဇူကာဘတ်က ပြောကြားလိုက်သည်။

ဖေ့စ်ဘွတ်သည် မမှန်ကန်သည့် သတင်းအချက်အလက်များ ပျံ့နှံ့နေခြင်းကို တားဆီးရန် တစ်သီးပုဂ္ဂလ သတင်းအချက်အလက် စစ်ဆေးသူများနှင့် လုပ်ဆောင်နေကြောင်း ဇူကာဘတ်က ဖြည့်စွက်ပြောကြားသည်။




ဖေ့စ်ဘွတ် အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်

၅ ဂျီ ဒစ်ဂျစ်တယ်ကွန်ရက်သည် ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားခြင်းကို ဖြစ်စေသည်ဆိုသည့် အခြေအမြစ်မရှိသည့် သတင်းမျိုးကို ဖေ့စ်ဘွတ်က ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ဇူကာဘတ်က ဆက်လက် ပြောကြားလိုက်သည်။

အဆိုပါ အကြောင်းအရာကို ဗြိတိန်တွင် လွန်ခဲ့သည့်လက ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခဲ့သည့်အတွက် ၅ ဂျီ အခြေခံ အဆောက်အအုံတွေ ဖျက်ဆီးပေးရန် တောင်းဆိုမှုများနှင့် အင်ဂျင်နီယာများအပေါ်တွင်လည်း ခြိမ်းခြောက်မှုများ ရှိခဲ့သည်။

ဖေ့စ်ဘွတ်ပေါ်တွင် မမှန်ကန်သည့် သတင်းအချက်အလက် အမြောက်အမြား ရှိသေးကြောင်းနှင့် ဖေ့စ်ဘွတ်၏ လုပ်ဆောင်မှုသည် မလုံလောက်သေးကြောင်း ဝေဖန်သူများက သုံးသပ်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## အီဂျစ်နိုင်ငံတွင် မေ ၂၄ ရက်မှစကာ ၁၃ နာရီကြာ ညမထွက်ရအမိန့် ထုတ်ပြန်မည်



ကိုင်ရိုမြို့လမ်းပေါ်တွင် နှာခေါင်းစည်း တပ်ဆင်ထားသော လူတစ်ဦး

**ကိုင်ရို မေ ၂၃**

အီဂျစ်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ထပ်မံဖြစ်ပွားသူ ၇၈၃ ဦးရှိခဲ့ကြောင်း၊ ယင်းပမာဏသည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ စတင်ဖြစ်ပွားသည့် ဖေဖော်ဝါရီလမှစကာ တစ်နေ့တည်းတွင် အမြင့်ဆုံးကိုရိုနာဗိုင်းရပ်စ် အတည်ပြုဖြစ်ပွားသည့် ပမာဏဖြစ်ကြောင်းနှင့် အီဂျစ်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် အတည်ပြုဖြစ်ပွားသူပေါင်း ၁၅၇၈၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၂ ရက်က ပြောကြားလိုက်သည်။

အီဂျစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ဆက်စပ်ရောဂါများနှင့် ထပ်မံသေဆုံးသူ ၁၁ ဦးရှိခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သေဆုံးသူပေါင်း ၇၀၇ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ခါလစ်မီဂါဟက်က ထုတ်ပြန်ကြေညာချက်တွင် ပြောကြားလိုက်သည်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ် ရောဂါမှ ပြန်လည်သက်သာလာပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းသွားသူ ၁၅၇ ဦးရှိပြီး စုစုပေါင်း ဆေးရုံက ဆင်းသွားသူပေါင်း ၄၃၇၄ ဦးရှိကြောင်း မီဂါဟက်က ဆက်လက် ပြောကြားလိုက်သည်။

မေ ၂၄ ရက်မှစကာ ရာမန်ဒန် အားလပ်ရက် ပြီးဆုံးပြီးနောက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေးကိုထိန်းသိမ်းရန်နှင့် လူစုလူဝေးပြုလုပ်ခြင်းကို တားဆီးရန် ညမထွက်ရအမိန့်ကို ခြောက်ရက်ကြာ ပြဋ္ဌာန်းမည်ဖြစ်ကြောင်းသိရသည်။

မေ ၃၀ ရက်မှစကာ အဆိုပါ ညမထွက်ရအမိန့်ကို ၁၃ နာရီမှ ၁၀ နာရီအထိလျှော့ချပြီး ည ၈ နာရီမှ နံနက် ၆ နာရီအထိ သတ်မှတ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးအစည်းအဝေးက နောက်ထပ် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိချိန်အတွင်း ယခုအမိန့်အတိုင်း ဆက်လက်အတည်ဖြစ်နေမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်အစိုးရသည် အသွားအလာကန့်သတ်ပိတ်ဆို့မှုအပေါ် ဖြေလျှော့မှုများစတင်ပြုလုပ်ခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရုံးများကိုလည်း တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

မေ ၁၆ ရက်တွင် အီဂျစ်အာဏာပိုင်များသည် တရုတ်အစိုးရထံမှ ဆေးဘက်ဆိုင်ရာ အကူအညီ တတိယအသုတ်ကို လက်ခံရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် တစ်နေ့တည်း အတည်ပြုလူနာ ၉၄၉ ဦးအထိ မြင့်တက်

ဂျကာတာ မေ ၂၃
အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ အတည်ပြုလူနာ တစ်နေ့တည်းတွင် ၉၄၉ ဦးအထိ မြင့်တက်လာခဲ့ပြီး စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ ၂၁၇၄၅ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ အာခ်ျမက် ယူရီရန်တိုက မေ ၂၃ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူမှာလည်း ၁၃၅၁ ဦးအထိ ရောက်ရှိလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လူပေါင်း ၁၀ သန်းခန့်မှီတင်းနေထိုင်သည့် ဂျကာတာသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၅၀၁ ဦး အထိရှိပြီး နိုင်ငံတွင်း သေဆုံးမှု အများဆုံးမြို့တော် ဖြစ်ခဲ့သည်။

ဂျကာတာပြီးနောက် ဒုတိယ သေဆုံးမှု အများဆုံးမြို့မှာ အရှေ့ဂျာဗား ၂၇၁ ဦး၊ အနောက်ဂျာဗား ၁၂၇ ဦး၊ အလယ်ဂျာဗား ၇၀၊ ဘန်တန်း ၆၆ ဦး၊ တောင်ဆူလာဝေဆီ ၆၁ ဦး၊ တောင်ကာလီမန်တန် ၅၈ ဦးနှင့် တခြားနေရာများမှ သေဆုံးသူများ ဖြစ်ကြသည်။

ဆင်ဟွာ

### အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၃၇ ဦးအထိ မြင့်တက်

နယူးဒေလီ မေ ၂၃
အိန္ဒိယနိုင်ငံတွင် မေ ၂၃ ရက်က ကိုရိုနာဗိုင်းရပ်စ်ကြောင့်ထပ်မံသေဆုံးသူ ၁၃၇ ဦးရှိခဲ့ပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ထပ်မံဖြစ်ပွားသူ ၆၆၅၄ ဦးရှိခဲ့ကြောင်းနှင့် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၇၂၀ ဦးရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူပေါင်း ၁၂၅၁၀၁ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၃ ရက်တွင် ပြောကြားလိုက်သည်။

စာရင်းဇယားများအရ နိုင်ငံအတွင်း တစ်နေ့တည်း ကိုဗစ်- ၁၉ ကူးစက်သေဆုံးမှုအမြင့်ဆုံး ဖြစ်ခဲ့ကြောင်း သိရသည်။

မေ ၂၂ ရက်နံနက်ပိုင်းက နိုင်ငံတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၁၈၄၄၇ ဦးရှိခဲ့ပြီး သေဆုံးသူဦးရေမှာလည်း ၃၅၈၃ ဦး ရှိခဲ့သည်။

အသွားအလာကန့်သတ်ပိတ်ဆို့မှုကို မတ် ၂၅ ရက်က စတင်ကြေညာခဲ့ပြီးနောက် လွန်ခဲ့သော သီတင်းပတ်က မေ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

ဆင်ဟွာ

# ကမ္ဘာတစ်ဝန်း ကိုဗစ်ဖြစ်ပွားနေချိန် လက်ဘနွန်မှာ သောင်တင်နေတဲ့ လုပ်ခမရရှိတဲ့ နိုင်ငံခြားအလုပ်သမားများရဲ့ ဘဝအကြောင်းတစေ့တစောင်း

••• ထွန်းသစ်စ •••

**ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့အတွက် လက်ဘနွန်နိုင်ငံက ရွှေ့ပြောင်းအလုပ်သမားတွေကို နေရပ်ပြန်ပို့နေတဲ့အချိန်မှာ လက်ဘနွန်အလုပ်ရှင်က သူ့ရဲ့ အဝတ်အစားအိတ်တွေ၊ လုပ်ခလစာတွေ သို့မဟုတ် နိုင်ငံကူးလက်မှတ်တွေမပေးဘဲ သူ့ကို မောင်းထုတ်လိုက်ပြီး သီတင်းတစ်ပတ်ကြာပြီးနောက်မှာတော့ သနားစရာကောင်းတဲ့ အီသီယိုးပီးယား အိမ်အကူအလုပ်သမဖြစ်သူ ဆိုဖီယာက အိမ်ပြန်ချင်နေပြီဖြစ်ကြောင်း ပြောလိုက်ပါတယ်။**



ဘေရွတ်ရှိ ကောင်စစ်ဝန်ရုံးတွင် ရောက်ရှိနေကြသော အီသီယိုးပီးယား အိမ်အကူအလုပ်သမားများကို တွေ့ရစဉ်။

### အိမ်အကူအဖြစ်ဆက်ပြီးလက်မခံနိုင်

ကျွန်မရဲ့ အိမ်ရှင်သူဌေးမက ကျွန်မကို အပြင် ဆွဲထုတ်လိုက်ပါတယ်။ သူ ကျွန်မကို ခြောက်လခွဲစာလောက် လစာတွေ မပေးရသေးပါဘူးလို့ သူ့ရဲ့ဆံပင်ကို အနီရောင် ခေါင်းစည်းပဝါနဲ့ လွှမ်းခြုံထားတဲ့ ဆိုဖီယာက ပြောလိုက်ပါတယ်။ ကျွန်မ အီသီယိုးပီးယားကို ပြန်ချင်ပါတယ်လို့ သမီးနှစ်ယောက်အမေ ဆိုဖီယာက ပြောပါတယ်။ သူဟာ သူ့သမီးတွေကို သုံးနှစ်နီးပါးလောက် မတွေ့ရသေးပါဘူး။ လက်ဘနွန်နိုင်ငံဟာ ဆယ်စုနှစ်အတော်ကြာ စီးပွားရေးအကျပ်အတည်းကို အဆိုးရွားဆုံး ရင်ဆိုင်ခံစားနေရသလို ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေနဲ့လည်း ကြုံတွေ့နေရပါတယ်။

တချို့ လက်ဘနွန်မိသားစုတွေဟာ ငွေကြေး တန်ဖိုးကျဆင်းနေသော်လည်း သူတို့ရဲ့ အိမ်အကူတွေကို လုပ်ခလစာတွေပေးသလို တချို့ကလည်း မပေးနိုင်ပါဘူး။ လမ်းမပေါ်ကို ဆွဲထုတ်ခံရတဲ့ အိမ်စေအလုပ်သမားတွေဟာလည်း တစ်နေ့တခြား များပြားလာတယ်လို့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။ လက်ဘနွန်နိုင်ငံဟာ သူ့ရဲ့ပိတ်ထားတဲ့ လေဆိပ်ကနေ ရွှေ့ပြောင်း အလုပ်သမားတွေကို နေရပ်ပြန်ပို့မှုတွေ စတင်လုပ်ကိုင်နေသလို ပထမဆုံးအနေနဲ့ အီသီယိုးပီးယား အလုပ်သမားတွေနဲ့ အီဂျစ် ရွှေ့ပြောင်းအလုပ်သမားအများစုကို ပြန်ပို့ပေးနေပါပြီ။

အီသီယိုးပီးယား ကောင်စစ်ဝန်ရုံး အပြင်ဘက်မှာ ရောက်နေတဲ့ ဆိုဖီယာဟာ အီသီယိုးပီးယား အမျိုးသမီးအများကြီးထဲက တစ်ယောက် ဖြစ်ခဲ့ပြီး လက်ဘနွန်အလုပ်ရှင်တွေဟာ မေလ ၂၀ ရက် လေယာဉ်ထိုင်ခုံရဖို့ အလုအယက် ကြိုးစားဝယ်ပေးနေကြပါတယ်။ သို့သော်လည်း လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ သူတို့ကို တံခါးဝအထိမောင်းထုတ်လို့ နောက်ထပ် ကိုးရက်လောက်ကြာမှ ပြန်လာဖို့ ပြောပါတယ်။ လူအုပ်ကြားထဲမှာ လက်ဘနွန်အလုပ်ရှင် တစ်ဦးဖြစ်သူ အီဗာအာဝက်က သူ့အနေဖြင့် အီသီယိုးပီးယားရွှေ့ပြောင်းအလုပ်သမတစ်ဦးကို အိမ်အကူအဖြစ်ဆက်ပြီးလက်မခံနိုင်တော့ကြောင်း ပြောကြားလိုက်ပါတယ်။

### အလုပ်ရှင်မိသားစုနဲ့ အချိန်ကုန်ဆုံး

"ဒေါ်လာထပ်မရှာနိုင်တော့ဘူး။ ဒါကြောင့် အိမ်အကူလည်း ထပ်မငှားနိုင်တော့ဘူး"လို့ အီဗာအာဝက်က ပြောလိုက်ပါတယ်။ ဒါပေမယ့်လည်း အိမ်အကူကို လုပ်ခလစာအပြည့် ပေးလိုက်ချင်ကြောင်း သူကဆက်ပြောပါတယ်။

အနီးအနားမှာလည်း အီသီယိုးပီးယား အမျိုးသမီးတစ်ယောက်ဟာ လုပ်ခလစာ နှစ်ဝက်လောက် မရရှိသေးကြောင်း ညည်းတွားရင်း သူ့ရဲ့အိတ်ဘေးနားမှာ တရှုပ်ရှုပ်ငိုကြွေးနေပါတယ်။ သူ့ကို အိမ်အပြင်ဘက်ကို ဆွဲထုတ်လိုက်ပြီး နောက်မှာ သူ့မှာ နိုင်ငံကူးလက်မှတ်လည်း မရှိသလို အိပ်စရာနေရာလည်း မရှိကြောင်း ပြောပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက လေယာဉ်လက်မှတ်လာလုပ်ပေးတဲ့သူတွေနဲ့ ကောင်စစ်ဝန်ရုံးမှာလည်း လူတွေပြည့်နေပြီဖြစ်ကြောင်း ပြောပါတယ်။ လက်ဘနွန်နိုင်ငံမှာ နေထိုင်နေတဲ့ အိမ်စေအလုပ်သမားပေါင်း ၂၅၀၀၀၀ လောက် ရှိပါတယ်။ သူတို့အများစုဟာ အီသီယိုးပီးယားနိုင်ငံက ဖြစ်ပါတယ်။

လက်ဘနွန် အလုပ်သမားဥပဒေအရ ကာဖလာလို့ခေါ်တဲ့ ငွေကြေးထောက်ပံ့ပေးတဲ့ အစီအစဉ်တစ်ခုမှာတော့ အိမ်ဖော်၊ ကလေးထိန်း၊ လူနာစောင့်တွေ မပါဝင်ဘူးလို့ ဆိုထားပါတယ်။ သူတို့အလုပ်ရှင်တွေကတော့ သူတို့ကို လုပ်ခလစာအဖြစ် တစ်လကို အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၅၀ ပေးပါတယ်။ အလုပ်ရှင်တွေ ခွင့်ပြုချက်မရဘဲလည်း အလုပ်ကထွက်ခွင့် မရပါဘူး။ တချို့က ဒီကာဖလာကို ကျွန်ပုံစံအဖြစ် ခိုင်းနှိုင်းပါတယ်။

တက်ကြွသူတွေရဲ့ အကူအညီပေးဖို့ တောင်းဆိုမှုတွေဟာ မကြာသေးမီ ရက်သတ္တပတ်များက မြင့်တက်လာပါသေးတယ်။ အထူးသဖြင့် အလုပ်သမားတွေရဲ့ ဘဝဟာ များသောအားဖြင့် အလုပ်ရှင် မိသားစုထဲမှာပဲ အချိန်ကုန်ဆုံးပြီး အလုပ်ရှင်မိသားစုတွေနဲ့ပဲ ပိတ်မိနေကြပါတယ်။

**"တချို့ လက်ဘနွန်မိသားစုတွေဟာ ငွေကြေးတန်ဖိုး ကျဆင်းနေသော်လည်း သူတို့ရဲ့ အိမ်အကူတွေကို လုပ်ခလစာတွေပေးသလို တချို့ကလည်း မပေးနိုင်ပါဘူး။ လမ်းမပေါ်ကို ဆွဲထုတ်ခံရတဲ့ အိမ်စေအလုပ်သမားတွေဟာလည်း တစ်နေ့တခြား များပြားလာတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထား"**

### အလုပ်သမားတွေအခွင့်အရေးရသင့်

စိုးရိမ်ဖွယ်ကောင်းတဲ့ အခြေအနေတွေဟာ ခေါင်မိုးထိရောက်နေပြီ။ လစာမပေးတာနဲ့ ပတ်သက်ပြီးတော့ မိမိတို့ကို ဆက်သွယ်လာတဲ့သူတွေ အများကြီးရှိတယ်လို့ တက်ကြွအုပ်စုမှ အလုပ်သမားတစ်ဦးက ပြောပါတယ်။ ဒါက လက်ဘနွန်ဖြစ်တယ်လို့လည်း သူကပြောပါတယ်။ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေကို ပြန်ပို့လိုက်တဲ့သူတွေဟာ အလုပ်ပြန်လည်ရရှိဖို့ရာ သိပ်မသေချာဘူးလို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။

မကြာသေးမီလများက လူနှစ်ယောက် ထက်မနည်း ဖေ့စ်ဘွတ်မှာ သူတို့ရဲ့ နိုင်ငံခြားအလုပ်သမားအကူကို ရောင်းဖို့ ကြော်ငြာတင်ထားတာ တွေ့ရပါတယ်။ ဒီအပေါ် တက်ကြွသူတွေဘက်က ပေါက်ကွဲခဲ့ကြပါတယ်။ အလုပ်သမားဝန်ကြီးဌာနရဲ့ လူမှောင်ခိုပြုလုပ်မှုအပေါ် ရှုတ်ချထားတဲ့ ကြေညာချက်လည်း ထွက်ပေါ်လာခဲ့ပါတယ်။

လူသစ်စုဆောင်းရေးအေဂျင်စီအကြီးအကဲ အလီအယ်အေမင်က အလုပ်အကိုင်အေဂျင်စီတွေအနေနဲ့ လုပ်ခလစာကို ဒေါ်လာနဲ့ပေးဖို့ တောင်းဆိုတဲ့ အလုပ်သမားတွေရဲ့ ဖုန်းခေါ်ဆိုမှုတွေ အများအပြားရရှိခဲ့တယ်လို့ ပြောပါတယ်။ အကယ်၍ အလုပ်သမားတွေကို လက်ဘနွန်ပိုက်ဆံနဲ့ပဲ ငှားရမ်းခဲ့မယ်ဆိုရင် သူတို့ရဲ့ မိသားစုတွေကို ပြန်လည်ထောက်ပံ့ဖို့ ခက်ခဲလိမ့်မယ်လို့ သူကပြောပါတယ်။ အကယ်၍ ဒေါ်လာနဲ့ပေးချေဖို့ စာချုပ်ချုပ်ခဲ့မယ်ဆိုပါက အလုပ်သမားတွေရဲ့ အခွင့်အရေးအရ ရသင့်တယ်လို့ သူကဆက်ပြောပါတယ်။

### အကူအညီတွေလိုအပ်

အလုပ်သမားဝန်ကြီးဌာနကလည်း အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အရေးပေါ်တယ်လီဖုန်းလိုင်းကို ဖွင့်ပေးထားပါတယ်။ အကယ်၍ သတ်မှတ်ထားတာထက် ပိုနေမယ်ဆိုပါကလည်း လူဝင်မှုကြီးကြပ်ရေးက အလုပ်သမားတွေကို ဒဏ်ရိုက်ဦးမှာဖြစ်ပါတယ်လို့ လုံခြုံရေးသတင်းရင်းမြစ်က ဖော်ပြထားပါတယ်။

ဆိုဖီယာ အိမ်ပေါ်က အဝတ်အစား အနည်းငယ်နဲ့ မောင်းချခံလိုက်ရပြီးနောက် အသက် ၂၉ နှစ်ရှိတဲ့ အီသီယိုးပီးယားအလုပ်သမားတစ်ဦး ဖြစ်သူ အာလာက လမ်းပေါ်မှာ ငိုကြွေးနေတဲ့ သူ့ကိုတွေ့ခဲ့ပြီး သူ့ရဲ့လက်ဘနွန်သူဌေးဆီ ခေါ်သွားခဲ့ပါတယ်။ အလွန်ကောင်းတဲ့သူတွေရှိသေးကြောင်း၊ သူက မင်းကို ခရီးစရိတ်ပေးပြီး မိသားစုဝင်လို ဆက်ဆံမှာဖြစ်ကြောင်း အာလာက ပြောပါတယ်။

အစိုးရမဟုတ်တဲ့ အက်ဂ်နာလီဂါနာ အဖွဲ့ကလည်း အဲဒီလိုမျိုး သောင်တင်နေသူတွေကို လက်ခံထားပါတယ်။ ကိုဗစ်- ၁၉ ကပ်ရောဂါ ဖြစ်နေတဲ့အချိန်မှာ အဲဒီလိုမျိုးကြုံတွေ့နေရတဲ့ အလုပ်သမားတွေဟာ မိမိကိုယ်ကိုရပ်တည်ရှင်သန်နေတဲ့ အိမ်အကူအလုပ်သမားတွေနဲ့ ဆက်သွယ်ဖို့ လုပ်ဆောင်နေပါတယ်။ လက်ဘနွန်နိုင်ငံမှာ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ စတင်ခဲ့တာကြောင့် အခုဆိုရင် အိမ်အကူအလုပ်သမားထောင်ပေါင်းများစွာနဲ့ သူတို့ရဲ့ ကလေးတွေဟာ ဆေးဝါးနဲ့ အစားအစာ အကူအညီတွေကို လိုအပ်နေပါတယ်လို့ အိမ်အကူအလုပ်သမားတွေကို ကူညီနေသူ ကနေဒါမှာရောက်ရှိနေတဲ့ ယီမာက ပြောပါတယ်။

မကြာသေးမီ သီတင်းပတ်တုန်းက ယီမာနဲ့ သူ့သူငယ်ချင်းတွေဟာ အဲဒီလို အခက်အခဲတွေ့နေသူတွေကို ကူညီဖို့ အမေရိကန်ဒေါ်လာ ၁၂၀၀၀ ထောက်ပံ့ပေးခဲ့ပါတယ်။ သို့သော်လည်း ယီမာက သူတို့ရဲ့ အလှူငွေလေးဟာ အနည်းအကျဉ်းပဲဖြစ်ပြီး အလုပ်သမားထောင်ပေါင်းများစွာဆီသို့ မရောက်နိုင်တဲ့အတွက် စိုးရိမ်ပူပန်မိကြောင်း အလှူတွေကလည်းပြတ်လပ်။ ကောင်စစ်ဝန်ရုံးက လက်မခံတဲ့သူတွေကလည်း တဖြည်းဖြည်းနဲ့ မြင့်တက်လာ။ အိပ်ရမှာတောင် ကြောက်ရွံ့နေမိတယ်လို့ ယီမာက စိတ်မကောင်းဖွယ်ရာ ပြောပါတယ်။ လက်ဘနွန် နိုင်ငံမှာ ဒုက္ခရောက်နေတဲ့ အီသီယိုးပီးယား အလုပ်သမားတွေဟာလည်း ဒုနဲ့ဒေးပါ။ ဒီအခက်အခဲကို ဘယ်လိုကျော်လွှားမလဲဆိုတာလည်း မလွယ်တဲ့ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။ ။

ကိုးကား- အေအက်ဖ်ပီ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် အနေဖြင့် ဓာတ်ခွဲနမူနာ (၃၇၄) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၂-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ+ဒုတိယ)အသုတ်အဖြစ် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၅၆၁)ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၉) ခု စုစုပေါင်း (၇၄၀) ခုတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ရာ (၂၃-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၁)ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိရသူ (၁၁၆) ဦးထိ ရှိလာပြီး ၄င်းတို့အနက် (၁၀၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ် + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၁) ခု |
| (၂၂-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၀၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၁၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ခံယူစေမည့် ဆေးရုံ | COVID-19 ပိုးတွေ့ရှိ/ မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 200 | ၃၈ နှစ် | ကျား | တီးတိန်မြို့နယ် ချင်းပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံ တီးတိန်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တီးတိန်မြို့) |
| 201 | ၂၆ နှစ် | ကျား | တီးတိန်မြို့နယ် ချင်းပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံ တီးတိန်မြို့ | တွေ့ရှိ | |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၃-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၇)ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၆) ခု၊ စုစုပေါင်း (၃၁၃)ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၀၁) ဦး ရှိပါသည်။

၃။ (၂၃-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက်ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case- 59, 119, 179, 180) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၀) ဦးရှိပြီး ၄င်းတို့အနက် (၁၀၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၂-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၃-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၈) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၂၃-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၀၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၁၂၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# New Normal သို့မဟုတ် ခေတ်သစ်တစ်ခုဆီသို့

## ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

**ကိုဗစ်–၁၉ ရောဂါကို ကမ္ဘာ့နိုင်ငံအသီးသီးက ရင်ဆိုင်နေကြရရာ အရှေ့တောင်အာရှဒေသအတွင်းတွင် မေလ ၂၂ ရက်နေ့အထိ ကူးစက်ခံရသူပေါင်း ၇၀၀၀၀ ကျော်၊ သေဆုံးသူပေါင်း ၂၀၀၀ ခန့် ရှိနေပါသည်။ ထိုနိုင်ငံများတွင် ထိန်းချုပ်နိုင်သည့်နိုင်ငံများရှိသလို စိတ်ပူပင်ဖွယ် ရင်ဆိုင်နေရသည့် နိုင်ငံအနည်းငယ်လည်း ရှိနေသည်။ အချိန်ကာလမှာလည်း လေးလကျော် ငါးလနီးပါးရှိလာသဖြင့် ကူးစက်ရောဂါကြောင့် ဆက်လက်ဖြစ်ပွားလာသော စီးပွားရေး၊ လူမှုရေးဆိုင်ရာအခက်အခဲများစွာ စတင်တွေ့ကြုံလာနေကြရပါသည်။**

ထို့ကြောင့် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နေကြသည့်နည်းတူ ထိုကာလအကျော်တွင် အဆင်ပြေစွာ နေထိုင်သွားလာလှုပ်ရှားနေနိုင်သည့် " New Normal" နေထိုင်သွားလာမှု ပုံစံအသစ်နှင့် နေနိုင်ကြရန်လည်း ပြင်ဆင်ထားသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒါရိုက်တာ Dr.Poonam Khetrapal က တိုက်တွန်းထားသည်ကို တွေ့ရပါသည်။ ဒေသတွင်း နိုင်ငံများသည် မိမိတို့ဒေသအတွင်း ဖြစ်ပွားနေမှု local epidemiology ပေါ် မူတည်ဆောင်ရွက်သင့်ကြောင်း၊ အဖြစ်များရာ ဒေသများ hot-spots များတွင် အထူးအားစိုက် ဆောင်ရွက်သင့်ပါကြောင်း၊ အထူးသဖြင့် ကိုရိုနာဗိုင်းရပ်စ်သည် လုံး၀ပျောက်ကွယ်သွားနိုင်ရန် မခန့်မှန်းနိုင်သေးသဖြင့် ရောဂါပိုးများ မပျံ့နှံ့နိုင်သည့် အကောင်းဆုံးကာကွယ်နည်းများဖြစ်သော လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ ခပ်ခွာခွာနေခြင်း၊ အိမ်မှာနေခြင်း စသည်တို့ကို New Normal တွင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းထားပါသည်။

### အခွင့်အလမ်းတစ်ခုအဖြစ် ပြောင်းလဲရန်

တောင်ကိုရီးယားနိုင်ငံကို ကိုဗစ် –၁၉ လွန်ကာလမှာ စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားကာ ဒစ်ဂျစ်တယ်အင်အားကြီးနိုင်ငံအဖြစ် ပြောင်းလဲသွားမည်ဟု သမ္မတမွန်ဂျေအင်းက ပြောဆိုလိုက်ပါသည်။ အစိုးရအဖွဲ့၏ တတိယနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ကိုဗစ်–၁၉ကြောင့် ကြုံတွေ့နေရသည့် အကျပ်အတည်းများကို အခွင့်အလမ်းတစ်ခုအဖြစ် ပြောင်းလဲရန် အစွမ်းကုန် ကြိုးစားမည်ဖြစ်ကြောင်း (Semi– conductor) တစ်ပိုင်းလျှပ်ကူး ဇီ၀နည်းပညာနှင့် အနာဂတ်ကားများ ထုတ်လုပ်ရေးလုပ်ငန်းသစ်သုံးမျိုးကို အားစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဆိုပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် အဆင့်မြင့်နည်းပညာလုပ်ငန်းများ တည်ရှိရာ နိုင်ငံတစ်ခုဖြစ်လာပြီး ယင်းနှင့် ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် ပြည်တွင်းကုမ္ပဏီများကို ကူညီရန် မဟာဗျူဟာများ ချမှတ်မည်၊ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများကို အားပေးခြင်းဖြင့် အလုပ်အကိုင်နေရာများ ဖန်တီးပေးရမည်ဟုလည်း ဆိုပါသည်။

### စောစီးစွာ ထိန်းချုပ်နိုင်ခဲ့

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကိုဗစ်အလွန်ကာလများအတွက် အဆင်သင့်ဖြစ်နေပြီဟုလည်း ဆိုသည်။ ထိုကာလသည် ယခင်နေထိုင်သွားလာမှုများနှင့် ခြားနားမှုများစွာရှိလာမည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မည်သည့်ပုံစံဖြင့် ကာလအသစ်ကို ရင်ဆိုင်ကြမည်ကို စီစဉ်နေကြပြီဖြစ်သည်။ ကိုဗစ်ကာလအတွင်း ပြင်းထန်သောကန့်သတ်မှုများ အခက်အခဲများနှင့် ရင်ဆိုင်ကြရသော်လည်း တောင်ကိုရီးယားနိုင်ငံအနေဖြင့် ထိုသို့အပြင်းအထန် ဆောင်ရွက်ခဲ့ရခြင်းမရှိဘဲ ရောဂါဖြစ်ပွားမှုဇယား Curve ကို ပြားသွားအောင်ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံအများထက် ရောဂါကူးစက်မှုကို စောစီးစွာ ထိန်းချုပ်နိုင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးလူနာကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က စတင်တွေ့ရှိခဲ့သည်။ ၂၂– ၁ –၂၀၂၀ ရက်မှစကာ ကျောင်းများပိတ်ခြင်း၊ ဘုရားကျောင်းများ၊ အခမ်းအနားများပိတ်ခြင်း၊ ခပ်ခွာခွာနေစေခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း စသည်တို့ကို တိကျစွာဆောင်ရွက်ခဲ့ပြီး လူထုကလည်း လိုက်နာခဲ့သည်။ အလုပ်ဌာနများ၊ ကုမ္ပဏီများက အဝေးမှသာ ဆက်သွယ်အလုပ်လုပ်ခြင်းတို့ကို လုပ်ခဲ့ကြသည်။ ရောဂါသံသယရှိသူများကို အမြန်စစ်ဆေးခြင်း၊ GPS နှင့် အိုင်တီနည်းပညာများသုံးပြီး ခြေရာခံခြင်း၊ တွေ့ရှိသူများကို ဆေးကုသပေးခြင်းစသည်တို့ဆောင်ရွက်ပါသည်။ ထို့ကြောင့် ရောဂါကိုကောင်းစွာ ထိန်းချုပ်နိုင်ခဲ့ပြီး စီစဉ်ထားသည့် ရွေးကောက်ပွဲကိုလည်း ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပနိုင်ခဲ့သည်။



> **"ကိုရိုနာဗိုင်းရပ်စ်တို့သည် မပျောက်သွားကြသေးပေ။ လူ့ပတ်ဝန်းကျင်မှာ ရှိနေဆဲဖြစ်သည်။ လူသားတို့အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုးနှင့်အတူ နေတတ်အောင် ပြင်ဆင်ကြရမည်။ နေထိုင်သွားလာမှုပုံစံများကို ပိုးပြန့်ပွားနေစဉ်က နေထိုင်ကြသလို ဆက်လက်ကျင့်သုံးကြရမည်။ ယင်းသည် New Normal သာ ဖြစ်သည်ဟု ဆိုပါသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးတို့ကြောင့် ပြောင်းလဲခဲ့သည့် အခြေအနေနှင့် ကိုက်ညီအောင် လိုက်ပါပြောင်းလဲနေထိုင်တတ်ခြင်းဖြင့် ရောဂါပိုးတို့က လူအများကို အန္တရာယ်မပေးနိုင်အောင် လုပ်ဆောင်ထားခြင်းဖြစ်"**

မေလ ၆ ရက်နေ့တွင် ကန့်သတ်ထားမှုများကို ဖြေလျှော့ပေးခဲ့သော်လည်း နိုင်ငံသားတို့အနေဖြင့် နေ့စဉ်သီးခြားနေတတ်မှု " everyday life quarantine" ဖြင့် နေထိုင်သွားကြရမည်။ lifestyle အသစ်ဖြင့် နေထိုင်သွားကြရမည်ဟု တိုက်တွန်းခဲ့ပါသည်။ အခြေခံနှင့် အထက်တန်း အဆင့်ကျောင်းများကို အဆင့်ဆင့်ပြန်လည်ဖွင့်လှစ်ခြင်းနှင့်အတူ အများပြည်သူဆိုင်ရာဌာနများ၊ ပြတိုက်များ၊ အားကစားကွင်း၊ ပန်းခြံများစသည်တို့ကိုလည်း အဆင့်ဆင့် ပြန်လည်ဖွင့်မည်ဟုဆိုသည်။ ကမ္ဘာ့ငွေကြေးဆိုင်ရာ ထိခိုက်မှုသည် ၁၁ နှစ်အတွင်း အဆိုးဆုံးရောက်သွားသည့်နည်းတူ ကိုရီးယား၏စီးပွားရေးကဏ္ဍသည်လည်း ၂၀၂၀ ပြည့်နှစ် ပထမလေးလပတ်အတွင်း ၁ ဒသမ ၄ ရာခိုင်နှုန်းလျော့ကျသွားသည်။ ဈေးကွက်က ၆ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ ထို့ကြောင့် အလုပ်လုပ်ရာတွင် remote working, work from home day (အိမ်မှတစ်ဆင့် အလုပ်လုပ်သည့်နေ့ သတ်မှတ်ဆောင်ရွက်ခြင်း)၊ design of office space (အလုပ်ခွင်အတွင်း ခွဲခြားနေနိုင်သည့်၊ နေရာခြားထားခြင်းဒီဇိုင်း)၊ Six feet office concept (ခြောက်ပေခြား အလုပ်လုပ်ခြင်း)၊ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ပွင့်လင်းမြင်သာသော ဆက်ဆံရေးစနစ်ဖြင့် အကောင်းဆုံး ဆောင်ရွက်နိုင်ကြရေး စသည့်ပုံစံများဖြင့် အသင့်တော်ဆုံး new normal ပုံစံဖြင့် စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်သွားမည်ဟု သိရပါသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နိုင်ငံသားများအနေဖြင့်ကိုဗစ်–၁၉ အလွန်ကာလတွင် "new lifestyle" ဖြင့် နေထိုင်သွားကြရမည်ကို သိထားကြဖို့လိုကြောင်း ပြောကြားပါသည်။ ကိုဗစ်– ၁၉ သည် ကာလတာရှည်စွာ ပြဿနာမျိုးစုံကို ဖန်တီးနေမည်ဖြစ်ကြောင်း ကျန်းမာရေးသာမက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအစရှိသည့် ကဏ္ဍများစွာသည် များစွာ အထိနာခဲ့ကြောင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ထိခိုက်ဆုံးရှုံးကြရခြင်းဖြစ်ရာ မိမိတို့နိုင်ငံသာမက နိုင်ငံအချင်းချင်းလည်း လက်တွဲကြရမည်ဖြစ်ကြောင်း၊ မူလက နေထိုင်လုပ်ကိုင်သွားလာခဲ့မှုများ၏ ပုံပန်းသဏ္ဍာန်တို့သည် ကိုဗစ်ကြောင့် ပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း၊ အလုပ်လုပ်ခြင်း၊ ဈေးဝယ်ခြင်း၊ ခရီး သွားခြင်း၊ အများသုံး သယ်ပို့ယာဉ်များသုံးခြင်း၊ စားသောက်ဆိုင်များ၊ အပန်းဖြေအပျော်နေရာများတွင် အချိန်သုံးခြင်း၊ ပွဲလမ်းသဘင်များ သွားရောက်ခြင်း၊ အခမ်းအနားများ၊ အားကစားပွဲများ သွားရောက်ခြင်းစသည်တို့တွင် ယခင်ပုံစံနှင့် ခြားနားသွားပြီဖြစ်သဖြင့် ဆင်ခြင်ကြရတော့မည် ဖြစ်ကြောင်း၊ မိမိကိုယ်ကို အမြဲကာကွယ်ထားကြရမည်ဖြစ်ပြီး ယင်းသည် အများကိုလည်း ကာကွယ်ထားခြင်းဖြစ်သည် ဆိုသည့်အယူအဆကို ဆက်လက်စွဲကိုင်လိုက်နာနေကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပြင်သွားတိုင်း နှာခေါင်းစည်းတပ်ပါ၊ တစ်ယောက်နှင့် တစ်ယောက်နှစ်မီတာ(ခြောက်ပေ) ခွာနေပါ၊ မကြာခဏလက်ကို ဆပ်ပြာနှင့် ဆေးပါ၊ အပြင်ကပြန်လာပြီးတိုင်း အဝတ်အစားများကိုချွတ်ပြီး လဲလှယ်ပါ၊ အိမ်ကနေပဲ အလုပ်လုပ်တတ်ခြင်းကို ဆက်လက်လုပ်ဆောင်ပါ၊ အများသုံးယာဉ်များသုံးခြင်းကို တတ်နိုင်သလောက်ရှောင်ပါ၊ မိမိအစီအစဉ်ဖြင့်သာ သွားနိုင်အောင် ကြိုးစားပါ၊ မိမိအိမ်မှာပဲ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ပါ စသည်တို့သည် ကိုဗစ်– ၁၉ အလွန်ကာလ၏ Life style များဖြစ်ကြောင်း ပြောကြားပါသည်။

### ပြောင်းလဲကြပါမည်

New Normal ဆိုသည်မှာ ပြောင်းလဲသွားသော အခြေအနေနှင့်အညီ နေထိုင်သွားလာ အလုပ်လုပ်ကိုင်မှုစသည့် လူ့လုပ်ငန်းဆောင်တာတို့ကို လိုက်ပါပြောင်းလဲခြင်း ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါမဖြစ်မီက လွတ်လပ်လုံခြုံသော နေထိုင်သွားလာမှုများကို ယခုအခါတွင်ရော ကိုဗစ် အလွန်ကာလတွင်မှာပါ လုပ်၍ မဖြစ်တော့ပါ။ ကိုရိုနာဗိုင်းရပ်စ်ပိုးတို့၏ကူးစက်နိုင်မှုက နေရာတိုင်းတွင် ရှိနေပါသည်။ လေထု၊ မြေထုတစ်ခုလုံးမှာ ရောဂါပိုးတို့ ရှိနေပါသည်။ မည်သည့်အချိန်အထိ ရှိနေဦးမည်လည်း မသိနိုင်သေးပါ။ ယင်းကို ကာကွယ်ထားနိုင်မှသာ စိတ်အေးစွာ နေထိုင်ခွင့်ရမှာဖြစ်သည်။ ထို့ကြောင့် လူတိုင်းနားအီအောင်ကြားနေကြရပြီးဖြစ်သော လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ ခပ်ခွာခွာနေခြင်း၊ မလိုအပ်ဘဲ အပြင်မထွက်ခြင်း၊ လူစုလူဝေးရှိရာကို ရှောင်ခြင်းစသည့် Social control measures ခေါ် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဆောင်တာများကို အမြဲမပြတ် လုပ်ဆောင်နေကြရမည်ဖြစ်သည်။ ခရီးသွားလာရာတွင်၊ အများသုံးယာဉ်များကိုသုံးရာတွင် ယခင်ကကဲ့သို့ တိုးဝှေ့စီးရခြင်းမျိုးမဖြစ်နိုင်တော့ဘဲ ယာဉ်ပေါ်တွင် ခွာစီးကြခြင်း၊ ထိုင်ခုံတစ်ခုကို လူတစ်ယောက်သာစီးခြင်း စသည့်ပုံစံမျိုး ပြောင်းလဲကြပါမည်။ ဖိလစ်ပိုင်နိုင်ငံတွင် အများသုံးယာဉ်များအစား စက်ဘီးများကို သုံးလာကြသဖြင့် စက်ဘီးအရောင်းသွက်နေကြောင်း သိရသည်။ ထိုသို့သော အခြေအနေမျိုးဖြင့် ကျန်းမာရေးနှင့် အံဝင်အောင် နေထိုင်သွားလာနေကြရပါမည်။ နေထိုင်မှုပုံစံတို့သည် အဟောင်းထဲက ရုန်းထွက်လိုက်ပါ ပြောင်းလဲကြရပါမည်။ ခေတ်ကာလအခြေအနေနှင့်အညီ လိုက်ပါပြောင်းလဲကြရမှာ ဖြစ်သည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစစတို့သည် ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် ပြောင်းလဲသွားခဲ့ပါပြီ။ လပိုင်းအနည်းငယ်အတွင်းမှာပင် မမျှော်လင့်သောအခြေအနေများ ဖြစ်လာခဲ့သည်ကို တစ်ကမ္ဘာလုံးမှာ တွေ့မြင်နေရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံ ဟူပေပြည်နယ် မြို့တော် ဝူဟန်မြို့က စတင်ပေါက်ဖွား ပျံ့နှံ့ခဲ့သည်ဟု လက်ခံထားကြပါသည်။ ဝူဟန်မြို့ကို တစ်လကြာ အသွားအလာ ကန့်သတ်ထိန်းချုပ်ပြီး ပိတ်ဆို့ခဲ့သည်။ ထို့နောက်တွင် ဝူဟန်မြို့အပါအဝင် တရုတ်နိုင်ငံတစ်ခုလုံး ကိုရိုနာဗိုင်းရပ်စ်ပိုးကင်းမဲ့ပြီ " Zero Day" အဖြစ် ကြေညာနိုင်ခဲ့သည်။ ဧပြီ ၇ ရက်သည် ကိုဗစ်–၁၉ ကြောင့် လူသေဆုံးခြင်း လုံးဝမရှိသည့်နေ့ဟု တရုတ်အမျိုးသား ကျန်းမာရေးကော်မရှင်က ဆိုပါသည်။ ဝူဟန်မြို့ကို ဖြေလျှော့လိုက်ပြီး ၇၆ ရက်အကြာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုများ ထပ်မံတွေ့ရသည်။ လူအနည်းစုအုပ်စုတွင် အတည်ပြုလူနာအချို့ ပြန်လည်တွေ့ရသည်။ ယင်းသည်ပင် ဒုတိယလှိုင်းတစ်ခု ပြန်လာလေဦးမလားဟု စိုးရိမ်မှုများ ထပ်မံဖြစ်ပွားလာခဲ့ပါသည်။ သို့သော် ပညာရှင်များကမူ လှိုင်းကြီးတစ်ခုအနေဖြင့် ပြန်မဖြစ်လာနိုင်ပါ၊ ကိုရိုနာဗိုင်းရစ်ပ်ပိုးအကြောင်းကို လေ့လာသင်ယူခဲ့ပြီး ဖြစ်ပါသည်။ သူ့ကို ကာကွယ်တားဆီးနိုင်သည့် Social control measures များသည် အထိရောက်ဆုံးဖြစ်သဖြင့် ထိုလက်နက်ဖြင့် ကာကွယ်ကြရမည်ဟု ဆိုပါသည်။

### ကမ္ဘာတစ်ခွင်လုံး ပြောင်းလဲ

ဝူဟန်တွင် တင်းကျပ်မှုများကို ဖြေလျှော့လိုက်သဖြင့် လူအများ ယခင်ကကဲ့သို့ လွတ်လပ်စွာသွားလာနေထိုင်ကြခြင်းကြောင့်သာ ပိုးကူးစက်မှု ပြန်နိုးထလာခြင်းဖြစ်သည်။ အကြောင်းမှာ ကိုရိုနာဗိုင်းရပ်စ်တို့သည် မပျောက်သွားကြသေးပေ။ လူ့ပတ်ဝန်းကျင်မှာ ရှိနေဆဲဖြစ်သည်။ လူသားတို့အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုးနှင့်အတူ နေတတ်အောင် ပြင်ဆင်ကြရမည်။ နေထိုင်သွားလာမှုပုံစံများကို ပိုးပြန့်ပွားနေစဉ်က နေထိုင်ကြသလို ဆက်လက်ကျင့်သုံးကြရမည်။ ယင်းသည် New Normal သာ ဖြစ်သည်ဟုဆိုပါသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးတို့ကြောင့် ပြောင်းလဲခဲ့သည့် အခြေအနေနှင့် ကိုက်ညီအောင် လိုက်ပါပြောင်းလဲ နေထိုင်တတ်ခြင်းဖြင့် ရောဂါပိုးတို့က လူအများကို အန္တရာယ်မပေးနိုင်အောင် လုပ်ဆောင်ထားခြင်းဖြစ်သည်။ အကျပ်အတည်းကာလအတွင်း တွေ့ကြုံရသည့် အခက်အခဲများကိုလည်း အခွင့်အလမ်းအဖြစ် ကိုဗစ်အလွန်ကာလမှာ အသုံးချနိုင်အောင် ဆောင်ရွက်သင့်ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် ကမ္ဘာတစ်ခွင်လုံး ပြောင်းလဲသွားပါပြီ။ ထိုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးသည်လည်း "ခေတ်သစ်" တစ်ခုဆီ ပြောင်းလဲသွားခဲ့ပါသည်။ ထိုခေတ်သစ်နှင့်အညီ ကာလတစ်ခု အကြာအထိ လိုက်ပါပြောင်းလဲ နေထိုင်တတ်ကြရန် လိုအပ်ကြောင်း ပါခင်ဗျာ။ ။

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၇၈၇၅ | ၂၀၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၀ | ၆ |

**စောင့်ကြည့်လူနာ စုစုပေါင်း – ၄၅၉၈**

**ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၀၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)**

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၃-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းသုံးပစ္စည်းများ သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်လှူဒါန်း

သထုံ မေ ၂၃

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ကုသရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် အထောက်အကူပြု ပစ္စည်းများကို မေ ၂၃ ရက်က ရန်ကုန်မြို့အခြေစိုက် See Ranger Organisation ကိုဗစ်–၁၉ တိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့မှ လာရောက်လှူဒါန်းသည်။

ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေး လုပ်ငန်း၌ ရှေ့တန်းမှ တာဝန်ယူဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ ရရှိစေရန်အတွက် လိုက်လံလှူဒါန်းပေးခြင်းဖြစ်ကြောင်း See Ranger Organisation မှ Organizer ဦးစိန်တန်အောင်က ပြောသည်။

သထုံခရိုင်ပြည်သူ့ဆေးရုံ၌ အသုံးပြုနိုင်ရန် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများ၊ လက်အိတ်များ၊ မျက်နှာကာအပါအဝင် ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိ ပစ္စည်းအမျိုးအစားပေါင်း ခုနစ်မျိုးအား See Ranger Organisation မှ လှူဒါန်းရာ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်အတွက် See Ranger Organisation အနေဖြင့် နိုင်ငံတစ်ဝန်းရှိ နေရာပေါင်း ၆၀ ကျော်သို့ သွားရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်အတွင်း၌ မော်လမြိုင်၊ သံဖြူဇရပ်၊ ရေးနှင့် သထုံ ပြည်သူ့ဆေးရုံတို့သို့ လိုက်လံလှူဒါန်းပြီးဖြစ်ကြောင်း ဦးစိန်တန်အောင်က ဆက်လက်ပြောသည်။

**သက်ဦး(သထုံ)**



## ၂၃-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၆၄၈၂၈၃ | ၄၀၃၃၁၂ | ၉၇၇၃၂ |
| ၂။ | ရုရှား | ၃၃၅၈၈၂ | ၁၀၇၉၃၆ | ၃၃၈၈ |
| ၃။ | ဘရာဇီး | ၃၃၄၇၇၇ | ၁၃၅၄၃၀ | ၂၁၂၁၅ |
| ၄။ | စပိန် | ၂၈၁၉၀၄ | ၁၉၆၉၅၈ | ၂၈၆၂၈ |
| ၅။ | ဗြိတိန် | ၂၅၄၁၉၅ | စိစစ်ဆဲ | ၃၆၃၉၃ |
| ၆။ | အီတလီ | ၂၂၈၆၅၈ | ၁၃၆၇၂၀ | ၃၂၆၁၆ |
| ၇။ | ပြင်သစ် | ၁၈၂၂၁၉ | ၆၄၂၀၉ | ၂၈၂၈၉ |
| ၈။ | ဂျာမနီ | ၁၇၉၇၆၈ | ၁၅၉၉၀၀ | ၈၃၅၄ |
| ၉။ | တူရကီ | ၁၅၄၅၀၀ | ၁၁၆၁၁၁ | ၄၂၇၆ |
| ၁၀။ | အီရန် | ၁၃၃၅၂၁ | ၁၀၄၀၇၂ | ၇၃၅၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃ - ၅ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၁၀၆၈ | ၁၂၉၉၅ | ၂၃ |
| အင်ဒိုနီးရှား | ၂၁၇၄၅ | ၅၂၄၉ | ၁၃၅၁ |
| ဖိလစ်ပိုင် | ၁၃၇၇၇ | ၃၁၇၇ | ၈၆၃ |
| မလေးရှား | ၇၁၈၅ | ၅၉၁၂ | ၁၁၅ |
| ထိုင်း | ၃၀၄၀ | ၂၅၇၅ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၇ | ၀ |
| မြန်မာ | ၂၀၁ | ၁၂၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |



# ရမည်းသင်း၌ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆားများ ထောက်ပံ့ပေးအပ်

ရမည်းသင်း မေ ၂၃

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးကာလအတွင်း ရမည်းသင်းမြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်အငြိမ်းစားများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများထောက်ပံ့ပေးအပ်ခြင်းကို မေ ၂၂ ရက် နံနက် ၁၀ နာရီက ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဇော်မြင့်ဦးက အငြိမ်းစားရဲဝန်ထမ်းဟောင်းများကို နှုတ်ဆက်စကားပြောကြားပြီး ရဲဝန်ထမ်းဟောင်း ၂၉ ဦးအတွက် တစ်ဦးလျှင် ဆန်ငါးပြည် ငါးဘူးနှုန်း၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၉ ကျပ်သား၊ ကုလားပဲ ၄၈ ကျပ်သားတို့ကို နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထိန်လင်းတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၃

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁၇ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၄၆ မြို့နယ်ရှိ နေရာ ၁၀၈ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၅ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၀ ကီလိုဂရမ်၊ ရေဂါလန် ၄၅၀၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

အလားတူ မေ ၁၈ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၅၃ မြို့နယ်ရှိ နေရာ ၉၈ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၀၄ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၅ ကီလိုဂရမ်၊ ရေဂါလန် ၇၁၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



မေ ၁၇ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်ထောင်စုလွှတ်တော်ဝင်းအတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၇ ရက်က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အ.ထ.က ဒီးမော့ဆိုစာသင်ကျောင်းတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ YEP လူငယ်အသက်မွေးဝမ်းကျောင်းသင်တန်း၌ COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

# ရန်ကုန်စတော့အိတ်ချိန်း၏ ဒုတိယအကြိမ် Live Talk တွင် ကိုဗစ်-၁၉ ကာလ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍအကြောင်း ဆွေးနွေးမည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်စတော့အိတ်ချိန်း၏ ဒုတိယအကြိမ် "YSX Live Talk Program" တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ်တွင် ကိုဗစ်-၁၉ နှင့်အတူ လှုပ်ရှားပြောင်းလဲလာမည့် မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍအကြောင်း ဆွေးနွေးပွဲကို မေ ၃၀ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် Yangon Stock Exchange Facebook Page မှ တိုက်ရိုက် Live Stream ထုတ်လွှင့်ပေးမည်။

ကိုဗစ်-၁၉ ကာလအတွင်း မြန်မာ့စီးပွားရေးတွင် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်လာမည့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍအကြောင်းကို စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံသူများ သိရှိနိုင်စေရန် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများဖြစ်ကြသော Ever Flow River Group Public Co., Ltd. (EFR) မှ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်လွင်ဦးနှင့် Myanmar Thilawa SEZ Holdings Public Co.,Ltd. (MTSH)မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးမြင့်ဇော်တို့ ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး ရန်ကုန်စတော့အိတ်ချိန်း၏ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက သဘာပတိအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ "Reshaping business trend of logistic industry in Myanmar Economy with COVID-19" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးလှသော ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ ရှေ့အလားအလာများ၊ ပြောင်းလဲမှုများကို အဓိကထား ဆွေးနွေးမည်ဖြစ်၍ အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၉-၂၅၁၁၆၉၃၄၇ သို့မဟုတ် YSX Facebook Chat Box မှ တစ်ဆင့် မေးမြန်းနိုင်ကြောင်း ကြေညာထားသည်။

**သန့်ဇင်ဝင်း**

# လိုင်လင်းပီမြို့၌ ကော်ဖီပျိုးပင် ၃၀၀၀၀ ကျော် ပျိုးထောင်ရောင်းချပေး

**လိုင်လင်းပီ မေ ၂၃**

ချင်းပြည်နယ် လိုင်လင်းပီမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရွှေ့ပြောင်းတောင်ယာစနစ်စိုက်ပျိုးကြသည့် တောင်သူများ၏ ခြံများတွင် ရွှေ့ပြောင်းတောင်ယာအစား အတည်တကျ ကော်ဖီစိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီပျိုးပင် ၃၀၀၀၀ ကျော်ကို ဂျပန်သံရုံး၏ အဖွဲ့အစည်းတစ်ခုဖြစ်သော Terra People Association(TPA) က ပျိုးထောင်ရောင်းချပေးလျက်ရှိသည်။

ကော်ဖီပျိုးပင်များ ပျိုးထောင်နိုင်ရန်အတွက် မျိုးစေ့များကို ရှာင်မြို့နှင့် ပြင်ဦးလွင်မြို့တို့မှ မှာယူရပြီး နောက်ပိုင်းတွင် ကော်ဖီအခွံချွတ်စက်ကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တည်ဆောက်မည့် မြေနေရာကိုလည်း လျာထားပြီးဖြစ်ကာ လာမည့်နှစ်တွင် စတင်တည်ဆောက်နိုင်တော့မည်ဖြစ်၍ ပြီးစီးသွားပါက အဆိုပါဒေသမှ ထွက်ရှိလာမည့် ကော်ဖီများကို ဈေးကွက်အတွင်း တင်ပို့နိုင်သည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိမီ အချိန်က အဆိုပါအဖွဲ့အစည်းအနေဖြင့် ဒေသခံတောင်သူများအား စိုက်ပျိုးရေးနည်းပညာများကို အလျဉ်းသင့်သလို သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် ၎င်းအဖွဲ့အစည်း၏ စီစဉ်ပေးမှုအရ ဂျပန်နိုင်ငံ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ(ODA)၏ ငွေကြေးထောက်ပံ့မှုဖြင့် တည်ဆောက်ခဲ့သည့် ပျိုးခြံတည်ဆောက်မှုမှာလည်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းစင်သွားပါက အဆိုပါဒေသရှိ တောင်သူများအား စိုက်ပျိုးရေးနည်းပညာများကို စနစ်တကျ သင်ကြားပို့ချကာ ပျိုးပင်များကိုလည်း စနစ်တကျ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှုထမ်းဟောင်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**မြစ်ကြီးနား မေ ၂၃**

ကချင်ပြည်နယ်ရဲတပ်ဖွဲ့၏ ရဲမှုထမ်းဟောင်းများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၀ ရက်က မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၌ ကျင်းပသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် နယ်မြေခံတပ်မှ ဗိုလ်မှူး သိန်းထူး၊ ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲမှုထမ်းဟောင်း ငါးဦးအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၅ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၈၀/၅၂၀ | ကျပ် | ၅၁၀/၅၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၂၀/၅၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၉၀/၄၄၀ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၂၀/၅၅၀ | ကျပ် | ၅၉၅/၆၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၆ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၇ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၇ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၂၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၈၈ |

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၀၄၅ | ၄၃၈၈၇၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၁၆၇၁ | ၆၂၄၈၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၃၀၀ | ၂၄၃၀၀၀၀ |
| FPB | ၂၃၅၀၀ | ၂၄၀၀၀ | ၇၉၃ | ၁၉၀၃၁၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၁ | ၁၄၀၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# တန်ဖိုးကြီးတဲ့ပန်းကလေးတွေ

ကေ - ဂျူဝယ်လ်



Juliet Rose

မင်္ဂလာပါကလေးလေးတို့ရေ၊ မမက ဒီတစ်ပတ်မှာ ကလေးတို့ကို ချစ်စရာကောင်းပြီး ရှားပါးတဲ့ တန်ဖိုးကြီး ပန်းပွင့်လေးတွေအကြောင်းကို ပြောပြချင်ပါတယ်။ ဒီရာသီဟာ မိုးဦးကျရာသီမို့ မမတို့ ပတ်ဝန်းကျင်အားလုံးက စိမ်းစိမ်းစိုစိုနဲ့ ကြည့်လို့ကောင်းနေပြီပေါ့။ ပန်းကလေးတွေဆိုတာကလည်း ရာသီဥတုကောင်းပြီး ရေလည်းရမယ်၊ နေရောင်ခြည်ကိုလည်း ရရှိရမယ်၊ ပြီးတော့ လေကလည်း လတ်ဆတ်ပြီးရေငွေ့ပါတဲ့လေမျိုးဖြစ်မှ ပိုပြီးလှလှပပ ပွင့်ကြတာပေ့ါ။ ပန်းကလေးတွေဟာ သဘာဝတရားရဲ့ အလှပဆုံးလက်ဆောင်လေးတွေပေါ့ကွယ်။ ဘယ်သူမဆို လှပတဲ့ပန်းကလေးတွေကို မြင်ရရင် စိတ်ကြည်နူးကြတယ်မဟုတ်လား။ အခု မမပြောပြချင်တဲ့ ပန်းကလေးတွေက ကမ္ဘာပေါ်မှာ ဈေးလည်းအကြီးဆုံး၊ လူကြိုက်လည်းအများဆုံးနဲ့ သိပ်ကိုလည်း လှတဲ့ပန်းကလေးတွေပေ့ါ။



Kadupul Flower လို့ခေါ်တဲ့ ညနတ်သမီးလေး

### Kadupul Flower လို့ခေါ်တဲ့ ညနတ်သမီးလေး

သူကတော့ ဟိုးရှေးရှေးတုန်းကတည်းက ညနတ်သမီးလေးလို့ တင်စားခေါ်ဝေါ်ခဲ့ကြတဲ့ ပန်းလေးပေ့ါ။ ကုမုဒြာကြာမျိုးဖြစ်တဲ့ ညနတ်သမီးလေးဟာ တစ်နှစ်လုံးမှာမှ တစ်ညပဲ ပွင့်တာမို့ သိပ်ကိုအံ့သြဖို့ကောင်းတာပါ။ ကလေးတို့က ညမိုးချုပ်တဲ့အထိ မအိပ်ဘဲနဲ့ ပန်းကလေးပွင့်မယ့်အချိန်ကို စောင့်ကြည့်နိုင်ဖို့တော့လိုမယ်။ ဒါပေမယ့် ဘယ်လိုညမျိုးမှာ သူကပွင့်မှာလဲဆိုတာ ကလေးတို့လည်း ကြိုမသိနိုင်ဘူးလေ။ ထူးခြားတာက သူက သိပ်ကိုမွှေးတာတဲ့။ ညနတ်သမီးလေး ပွင့်တော့မယ့် ညဘက်မှာ ညဦးကတည်းက ကလေးတို့ တစ်ခါမှ မရဖူးတဲ့ ပန်းရနံ့လေးကို ခံစားရမယ်။ ဒါကိုသတိထားမိရင်တော့ ညကျရင် သူပွင့်လာမှာကို ကလေးတို့ကြိုစောင့်နေလို့ရပါပြီ။

သူ့အပွင့်က မွေးခါစကလေးလေး တစ်ယောက်ရဲ့ ဦးခေါင်းလောက်ရှိတယ်တဲ့။ ညဘုရင်မလို့လည်း တင်စားခေါ်ဝေါ်ကြတဲ့ အဲဒီပန်းကလေးတွေက သဲကန္တာရတွေနဲ့ ပူနွေးတဲ့နေရာတွေမှာ ရှိတယ်လို့ဆိုပါတယ်။ အဲဒီပန်းကလေးရဲ့ မျိုးစိတ်ကိုယူပြီး အိမ်တွေက ပန်းခြံတွေမှာ စိုက်ပျိုးလို့ရအောင် စိုက်ပျိုးရေးပညာရှင်တွေက ကြိုးပမ်းနေကြပါတယ်။ အဲဒီပန်းကလေးတွေဟာ ညသန်းခေါင်ယံကနေ မနက်မိုးမလင်းခင်အချိန်ကြားမှာ အစွမ်းကုန်ဖူးပွင့်ပြီး မွှေးကြိုင်တဲ့ရနံ့တွေကိုလည်း ထုတ်လွှတ်ကြတာပေ့ါ။ ဒါပေမယ့် မနက်ဘက် နေလုံးကြီးပေါ်ထွက်လာတာနဲ့ ပန်းကလေးတွေက ညှိုးပြီးခြောက်သွားပါလေရောတဲ့။ ကလေးတို့ရော ညနတ်သမီးလေးကို အိမ်မှာ မစိုက်ချင်ကြဘူးလား။

### Juliet Rose

ဂျူးလီယက်ဆိုတာ ရှေးဟောင်းပြဇာတ်ထဲက သိပ်ကိုလှတဲ့ မင်းသမီးလေးပေ့ါကွယ်။ အဲဒီလိုပဲ သိပ်ကိုလှပတဲ့ နှင်းဆီပန်းလေးတစ်မျိုးကိုတော့ ဂျူးလီယက်နှင်းဆီဆိုပြီး မင်းသမီးလေးနဲ့တင်စားခေါ်ကြတာပါ။ ထူးထူးခြားခြား အနံ့သင်းသင်းလေးနဲ့ နှင်းဆီပန်းလေးဟာ တခြားနှင်းဆီပန်းတွေနဲ့မတူဘဲ ပိုးစလေးတွေကို အထပ်ထပ်ဖြစ်အောင် ဖန်တီးထားလိုက်သလို သိပ်ကိုဆန်းကြယ်လှပတဲ့ နှင်းဆီပန်းလေးပေ့ါ။ ၂၀၀၆ ခုနှစ်မှာ ကျင်းပတဲ့ ချယ်လ်ဆီးပန်းပြပွဲမှာဆိုရင် သူက သိပ်ကို နာမည်ကြီးခဲ့တာတဲ့။ ဂျူးလီယက်နှင်းဆီပင်လေးကို စတာလင်ပေါင် သုံးသန်းနဲ့တောင် ရောင်းခဲ့ကြတဲ့အတွက် တော်တော်ကို ဈေးကြီးတဲ့ပန်းပေ့ါကွယ်။ မြန်မာငွေနဲ့တွက်မယ်ဆိုရင် သိန်းပေါင်းသောင်းချီတာပေ့ါ။

ဒါပေမယ့် အခုနောက်ပိုင်းမှာ စိုက်ပျိုးရေးသုတေသီတွေက အဲဒီပန်းလေးတွေ များများပွင့်အောင် ကြိုးစားကြတဲ့အတွက် ပန်းတစ်စည်းကို ငွေကျပ် သိန်းဂဏန်းလောက်နဲ့ ဝယ်နိုင်ပါပြီတဲ့လေ။ ဒါပေမယ့်စပြီးပေါ်ခါစက ဈေးကြီးပေးခဲ့ရတဲ့အတွက် ပေါင်သုံးသန်း နှင်းဆီပန်းလေးလို့ စနောက်ကြသတဲ့။ လက်ဖက်နံ့နဲ့ လတ်ဆတ်တဲ့ နှင်းဆီနံ့ ပေါင်းစပ်ထားတဲ့ ဂျူးလီယက်နှင်းဆီလေးတွေဟာ မင်္ဂလာရှိတဲ့အခမ်းအနားတွေမှာတော့ မပါမဖြစ်ပေ့ါကွယ်။

### Shenzhen Nongke လူလုပ်သစ်ခွ

သစ်ခွပင်တွေကို ကလေးတို့ မြင်ဖူးကြတယ်မလား။ သူတို့ကသိပ်ကိုလှပပြီး တန်ဖိုးလည်းကြီးတယ်လေ။ မြေကြီးမှာထက် ကျောက်သားတွေ၊ သစ်ပင်တွေအထက်မှာ ကပ်ပြီးပေါက်ကြတာ။ မကြာခဏလည်း မပွင့်တတ်ကြဘူး။ တစ်နှစ်မှာ တစ်ခါပဲပွင့်ကြတာ။ မမတို့နိုင်ငံမှာ တောတောင်တွေ အများကြီးရှိပြီး သစ်ပင်အကြီးကြီးတွေရဲ့ ထိပ်မှာ သစ်ခွတွေက ရှင်သန်ပေါက်ရောက်နေကြတာပေ့ါ။ ဒါပေမယ့် အဲဒီလို ရှားပါးပြီး လှပတဲ့သစ်ခွတွေကို သုတေသနစမ်းသပ်ခန်းတွေထဲကနေ မျိုးစပ်ဖန်တီးပြီး ပန်းအသစ်မျိုးတွေ ထုတ်လာကြတာလည်း ရှိတယ်။ မမအခုပြောပြမယ့်သစ်ခွက ရှန်ဇန်းနန်ကီလို့ခေါ်တဲ့ သုတေသနဌာနတစ်ခုကနေ မွေးဖွားလာတာပေ့ါ။ ပန်းတစ်ပွင့်ကို ဒေါ်လာ သုံးသိန်းနီးပါးနဲ့ ပန်းချစ်သူတစ်ယောက်က ဝယ်သွားတယ်ဆိုတော့ မြန်မာငွေနဲ့တွက်ရင် သိန်း ၃၀၀၀ လောက်တောင် တန်ဖိုးကြီးပါတယ်။

ပန်းကလေးတစ်ပွင့်ကို လိုချင်တဲ့ပုံစံ၊ လိုချင်တဲ့အရောင်တွေနဲ့ ပန်းပုထုသလို ထုဆစ်ဖို့ဆိုတာ တော်တော်ကို မလွယ်တဲ့ကိစ္စပါပဲ။ ဒါပေမယ့် ပန်းကလေးက ချစ်စရာကောင်းပြီး တော်တော်လေးလည်း လှပနေတာပါ။ အစိမ်းရောင်၊ ခရမ်းရင့်ရောင်၊ ပန်းရောင်ဖျော့နဲ့ အဖြူရောင်၊ အဝါရောင်စတဲ့ အရောင်စုံဟာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ လှနေသတဲ့။ ။



Shenzhen Nongke လူလုပ်သစ်ခွ

## လောကဝတ် (Etiquette)

# ကျောင်းမတက်ခင် သိထားဖို့လိုပါတယ်

မမမေ

ကိုဗစ်-၁၉ ရောဂါက အခုထိကို ဖြစ်လို့မဆုံးနိုင်သေးတာမို့ ကလေးတို့လည်း အိမ်မှာပဲအချိန်တွေ ကုန်ဆုံးနေကြမှာပေ့ါနော်။ သိပ်တော့ စိတ်မပူပါနဲ့ကလေးတို့ရေ၊ “ကလေးတို့ကျောင်းတွေ အမြန်ဆုံးပြန်ဖွင့်လို့ရအောင် မိမိတို့ရဲ့နိုင်ငံ အကြီးအကဲတွေအားလုံး ကြိုးစားပြီးပြင်ဆင်နေကြပါတယ်။ ပညာရေးဆိုတာ သိပ်ကို အရေးကြီးသလို ကလေးတို့ ကျန်းကျန်းမာမာနဲ့ ပညာသင်ကြားဖို့ကလည်း အရေးကြီးနေတော့ အားလုံးပြင်ဆင်နေကြရတာပေ့ါ။




ဒီတစ်ပတ်မှာ မမက ကလေးတို့ကျောင်းကို မသွားကြသေးခင် ကြိုသိထားသင့်တဲ့ ကျန်းမာရေးဆိုင်ရာ သတိပေး ချက်ကလေးတွေကို ပြောပြထားချင်ပါတယ်။ ဒါကိုတော့ ယူနီဆက်ဖ်ကနေ ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ကလေးတို့ဆရာ၊ ဆရာမတွေ လိုက်နာလုပ်ဆောင်ဖို့၊ ကလေးတို့နဲ့ မေမေတို့တွေ လိုက်နာကြဖို့ အကြံပြုချက်တွေထဲက ကလေးလေးတို့ မဖြစ်မနေသိရမယ့်အကြောင်းတွေကို မမပြောပြပေးမယ်နော်။

၁။ ကျန်းမာရေးအတွက် အလေ့အထကောင်းတွေဖြစ်တဲ့ လက်ကို ခဏခဏဆေးဖို့လိုပါတယ်။ ချောင်းဆိုး၊ နှာချေတဲ့အခါတိုင်းမှာလည်း တံတောင်ဆစ်နဲ့ ကာကွယ်ဖို့ လိုအပ်တယ်နော်။

၂။ လက်ဆေးတဲ့အခါ လက်ကို စက္ကန့် ၂၀အကြာ ဆပ်ပြာနဲ့ဆေးရမယ်။ စက္ကန့် ၂၀ အတွက် ကလေးတို့ သီချင်းတွေဆိုရင်း ကုန်ဆုံးကြည့်ရအောင်နော်။

၃။ လက်သန့်ဆေးတွေကို ကလေးတို့ အသုံးပြုကြရမယ်နော်။

၄။ လက်ဆေးရမှာက တစ်ခါတည်းမဟုတ်ပါဘူးကလေးတို့ရေ၊ အရာဝတ္ထုတွေကို ကိုင်တွယ်မိတိုင်း၊ ဒါမှမဟုတ် အချိန် တစ်နာရီ၊ နှစ်နာရီလောက်ဆိုရင် လက်ကို တစ်ခါပြန်ဆေးရမယ်နော်။



၅။ တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးနေရမယ်နော်။ ကလေးတို့လက်ကလေးတွေကို ဆန့်လိုက်ပြီး အတောင်ပံတွေလို ပျံသန်းလိုက်ပါ။ အဲဒီအကွာအဝေးမှာပဲ သူများတွေနဲ့ စကားပြောရမယ်နော်။

၆။ ကလေးတို့ သူငယ်ချင်းတစ်ယောက်ယောက်ကများ ချောင်းဆိုးမယ်၊ မောပန်းမယ်၊ နှာချေနေမယ်၊ ဖျားနေမယ်၊ ခေါင်းကိုက်နေမယ်၊ အသက်ရှူမဝဖြစ်နေမယ်၊ ဗိုက်အောင့်နေမယ်ဆိုရင် သူ့အနားကို မသွားမိဘဲ ဆရာ၊ ဆရာမတွေကို အကြောင်းကြားရမယ်။ နှာခေါင်းစည်း Mask နဲ့ မျက်နှာကာ Face Shield ကိုလည်း တပ်ဆင်ထားကြရမယ်နော်။ ဒါတွေပြီးသွားရင် အစားကို မှန်မှန်စားပြီး အားရှိအောင် အိပ်ရေးဝဝအိပ်လို့ ကိုဗစ်-၁၉ ရောဂါကို အတူတူကာကွယ်ကြမယ်နော်။ ။



# ၉၅ နှစ်ကျော်သက်တမ်းရှိ ပြည်ဆောင်နှင့် တကောင်းဆောင်တို့ကို အကြီးစားပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်မည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ ပြည်လမ်း ရန်ကုန်ပညာရေးတက္ကသိုလ်ဝင်းအတွင်းရှိ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သော နှစ်ပေါင်း ၉၅ နှစ်ကျော်သက်တမ်းရှိပြီဖြစ်သည့် ပြည်နှင့်တကောင်း သစ်သားကျောင်းဆောင်ကြီး နှစ်ဆောင်ကို အကြီးစား ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ဆေးတက္ကသိုလ်(၁)နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်ဝင်းအတွင်း အဆောင်ပေါင်း ငါးဆောင်ရှိပြီး ပြည်နှင့် တကောင်းသစ်သားဆောင်မှ လွဲ၍ ကျန်သော ပုဂံဆောင်၊ အမရာဆောင်နှင့် သံပျင်ဆောင်တို့မှာ အာစီတိုက်များဖြစ်ရာ ပြည်နှင့် တကောင်းဆောင်တို့မှာ (၁၉၂၃-၁၉၂၄) ခုနှစ် ကိုလိုနီခေတ်တွင် တည်ဆောက်ခဲ့သောကြောင့် ခေတ်နှစ်ခေတ်၏ ယဉ်ကျေးမှုကိုပုံဖော်ပြသထားခြင်းဖြစ်သောကြောင့် ထိုသစ်သားအဆောင်နှစ်ဆောင်ကို အသစ်ပြန်လည်တည်ဆောက်ခြင်းမဟုတ်ဘဲ ရှေးဟောင်းလက်ရာကို ထိန်းသိမ်းသည့်အနေဖြင့် အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြစ်သည်။


ရန်ကုန်ပညာရေးတက္ကသိုလ်ဝင်း အတွင်းရှိ ပြည်ဆောင်။

ယင်းအဆောင်နှစ်ဆောင်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အသေးစိတ်စစ်ဆေးဆောင်ရွက်၍ ပြင်ဆင်သင့်သည်တို့ကို စိစစ်ကာ ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်တွင် အမိုးပြုပြင်ခြင်းနှင့် လျှပ်စစ်ပြုပြင်ခြင်းလုပ်ငန်းကို ဦးစားပေး စတင်ဆောင်ရွက်မည်ဖြစ်ပြီး အမိုး၊ အကာ၊ အခင်း၊ ရေမြောင်းစနစ်၊ လျှပ်စစ်မီး၊ မီးသတ်စနစ်၊ ခြသတ်လုပ်ငန်းနှင့် အထပ်မြှင့်တင်ခြင်းလုပ်ငန်းတို့ ကျန်ရှိ၍ အဆိုပါအဆောက်အအုံ အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပြီးစီးရန် လျာထားကြောင်းနှင့် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု သိရသည်။

"ကျွန်တော်လည်း ၁၉၅၀ ပြည့်နှစ်မှာ ပင်းယကျောင်းဆောင်နဲ့ ၁၉၅၉ ခုနှစ်မှာ တကောင်းအဆောင်မှာ နေခဲ့ဖူးပါတယ်။ ကိုလိုနီခေတ်လက်ရာ သစ်သားကျောင်းဆောင်ကြီးဖြစ်တဲ့အတွက် သမိုင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းသင့်တဲ့ ကျောင်းဆောင်တွေဆိုရင်လည်း မများပါဘူး"ဟု ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းဦးက ပြောသည်။

ပြည်နှင့် တကောင်းသစ်သား အဆောင်နှစ်ဆောင်၏ အလျားမှာ ပေ ၄၈၀၊ အနံ ပေ ၄၀ နှင့် အမြင့် ပေ ၃၀ ရှိပြီး တစ်ဆောင်လျှင် ကျောင်းသူ ၂၀၈ ဦးနေထိုင်ကာ အသစ်ပြုပြင်ပြီးပါက မူလဦးရေအတိုင်း ဆက်လက်ထားမည်ဖြစ်၍ ထိုအဆောင်နှစ်ဆောင်ကို နှစ်စဉ်သာမန် ခွင့်ပြုဘဏ္ဍာငွေမှ ပြုပြင်ထိန်းသိမ်းခြင်းများကိုသာ ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်၌ အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။ ပြည်အဆောင်နှင့် တကောင်းအဆောင် အကြီးစားပြုပြင်မွမ်းမံမှုတို့တွင် အမိုးနှင့် လျှပ်စစ်ကဏ္ဍတို့ကို ဦးစားပေးပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်ပညာရေးတက္ကသိုလ်ဝင်းအတွင်း ရှေးဟောင်းလက်ရာ သစ်သားကျောင်းဆောင်ကြီး နှစ်ဆောင်သာကျန်ရှိသောကြောင့် အကြီးစားပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ပြီးပါက ပညာရေးတက္ကသိုလ်ကျောင်းသူများ တည်းခိုနေထိုင်ရာ အဆင့်မြင့်ပညာသင်ကြားမှုတွင် အထောက်အကူဖြစ်စေမည့်အပြင် ရှေးဟောင်းအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်စေမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# သက်တမ်းနှစ်တစ်ရာကျော်ရှိ တိမ်ကောနေသည့် သံဖြူဇရပ်မြို့ ကြာကန်အင်းကြီး ပြန်လည်တူးဖော်

**သံဖြူဇရပ် မေ ၂၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကြာကန်ရပ်ကွက်နယ်မြေအတွင်း သက်တမ်းနှစ်ပေါင်းတစ်ရာကျော်ရှိပြီး ဧရိယာ ၃၁ ဧကကျယ်ဝန်းသော ကြာကန်အင်းကြီးသည် နှစ်များစွာတိမ်ကောခဲ့ကာ နွေရာသီ၌နှစ်စဉ်ရေခန်းခြောက်ခြင်းကြောင့် ပြည်သူများမှာ အဆိုပါအင်းကြီး မပျက်စီးစေရေးနှင့် မြို့၏ရေအရင်းအမြစ် ထိန်းသိမ်းနိုင်ရေးအတွက် ပြန်လည်တူးဖော်ရန် ဆန္ဒရှိကြသည်။

အဆိုပါ ကြာကန်အင်းကြီးကို ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ ပြန်လည်တူးဖော်ရေးအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ ညှိနှိုင်းမှုဖြင့် စက်ယန္တရားများ အကူအညီရရှိမှုကြောင့် မေလ တတိယပတ်မှစတင်ကာ မြို့ပြည်သူများ၏ ပံ့ပိုးငွေဖြင့် အင်းတူးဖော်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြာကန်အင်းကြီး၏ အခြေအနေနှင့်ပတ်သက်၍ အင်း ပြန်လည်တူးဖော်ရေး ကော်မတီအဖွဲ့ဝင် ဦးအောင်ငြိမ်းက "ကြာကန်အင်းကြီး တည်ရှိနေတာ နှစ်ပေါင်း တစ်ရာကျော်ပါပြီ။ အရင်က ကြာပင်တွေ ကန်အပြည့်ပေါက်ပြီး နက်လည်းနက်ပါတယ်။ နွေရာသီဆိုရင် ရေကို ထိန်းသိမ်းနိုင်လို့ ၄က်ပေါင်းစုံနဲ့ ငါးသယံဇာတပေါများတဲ့ ကန်ပါ။ ၁၉၄၆ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ သံဖြူဇရပ် ခနသဟာယ စစ်သင်္ချိုင်းက အပင်တွေ ရေပေးဖို့ ကြာကန်အင်းမှာ ရေစက်ထိုင်ပြီး စစ်သင်္ချိုင်းရှိရာကို ပိုက်လိုင်းနဲ့ တွန်းပို့ပြီး နှစ်ပေါင်း ငါးဆယ်ကျော် အသုံးပြုခဲ့ကြတယ်။ ၁၉၇၈ ခုနှစ်မှာ နောက်ဆုံးတစ်ကြိမ် လူထုလုပ်အားနဲ့ ပြန်လည်တူးဖော်ပြုပြင်ပြီးနောက်ပိုင်း အင်းကြီးကို ပြန်လည်တူးဖော်မှု မရှိခဲ့တာ နှစ်ပေါင်း လေးဆယ်ကျော်ခဲ့ပါပြီ။ ကြာကန်အင်းကြီးက ရေအရင်းအမြစ် ထိန်းပေးတာကြောင့် သံဖြူဇရပ်မြို့မှာ နွေရာသီရေခန်းခြောက်မှုဆိုတာ မရှိခဲ့ပါဘူး။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက အင်းကြီးကောလာခဲ့တာ ပြန်လည်တူးဖော်မှုမလုပ်ရင် နှစ်အနည်းငယ်အတွင်းမှာ သံဖြူဇရပ်မြို့ရဲ့ ရေအရင်းအမြစ်ပျောက်ဆုံးသွားနိုင်ကြောင်း ပညာရှင်များရဲ့သုံးသပ်ချက်ကြောင့် ပြန်လည်တူးဖော်တာဖြစ်ပါတယ်"ဟု ပြောသည်။




ကြာကန်အင်းကြီးကို ပြန်လည်တူးဖော်ရာတွင် ယခုနှစ် နွေရာသီ၌ အင်း၏လေးပုံတစ်ပုံခန့်သာ မိုးရွာသွန်းခြင်းမရှိမီ တူးဖော်နိုင်မည်ဖြစ်ပြီး ကန်အနက် ကိုးပေနှင့် ကန်ပေါင်ကြံ့ခိုင်မှုရှိရေးအတွက် စက်ယန္တရားလေးစီး၊ မြေသယ်ယာဉ် ရှစ်စီးဖြင့် လုပ်ငန်းဆောက်ရွက်နေကြောင်း သိရသည်။ (ဝဲပုံ) **အေးအေးသီ(ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ် မေလထုတ် သုတပဒေသာစာစောင်ထွက်ရှိ

**နေပြည်တော် မေ ၂၃**

၁၉၇၃ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူ များ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ် ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ်စာအုပ် စာစောင် များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် " လေးစားကူညီ ကြက်ခြေနီ"မျက်နှာဖုံးဆောင်းပါး ကြီးများပါဝင်သော သုတပဒေသာစာစောင် (မေလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၀ပြည့်နှစ် မေလထုတ် သုတပဒေသာစာစောင်တွင် ဆရာ K.M.A၊ သန်းစော(စီပီအေ)၊ ပါမောက္ခ ဦးသိန်းလှိုင်တို့၏ "လေးစားကူညီ ကမ္ဘာ့ကြက်ခြေနီ" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ ကြည်မင်း၊ ထင်ဇော်မှူးသင်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)၊ ရဲထက်ဇော်တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ယဉ်မင်းထွေး(စာပေဗိမာန်)တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ သောင်းထိုက်ဦး(သဃ်န်းကျွန်းကြီး)၊ အေးဖြူ ထီလာစိုးမြင့်ထယ်တို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာဆောင်းပါးများ၊ ချိုးငှက်(သံတွဲ)၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ ကျော်ရှင်း၊ ကြည်လွင်ဦး(ရေနံ)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ မြသိန်း၊ ဝင်းထွဋ်ဦး၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဒေါက်တာခင်မောင်ညို၊ ဆူးထက်အောင်တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ နိုင်သောင်းထွဋ်၊ မောင်ကျေးဇူး၊ စိန်ဝင်းနွယ်၊ မြသွေးချယ်၊ ဆောင်းဝင်းလတ်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ် အရောင်းဆိုင် ၈၆လမ်း ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်ရေးသားသည့် မင်းရေးကြွယ်ကြွယ် စာအုပ်ထွက်ရှိ

**ရန်ကုန် မေ ၂၃**

မြဝတီစာပေတိုက်က ပြန်လည်ထုတ်ဝေသည့် ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်ရေးသားသော "မင်းရေးကြွယ်ကြွယ်" လုံးချင်းစာအုပ်သည် စာရေးသူ ဖြတ်သန်းလာခဲ့သော တပ်မတော်သားဘဝနှင့် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဇာတ်ခုံ၊ သန့်ရှင်းဖဆပလ၊ တည်မြဲဖဆပလ တို့အကြား ပါဝင်ဆောင်ရွက်ခဲ့ရမှုနှင့် ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သည့် အိမ်စောင့်အစိုးရ လက်ထက်တွင် တပ်မတော်၏ ပါဝင်ပတ်သက်ခဲ့ရမှု အစိတ်အပိုင်းအချို့ကို ပြုစုရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

၎င်းစာအုပ်တွင် စာရေးသူက သူ ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးနှင့် စစ်ရေးကဏ္ဍများတွင် ကြုံတွေ့ခဲ့ရသော အကြောင်းအရာများကို မှတ်တမ်းတစ်ခုအဖြစ် ပြုစုရေးသားခဲ့ခြင်းလည်းဖြစ်သည်။ မြဝတီစာပေတိုက်က "မင်းရေးကြွယ်ကြွယ်" လုံးချင်းစာအုပ် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ကြက်ဥအရောင်တိမ်တောင်သဖွယ် မင်းရေးကျယ်လှသော နိုင်ငံရေးအတွင်း တပ်မတော်သားတို့၏ ပါဝင်ပတ်သက်လှုပ်ရှားခဲ့ကြပုံနှင့် တပ်မတော်သားတို့အနေဖြင့် တိုင်းပြည်ကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကာကွယ်စောင့်ရှောက်တည်ဆောက်ခဲ့ကြပုံကို လေ့လာသိရှိနိုင်စေရန် ဖြစ်သည်။ ဤစာအုပ်တွင် နိုင်ငံရေးပါတီများ ပြိုကွဲမှု၊ နိုင်ငံရေးပါတီတို့၏ အချင်းချင်း အားပြိုင်မှုတို့ကြောင့် တိုင်းပြည်အခြေအနေ ပျက်ယွင်းခဲ့ရမှုတို့ကို သင်ခန်းစာယူဖွယ် တွေ့ရှိရသလို နိုင်ငံရေးအရ သံဝေဂရဖွယ်များ၊ အတုယူဖွယ်ရာများ ပါဝင်သည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။




**မြန်မာ့အလင်း**


# တပ်ကုန်းမြို့၌ ၂၀၂၀ မိုးရာသီစိုက်ပျိုးစရိတ်ငွေထုတ်ချေးပေး


**တပ်ကုန်း မေ ၂၃**


နေပြည်တော် တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ်ငွေ ထုတ်ချေးခြင်းကို ရပ်ကွက် /ကျေးရွာအုပ်စု ပေါင်း ၅၃ အုပ်စုမှ တောင်သူဦးရေ ၁၂၅၀၀ ၊ မိုးစပါး ၄၃၅၅၃ ဧက၊ အခြား သီးနှံ ၆၅၉၅ ဧကအတွက် ချေးငွေကျပ် ၇၁၉၂ ဒသမ ၄၅ သန်းကို ထုတ်ချေးရန် လျာထားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ တောင်သူများအား ဘဏ်ရုံးဝင်းအဝင် လက်ဆေးရေစင်၌ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်လာစေခြင်း၊ ထိုင်ခုံများ သုံးပေအကွာထားရှိခြင်း၊ အလှည့်ကျစနစ်ဖြင့် စည်းကမ်းတကျ စိုက်ပျိုးစရိတ် ထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်နန်းတင်စန်းထံက သိရသည်။


ယင်းစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၅ ရက်က စတင်ပြီး သံပုရာကုန်းအုပ်စုရှိ တောင်သူ ၁၂၅ ဦးအား မိုးစပါး ၁၇၉ ဧကနှင့် အခြားသီးနှံ ၃၃၈ ဧကအတွက် ငွေကျပ် ၆၀၆ သိန်းငါးသောင်း၊ ဗိုလ်မင်းရောင်ရပ်ကွက်မှ တောင်သူ ၂၅ ဦးအတွက် မိုးစပါး ၅၉ ဧကအတွက် ငွေကျပ် ၁၄၂ သိန်းငါးသောင်း၊ အလယ်ကျွန်းအုပ်စုမှ တောင်သူ ၁၁၁ ဦးအား မိုးစပါး ၁၀၄ ဧကနှင့် အခြားသီးနှံ ၅၁၈ ဧကအတွက် ငွေကျပ် ၆၇၄ သိန်း ထုတ်ချေးပေးပြီးဖြစ်ကာ ကျန်ရှိသည့် ကျေးရွာအုပ်စု တောင်သူများကိုလည်း စက်တင်ဘာလကုန်အထိ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။


**တင်စိုးလွင်**



HTOO











# မကွေးမြို့၌ ဟိုတယ်/ဧည့်သည်တည်းခိုမှုစာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနိုင်ရေး ပထမအကြိမ် သင်တန်းဖွင့်

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီးအတွင်းမှ ဟိုတယ်/မိုတယ်များကို ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် ဟိုတယ်/ဧည့်သည်တည်းခိုမှုစာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနိုင်ရေးနှင့် ရရှိမည့်အကျိုးရလဒ်များကို ရှင်းလင်းပို့ချသည့် သင်တန်းတစ်ရပ်ကို မေ ၂၁ ရက်ကစ၍ ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီးရုံးခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်စိန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များ၊ အကြံပြုချက်များနှင့်အညီ သက်ဆိုင်ရာအဖွဲ့များ၏ ညွှန်ကြားချက်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော အများပြည်သူ သိရှိလိုက်နာရန် အချက်များကို လိုက်နာရေးအတွက် ဟိုတယ်/ ဧည့်သည်တည်းခိုမှုစာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနိုင်ရန် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။(ဝဲပုံ)



မေ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည့် သင်တန်းတွင် ဟိုတယ်/မိုတယ် တစ်ခုလျှင် သင်တန်းသား နှစ်ဦးနှုန်းဖြင့် မကွေးမြို့ပေါ်ရှိ ဟိုတယ်/မိုတယ် ၁၀ ခုမှ သင်တန်းသား သင်တန်းသူ ၂၀ အား သင်ကြားပေးခဲ့ပြီး မေ ၂၂ ရက်တွင် မင်းဘူး၊ ရေနံချောင်း၊ ပွင့်ဖြူ၊ တောင်တွင်းကြီး စသည့် မြို့နယ်များရှိ ဟိုတယ်/မိုတယ်များမှ သင်တန်းသား ၂၀ တို့အား ထပ်မံ၍ သင်ကြားပို့ချခဲ့ကြောင်း၊ ကျန်ဒေသများရှိ ဟိုတယ်/မိုတယ်များမှ ဝန်ထမ်းများကိုလည်း သင်တန်းပေးနိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန တိုင်းဒေသကြီးရုံးမှသိရသည်။

**ဇေယျာတု(မကွေး)**

# မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထွန်စက်ငှားရမ်း ထွန်ယက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**မိတ္ထီလာ မေ ၂၃**

မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များရှိ ဒေသခံတောင်သူများ၏ မိုးကြိုကာလ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် ထွန်စက်များ ငှားရမ်းထွန်ယက်ပေးခြင်းကို ခရိုင်စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ( ယာပုံ)

" အခု မိုးဦး မိုးကြိုကာလမှာ မိတ္ထီလာခရိုင်အတွင်းက မြို့နယ်လေးခုမှ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ လိုအပ်လျက်ရှိတဲ့ထွန်စက်ငှားရမ်းထွန်ယက်ပေးခြင်းကို ခရိုင်စက်မှုလယ်ယာ ဦးစီးဌာနအနေနဲ့ ဝန်ဆောင်မှုပေး ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုလယ်ယာဦးစီးဌာနရဲ့ ထွန်စက်တွေ ငှားရမ်းထွန်ယက်စေချင်လို့ပဲဖြစ်ဖြစ်၊ တောင်သူတွေရဲ့ ထွန်စက်တွေ စက်ပိုင်းဆိုင်ရာချွတ်ယွင်းလို့ ပြုပြင်စရာရှိလို့ပဲဖြစ်ဖြစ် ခရိုင် စက်မှုလယ်ယာဦးစီးဌာနကို ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

ဒါ့အပြင် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်တွေမှာရှိတဲ့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ ထွန်စက်တွေ ချွတ်ယွင်းလို့ ပြုပြင်လိုတဲ့အခါ မောင်းနှင်လို့ရသေးရင် စက်မှုလယ်ယာဦးစီးဌာနရဲ့ အလုပ်ရုံဝပ်ရှော့အထိ မောင်းနှင်လာရင် ပြုပြင်ဆောင်ရွက်ပေးရတာ ပိုမိုမြန်ဆန် ပြီးစီးနိုင်ပါတယ်။

တကယ်လို့ မောင်းနှင်လာဖို့ အဆင်မပြေဖြစ်တဲ့ ထွန်စက်တွေကိုလည်း အဲဒီပြုပြင်ဖို့လိုအပ်တဲ့ စက်တွေရှိရာအထိကို အရောက်သွားပြီး ကွင်းဆင်းပြုပြင် ဆောင်ရွက်ပေးပါတယ်"ဟု ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်ဌေးက ပြောသည်။

ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ထွန်စက်ငှားရမ်းထွန်ယက်ပေးခြင်း၊ လယ်ယာမြေပြုပြင်ခြင်းများ ဆောင်ရွက်ပေးရာတွင် တောင်သူများ စရိတ်သက်သာ အဆင်ပြေစေရန်အတွက် ယခင်နှစ်များထက် ငှားရမ်းဝန်ဆောင်ခများကို လျှော့ချပေးထားကြောင်း ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# တာမွေမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် မေ ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အဖွဲ့ဝင်များနှင့် ရပ်ကွက်လူမှုရေးအသင်းအဖွဲ့တို့ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်အတွင်းရှိ အစိုးရဌာနဆိုင်ရာရုံးများအပါအဝင် ရပ်ကွက်အတွင်းရှိ အမှိုက်ပုံများ၊ တိုက်ကြားများ၊ ရေမြောင်းများနှင့် ခြင်ခိုအောင်းနိုင်သောနေရာများကို ဆေးမှုတ်စက်ကြီးများဖြင့် ခြင်ဆေးများ လိုက်လံမှုတ်ပေးခြင်း၊ ဆေးဖျန်းပန့်များဖြင့် ခြင်ဆေးရည်များ လိုက်လံဖျန်းပေးခြင်းဖြင့် ဆောင်ရွက်ပေးခဲ့ကြသည်။

" မြို့နယ်ကြက်ခြေနီအသင်းခွဲက တာဝန်ရှိသူတွေအနေနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အခုလို ခြင်ဆေးတွေ ဖျန်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

တာမွေမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအနေဖြင့် စာသင်ကျောင်းများမဖွင့်မီ စာသင်ကျောင်းများသို့ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးရည်ဖျန်းခြင်း စသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ငါးမျိုးများ မပြုန်းတီးစေရေး တရားမဝင် ငါးဖမ်းခြင်း မပြုကြရန် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**ကလေး မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ တစ်မျိုးသားလုံး၏ ငါးရိက္ခာဖူလုံစေရန်နှင့် ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ တားမြစ်ပိတ်ပင်ထားသော ငါးဖမ်းနည်းဖြင့် ငါးဖမ်းခြင်း မပြုကြရန်နှင့် ငါးရစ်၊ ငါးသန်ကာလအတွင်း ငါးဖမ်းခြင်း မပြုကြရန် အသိပေးနှိုးဆော်ခြင်းများကို ကလေးခရိုင်အတွင်းရှိ ငါးမွေးမြူရေးကန်များသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများက သွားရောက်ကွင်းဆင်းကာ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်အတွင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်များ တင်ဒါငါးဖမ်းကွက်များအတွင်း မည်သည့်နေရာတွင်မဆို တားမြစ်ထားသော ငါးဖမ်းနည်းများဖြစ်သည့် လျှပ်စစ်ရှော့တိုက်ငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်း၊ အဆိပ်အတောက်ဓာတုပစ္စည်းများဖြင့် ဆေးချငါးဖမ်းခြင်း၊ တားမြစ်ထားသော ငါးဖမ်းကိရိယာ(လင်းပက်၊ ဒေါက်ပိုက်)ဖြင့် ငါးဖမ်းဆီးခြင်းများမပြုရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရေချိုငါးလုပ်ငန်းဥပဒေအရ တားမြစ်ပိတ်ပင်ထားကြောင်း၊ ယခုကာလသည် ငါးရစ်၊ ငါးသန်ကာလဖြစ်ပြီး ငါးများ သားဥပေါက်ချနိုင်ရန်အတွက် မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း မည်သူမျှ ငါးဖမ်းဆီးခြင်း မပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနက တားဖြစ်ပိတ်ပင်ထားသော အချိန်ကာလဖြစ်ကြောင်း၊ ယင်းတားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေအခန်း(၁၃) ပုဒ်မ (၄၆)(ဂ)(ဃ)အရ ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဌာနအနေဖြင့် ငါးမွေးမြူရေးကန်များသို့ ကွင်းဆင်းကာ ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များ၊ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရန်အတွက် ငါးသားဖောက်စခန်းများ လိုက်နာဆောင်ရွက်သင့်သော သတင်းအချက်အလက်များအား သိရှိနိုင်စေရန် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးမှူးက ပြောသည်။

ကလေးခရိုင်အတွင်းရှိ ကလေးမြို့နယ်တွင် အင်းလေးခု၊ မင်းကင်းမြို့နယ်တွင် အင်းရှစ်ခုရှိကာ ငါးမွေးမြူရေးကန်များသည် ကလေးမြို့နယ်တွင် ၈၈၃ ကန်၊ ကလေးဝမြို့နယ်တွင် ၄၄ ကန်ရှိပြီး ခရိုင်အတွင်း ရောင်းချမည့်တင်ဒါ(ငါးဖမ်းကွက်)များအနေဖြင့် ကလေးဝမြို့နယ်တွင် ငါးဖမ်းကွက်ကိုးခု၊ မင်းကင်းမြို့နယ်တွင် ငါးဖမ်းကွက် ၁၅ ခုနှင့် လေလံတင် ရောင်းချမည့် အင်းများအနေဖြင့် ကလေးမြို့နယ်တွင် အင်းလေးခု၊ မင်းကင်းမြို့နယ်တွင် အင်းရှစ်ခုတို့ကို မကြာမီကာလတွင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ ရေတွင်းအသက်ကယ်ခြင်း လေ့ကျင့်သရုပ်ပြ

**လယ်ဝေး မေ ၂၃**

ရေတွင်းဟောင်း၊ ရေတွင်းပျက်နှင့် အသုံးပြုလျက်ရှိသော ရေတွင်းများတွင် လူနှင့် တိရစ္ဆာန်များပြုတ်ကျခြင်း၊ ပိတ်မိခြင်းများရှိပါက အချိန်မီ ကယ်တင်နိုင်ရန်ရည်ရွယ်၍ ရေတွင်းအသက်ကယ်ခြင်း သရုပ်ပြသမှုကို ယမန်နေ့က လယ်ဝေးမြို့ အမှတ်(၂) ရပ်ကွက်၌ ပြုလုပ်သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းမြတ်နောင် ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေတွင်းထဲပြုတ်ကျသူအား ကယ်တင်ခြင်းကို အသက်ကယ်ပစ္စည်းကိရိယာများ အသုံးပြု၍ အဖွဲ့လိုက် လက်တွေ့သရုပ်ပြသကြပြီး(**အောက်ပုံ**)အခမ်းအနားသို့ နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူးဦးဇော်လင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



## ပုသိမ်မြို့နယ်အတွင်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပုသိမ် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးနေထက်ရှိန်၊ ပုသိမ်ခရိုင်ဦးစီးမှူး ဦးစတင့်ဝေ၊ ပုသိမ်မြို့နယ် ဦးစီးမှူး ဦးဌေးနိုင်နှင့် တာဝန်ရှိသူများက မေလ စတုတ္ထပတ်အတွင်း လိုက်လံစစ်ဆေးသည်။

သစ်ပုတ်ကုန်းကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ကျပ်သန်း ၂၀ ဖြင့် တည်ဆောက်နေသော အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀၀ ဆံ့ ရေစင်နှင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ စမ်းကြီးကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ကျပ် ၁၄ ဒသမ ၅၄ သန်းဖြင့် ဆောင်ရွက်ပြီးစီးနေသော အရှည် ၁၈ ပေ၊ အကျယ် ၁၂ ပေ တံတား ဆောက်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း၊ ကျောက်ပုံကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုင်ငံတော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေ ကျပ်သိန်း ၄၀ ဖြင့် ဆောင်ရွက်နေသော ကွန်ကရစ်ဘီးလမ်း အရှည် ၁၂၈၀ ပေ လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်၊ အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ပြီးစီးသွားပါက ရေရှည်အသုံးပြုနိုင်အောင် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကူညီကြရန် တိုင်းဒေသကြီးဦးစီးမှူးက မှာကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းပန်မြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်မိသားစုများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

**မိုင်းပန် မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင် အိမ်ထောင်စု ၃၀ အတွက် ဆန်၊ ဆီနှင့် ကြက်သွန်ဖြူများကို မေ ၂၂ ရက်က ထောက်ပံ့ပေးအပ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း မိုင်းပန်မြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၃၀ နှင့် ၎င်းတို့၏ မိသားစုဝင်များ စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် ရည်ရွယ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဦးရှိန်နှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့ ပူးပေါင်းကာ တစ်အိမ်ထောင်လျှင် တန်ဖိုး ကျပ် ၄၅၀၀၀ ကျော်ရှိသော ဆန် ၁၇ ပြည်၊ စားဆီ နှစ်ပိဿာနှင့် ကြက်သွန်ဖြူ ၂၅ ကျပ်သားစီကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

**ကိုဆန်း(မိုင်းပန်)**

## ၂၀၂၀ -၂၀၂၁ ခုနှစ် ပထမအကြိမ် ငါးဖမ်းရာသီ အင်း၊ တင်ဒါချက် လေလံတင်ရောင်းချပွဲပြုလုပ်

**ပုသိမ် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်း ၂၀၂၀ - ၂၀၂၁ ခုနှစ် ငါးဖမ်းလုပ်ငန်းရာသီအတွက် ပထမအကြိမ် အင်း၊ တင်ဒါချက်လုပ်ငန်း လေလံတင်ရောင်းချပွဲကို မေ ၂၁ ရက်က ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

လေလံပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးမှူး ဦးအေးနိုင်နှင့် ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်တို့က အမှာစကားပြောကြားပြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းက အင်း၊ တင်ဒါချက်များ၏ လေလံစည်းကမ်းချက်များကို ရှင်းလင်းပြောကြား၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အင်းနှင့် တင်ဒါချက်များကို လေလံတင်ရောင်းချခဲ့သည်။

လေလံပွဲတွင် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ အင်းအရေအတွက် ១၅၉ အင်းအနက် ၅၇ အင်း ရောင်းချခဲ့ရပြီး ၁၀၂ အင်းကျန်ရှိကာ ရောင်းရငွေစုစုပေါင်းမှာ ကျပ် ၆၃၄၆၁၀၀၀ ဖြစ်ကြောင်း၊ တင်ဒါချက်များမှာ ပုသိမ်ခရိုင်အတွင်း ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း၊ ငပုတောနှင့် ရွှေသောင်ယံမြို့နယ်များမှ တင်ဒါချက် အရေအတွက် ၄၈၂ ခုအနက် ၇၀ ကို ရောင်းချခဲ့ရပြီး ၄၁၂ ခု ကျန်ရှိကာ တင်ဒါချက်ရောင်းရငွေ စုစုပေါင်းမှာ ကျပ် ၁၂၃၇၅၂၀၀ ဖြစ်ကြောင်း၊ အဆိုပါ အင်းနှင့် တင်ဒါချက် လေလံဝယ်ယူ ရရှိသူများသည် ၂၀၂၀ ဩဂုတ်လမှ ၂၀၂၁ မတ်လကုန်အထိ ငါးဖမ်းလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်မှ လယ်ယာမြေများထွန်ယက်ရန် ခက်ခဲနေသော တောင်သူများအား မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက စိုက်ပျိုးရေးဝန်ဆောင်မှုများ ကူညီဆောင်ရွက်ပေးလျက်ရှိ

**ကျောက်ပန်းတောင်း မေ ၂၃**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလနှင့် မိုးဦးကျကာလ ထွန်ယက်စိုက်ပျိုးရန် အချိန် တိုက်ဆိုင်နေခြင်းကြောင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ဒေသခံတောင်သူများအနေဖြင့် မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် နယ်ကျော် ဒေသကျော်၍ စက်ယန္တရားများ ငှားရမ်းထွန်ယက်ရန် အခက်အခဲရှိနေချိန်တွင် တောင်သူများ၏ ယာမြေများကို အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန် ထွန်စက်များ ငှားရမ်းခြင်းကို မြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း မြို့နယ်အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အခက်အခဲမဖြစ်ပေါ်စေရန် အတွက် ဌာနပိုင် Sonalika-90 HP လယ်ထွန်စက်ကြီး ၁၀ စီးဖြင့် စိုက်ပျိုးရေး ဝန်ဆောင်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမျိုးဇော်အောင်က ပြောကြားသည်။

ထို့အပြင် တောင်သူများကိုယ်တိုင် ထွန်စက်များ လက်ဝယ်ပိုင်ဆိုင်၍ လယ်ယာလုပ်ငန်းခွင်များတွင် စက်ကိရိယာများ ပိုမိုတိုးတက်သုံးစွဲနိုင်ရန် အတွက် ယခုနှစ် ဧပြီလနှင့် မေလ အတွင်း Sonalika-90 HP ထွန်စက်ကြီး လေးစီးနှင့် လက်တွန်းထွန်စက် ၁၄ စီးတို့ကိုလည်း ရောင်းချပေးခဲ့ကြောင်း၊ ထို့ကြောင့် ကူးစက်ရောဂါကာလဖြစ်သော်လည်း မိုးဦးကျရာသီအတွင်း ထွန်ယက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တောင်သူများအနေဖြင့်လည်း လုပ်ငန်းများ အဆင်ပြေခဲ့ကြကြောင်း သိရသည်။

ဆားတုံးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ပွက့ "ကိုဗစ်-၁၉ ကူးစက်ရောဂါကာလမှာ ကျွန်တော်တို့လို ဝေးလံပြီး ပြင်ပကစက်တွေငှားရမ်းဖို့ ခက်ခဲတဲ့ ကျေးရွာတွေကို စက်မှုလယ်ယာဦးစီးဌာနက ရွှေ့ပြောင်း စက်မှုလယ်ယာ စီမံချက်သဘောနဲ့ လာရောက် ကူညီဆောင်ရွက်ပေးတဲ့အတွက် လုပ်ငန်းတွေ အချိန်မီပြီးစီးခဲ့ပါတယ်။ အပြင်စက်တွေ မမောင်းချင်တဲ့ ခက်ခဲတဲ့ ကွင်းတွေထဲကိုပါ စေတနာထားပြီး မောင်းနှင် ထွန်ယက်ပေးခဲ့တဲ့အတွက် စက်မှုလယ်ယာဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

**နေအောင်(ပြန်/ဆက်)**



ကျေးရွာများသို့ လိုက်လံငှားရမ်းထွန်ယက်ပေးနေသည့် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များ

## ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ်အတွင်း မိုးစပါး ဧက ၁၂ သိန်းနီးပါး စိုက်ပျိုးမည်

**ရန်ကုန် မေ ၂၃**

ယခုနှစ် မိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့၌ မိုးစပါး ဧက ၁၁၈၀၀၀၀ ခန့် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တောင်ပိုင်းခရိုင်၌ မိုးစပါးဧက ရှစ်သိန်းခန့်နှင့် မြောက်ပိုင်းခရိုင်၌ ဧက ၃၈၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စပါးမျိုးများအနေဖြင့် ရွှေဝါထွန်း၊ ရာကျော်၊ ဆင်းသုခ၊ ရတနာတိုး၊ မနောသုခ၊ ဧရာမင်း၊ ပေါ်ဆန်း၊ ပေါ်ဆန်းယဉ်၊ မှော်ဘီ(၃)နှင့် ရက် ၉၀ စပါးမျိုးတို့ကို စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များကို တောင်သူများ ရွေးချယ်စိုက်ပျိုးနိုင်ရန် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

"အခုလို မိုးရာသီမှာ တောင်သူတွေ မျိုးကောင်း မျိုးသန့်စပါးကို ရွေးချယ်စိုက်ပျိုးနိုင်အောင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး မျိုးစပါးတွေ ပံ့ပိုးကူညီတာ၊ သုံးသင့်သုံးထိုက်တဲ့ မြေဩဇာတွေ သုံးစွဲတတ်ဖို့ အသိပညာပေးတာတွေလည်း လုပ်ဆောင်ဖို့ရှိပါတယ်။ မျိုးတစ်မျိုးတည်း ကြာရှည်စိုက်ပျိုးရင် ထွက်နှုန်း ကျဆင်းတတ်တာကြောင့် ဒီနှစ်မှာ ဆင်းသုခ၊ ရတနာတိုးနဲ့ ရက် ၉၀ မျိုး အပါအဝင် မျိုးငါးမျိုးကို ထောက်ပံ့ဖို့လည်း စီစဉ်နေပါတယ်။ တစ်ဧကကို တစ်တင်းခွဲဖြစ်ဖို့များပါတယ်။ မကြာခင် အကောင်အထည်ဖော်သွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးမီမီစိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မိုးစပါးစိုက်တောင်သူများအတွက် ထွက်နှုန်းကောင်းပြီး မျိုးသန့်သော စပါးများ ရရှိစေရန် စိုက်ပျိုးရေးသုတေသနဌာနမှ စမ်းသပ်အောင်မြင်ပြီးသော မျိုးစပါးများကို ဖြန့်ဝေပေးလျက်ရှိသကဲ့သို့ မျိုးကောင်းမျိုးသန့်များ ဆက်လက်ထွက်ပေါ်စေရန် သုတေသနပြုသည့် လုပ်ငန်းများကိုလည်း နှစ်စဉ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စပါးစိုက်ပျိုးမှုတွင် မိုးရာသီသည် စိုက်ပျိုးမှုများသောအချိန်ဖြစ်၍ တောင်သူများအနေဖြင့် ထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်စေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကွင်းဆင်း အသိပညာပေးမှုများ ဆောင်ရွက်ခြင်း၊ စပါးတစ်မျိုးတည်း သုံးနှစ်ကျော် စိုက်ပျိုးခဲ့သော လယ်မြေများတွင် မျိုးသစ်များ စိုက်ပျိုးရန် စီမံဆောင်ရွက်ခြင်း၊ တောင်သူတို့၏ စိုက်ပျိုးရေးဆိုင်ရာ မေးမြန်းချက်များကို အွန်လိုင်းနှင့် ကောလ်စင်တာမှ ဖြေကြားခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ယမန်နှစ်က မိုးစပါး ဧက ၁၁၆၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၁၁၈၀၀၀၀ ခန့် တိုးမြှင့်လျာထားခြင်းဖြစ်ကြောင်း၊ နွေစပါးကိုလည်း ၁၈၀၀၀၀ ကျော် လျာထားကာ တောင်သူများအနေဖြင့် ဧက နှစ်သိန်းခွဲခန့် နှစ်စဉ် စိုက်ပျိုးလေ့ရှိကြောင်း၊ မိုးစပါး တစ်ဧကလျှင် စပါး ၆၇ တင်းကျော်နှင့် နွေစပါး တစ်ဧကလျှင် စပါး တင်း ၉၀ ခန့် ထွက်လေ့ရှိကြောင်း၊ ပြီးခဲ့သော နွေစပါး စိုက်ရာသီက ရန်ကုန်မြောက်ပိုင်းခရိုင်မှ နွေစပါး စိုက်ခင်းအချို့မှာ တစ်ဧကလျှင် တင်း ၁၂၀ အထိ ထွက်ရှိခဲ့မှုများရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **သန်းထိုက်**

## ဖာပွန်မြို့နယ် မီးသတ်တပ်ဖွဲ့က ရေပြင်အသက်ကယ်ခြင်း သရုပ်ပြလေ့ကျင့်မှုပြုလုပ်

**ဖာပွန် မေ ၂၃**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်လျက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရေပြင်အသက်ကယ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို မေ ၂၂ ရက်က ဖာပွန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ယွန်းစလင်းချောင်းလှေဆိပ်၌ ပြုလုပ်ခဲ့ကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်အောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မြစ်အတွင်း ရေနစ်နေသူအား ရှာဖွေကယ်ဆယ်၍ ရှေးဦးပြုစုနည်းများကို လက်တွေ့ သရုပ်ပြ လေ့ကျင့်ခဲ့ကြပြီး လေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **မြို့နယ်(ပြန်ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး၌ ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်သော်လည်း ခရီးသည်နည်းပါး

**မုံရွာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲလျက်ရှိပြီဖြစ်သော်လည်း ခရီးသည် လိုက်ပါစီးနင်းမှု နည်းပါးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကြား ပြေးဆွဲသည့် ခရီးသည်တင် မော်တော်ယာဉ်လိုင်းများကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ပြေးဆွဲလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ အခြေအနေကို စိုးရိမ်မှုများကြောင့် ခရီးသည် လိုက်ပါစီးနင်းမှု နည်းပါးနေခြင်းဖြစ်ကြောင်း သိရသည်။

"ခရီးသည်တွေအနေနဲ့လည်း ကိုဗစ်-၁၉ ရောဂါကို သတိပြုမိတဲ့အတွက် လူတိုင်း Mask တပ်တယ်၊ တစ်ဦးနဲ့တစ်ဦးကလည်း သတ်မှတ်အကွာအဝေးအတိုင်းပဲ စီးနင်းကြတယ်၊ လိုအပ်သူတွေလောက်ပဲ ခရီးသွားကြတာဆိုတော့ အခုအချိန်မှာ ခရီးသည်က သာမန်အချိန်ထက် သုံးပုံနှစ်ပုံလောက် နည်းသွားတယ်၊ မုံရွာမြို့က ထွက်ခွာတာပဲဖြစ်ဖြစ်၊ ဝင်လာတာပဲဖြစ်ဖြစ် ခရီးသည်တွေကို ကျွန်တော်တို့ မစက၊ မီးသတ်၊ ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ လူမှုရေးအဖွဲ့တွေ ပူးပေါင်းပြီး Mask တွေ တပ်ဆင်ကြဖို့ သတိပေးတာနဲ့ တစ်ဦးချင်း အပူချိန်တိုင်းတာပေးခြင်းတွေကို စနစ်တကျ လုပ်ဆောင်ပေးနေပါတယ်၊ တိုင်းခြားအနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီးကိုတော့ ပြေးဆွဲနေပါပြီ။ ကျန်တဲ့ မန္တလေး၊ နေပြည်တော်၊ မကွေးနဲ့ ချင်းပြည်နယ်တွေကတော့ အဝင်ခွင့်မပြုသေးတဲ့အတွက် ပြေးဆွဲခြင်းမရှိသေးဘူး"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်းအောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြို့နယ်များဖြစ်သည့် စစ်ကိုင်း၊ မုံရွာ၊ ကလေး၊ တမူး၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ နမ့်တော၊ ကောလင်း၊ ဝန်းသို၊ အင်းတော်၊ ကသာ၊ ရွှေဘို စသည့်မြို့နယ်များအကြား ခရီးသည်တင် မော်တော်ယာဉ်လိုင်းများကို မေ ၁၈ ရက်မှ စတင်ပြီး ပြန်လည်ဖွင့်လှစ် ပြေးဆွဲနေသော်လည်း ခရီးသည် နည်းပါးမှုကြောင့် မုံရွာမြို့မှ တစ်ရက်လျှင် ခရီးသည် ၃၀၀ ခန့်သာ အထွက်ရှိပြီး ခရီးသည်ဝင်ရောက်မှုမှာ တရက်လျှင် ၂၄၀ ခန့်သာရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီ၏ မှတ်တမ်းအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



မုံရွာမြို့ရှိ ကားဝင်းတစ်ခုအတွင်းမှ ခရီးသည်တင် မော်တော်ယာဉ်များ။

# ကန့်ဘလူဥယျာဉ်ခြံတွင် ခြံထွက်ဟင်းသီးဟင်းရွက်နှင့် မျိုးစေ့/ပျိုးပင်အရောင်းဆိုင် ဖွင့်လှစ်

**ကန့်ဘလူ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ကန့်ဘလူဥယျာဉ်ခြံ၏ မိသားစုဥယျာဉ်ခြံ Home Garden ခြံထွက်ဟင်းသီးဟင်းရွက် အရောင်းဆိုင်နှင့် မျိုးစေ့နှင့် ပျိုးပင် အရောင်းဆိုင်ဖွင့်ပွဲကို အဆိုပါခြံ၌ မေ ၂၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကန့်ဘလူဥယျာဉ်ခြံ အရောင်းဆိုင်သည် စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၏ လက်အောက်ရှိ အရောင်းဆိုင်ဖြစ်ကြောင်း၊ ပြည်သူများ မိမိတို့အိမ်ခြံဝင်းအတွင်းရှိ မြေပိုတွင် ရာသီအလိုက် သီးပင်စားပင်များ စိုက်ပျိုးနိုင်ရန်အတွက် ကန့်ဘလူဥယျာဉ်ခြံရှိ အိမ်ခြံဥယျာဉ်နည်းပညာပေး စိုက်ခင်း ၀ ဒသမ ၁၅ ဧက၌ သီးနှံမျိုးပေါင်း ၃၀ ကို စိုက်ပျိုးပြသထားကြောင်း၊ မျိုးစေ့နှင့် ပျိုးပင်များကိုလည်း အလွယ်တကူ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာပေး ပိုစတာများ ခင်းကျင်းပြသထားကြောင်း၊ ထို့အပြင် ပြည်သူများသိရှိလိုသည့် စိုက်ပျိုးနည်းပညာဆိုင်ရာများကိုလည်း ဆွေးနွေးကူညီပေးလျက်ရှိကြောင်း ကန့်ဘလူဥယျာဉ်ခြံ တာဝန်ခံက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် နေအိမ်၌ နေထိုင်ရသည့် ကာလအတွင်း ပြည်သူများအနေဖြင့် မိသားစုဥယျာဉ်ခြံများ ထူထောင်စိုက်ပျိုးလာလျက်ရှိကြရာ မျိုးစေ့နှင့် ပျိုးပင်များ အလွယ်တကူ ဝယ်ယူရရှိနိုင်ရန်၊ စိုက်ပျိုးနည်းပညာများနှင့် ပတ်သက်၍ အကြံဉာဏ်များ ကူညီပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် ကန့်ဘလူဥယျာဉ်ခြံ မျိုးစေ့/ပျိုးပင် အရောင်းဆိုင်တွင် အိမ်ခြံဥယျာဉ် ခြံထွက်ဖြစ်သည့် အာဟာရပြည့်ဝပြီး လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ကန့်ဘလူဥယျာဉ်ခြံထွက် သရက်သီးများကိုလည်း ရောင်းချလျက်ရှိကြောင်း သိရ သည်။

**ဟိန်းမင်းစိုး**



# ကော့သောင်းမြို့ ဘုရင့်နောင်အငူပတ်လမ်းမှ လက်ရန်းအကာနှင့် ပလက်ဖောင်းများ အဆင့်မြှင့်တင်

**ကော့သောင်း မေ ၂၃**

မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းရှိ မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့အဝင် ဘုရင့်နောင်အငူပတ်လမ်းတစ်လျှောက်တွင် အုတ်ပေါင် လက်ရန်းအကာနှင့် ပလက်ဖောင်းများကို မြို့အင်္ဂါရပ်နှင့်အညီ သပ်ရပ်လှပစေရေးအတွက် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့တို့က မေလ ဒုတိယအပတ်မှ စတင် အဆင့်မြှင့်တင်လျက်ရှိကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။


အဆင့်မြှင့်တင်လျက်ရှိသည့် လုပ်ငန်းများမှာ အရှည် ၁၈၈၅ ပေရှိသည့် အဆိုပါ ဘုရင့်နောင်အငူပတ်လမ်းတစ်လျှောက်မှ ဟောင်းနွမ်းလျက်ရှိသည့် မူလလက်ရန်းတိုင်များကို ဖျက်သိမ်းကာ အုတ်ပေါင်ဖြင့် ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ မူလပလက်ဖောင်း အကျယ် သုံးပေကို ကိုးပေအထိ တိုးချဲ့ခြင်း၊ ပြည်သူများနားနေရန် လမ်းဘေး၌ ကွန်ကရစ်ခုံတန်းများ တည်ဆောက်ခြင်းနှင့် လမ်းသာယာလှပရေးအတွက် အလှမီးတိုင်များ တပ်ဆင်ခြင်းစသည့် လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ထိုလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုသည့် မူလဘတ်ဂျက်နှင့် အထွေထွေပိုလျှံရန်ပုံငွေ ခွင့်ပြုဘတ်ဂျက် ကျပ် ၁၄၄၈ ဒသမ ၅ သိန်း အကုန်အကျခံ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများအားလုံး လာမည့်ဇွန်လအတွင်း ပြီးစီးနိုင်ရန် လျာထားကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် နောက်ပိုင်းကာလ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာမည့်အချိန်တွင် လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များနှင့် အနားယူ အပန်းဖြေကြမည့် မြို့နေပြည်သူများအား ကျေနပ်နှစ်သိမ့်မှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘဂွမ်၏ ပြောကြားချက်အရ သိရသည်။

ကော့သောင်းမြို့သည် နယ်စပ်ခရီးသွားမြို့ဖြစ်သကဲ့သို့ သမိုင်းဝင် ဘုရင့်နောင်အငူ၊ မြို့၏ အထိမ်းအမှတ် ဘုရင့်နောင်မင်းတရားကြီး ရုပ်တုကုန်းမြေ၊ အက်ဒမန်ပင်လယ်အတွင်းမှ သာယာလှပသည့် ကျွန်းများကြောင့် သဘာဝ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ကမ္ဘာက အသိအမှတ်ပြုထားသောမြို့ဖြစ်သည်။

ကော့သောင်းမြို့ ကမ်းနားတစ်လျှောက် ဘုရင့်နောင် အငူပတ်လမ်းသည် မြို့၏မျက်နှာစာဖြစ်သလို ရေလမ်းခရီးမှတစ်ဆင့် လာရောက်လည်ပတ်မည့် နိုင်ငံတကာ ခရီးသွားဧည့်သည်များ မြို့သို့ စတင်ဝင်ရောက်ရာ အချက်အချာကျသော နေရာလည်းဖြစ်သည်။ ထို့အပြင် မြို့နေပြည်သူများ အနားယူ အပန်းဖြေရာ၊ နေ့စဉ် ကျန်းမာရေးအတွက် လမ်းလျှောက်သူ လေ့ကျင့်ခန်းလုပ်သူများဖြင့် အစဉ် စည်ကားလျက်ရှိသည့် နေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



အုတ်ဖြင့် လက်ရန်းအကာအသစ် ပြုလုပ်နေသည့် ဘုရင့်နောင်အငူပတ်လမ်းတစ်နေရာ။

# မိုင်းယောင်း၌ အိမ်ခြံဥယျာဉ်စိုက်ပျိုးနိုင်ရန် ပြည်သူများထံသို့ မျိုးစေ့များ အခမဲ့ဖြန့်ဖြူးပေး

**မိုင်းယောင်း မေ ၂၃**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျှော့ချနိုင်ရန်အတွက် ပြည်သူများ၏ နေအိမ်ခြံဝင်းများအတွင်း ဟင်းသီးဟင်းရွက်နှင့် သီးပင်စားပင်များ စိုက်ပျိုးနိုင်ရေးကို အားပေးသည့်အနေဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြည်သူများအား သီးနှံမျိုးစေ့များကို မေ ၂၃ ရက် နံနက်ပိုင်းက အခမဲ့ လိုက်လံဖြန့်ဝေပေးကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းဖြင့် ယခုကာလတွင် ဈေးထွက်ဝယ်စရာမလိုဘဲ ကိုယ်တိုင်စိုက်ပျိုးထားသည့် ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်များကို လတ်လတ်ဆတ်ဆတ် ခူးဆွတ်စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးတတ်သော အလေ့အကျင့်လည်း ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ အလွယ်တကူစိုက်ပျိုးနိုင်ရန် မျိုးစေ့များ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးက ပြောသည်။

မိုင်းယောင်းမြို့နယ်အတွင်း ပြည်သူများ အိမ်ခြံဥယျာဉ် (Home Garden) စိုက်ပျိုးနိုင်ရန်အတွက် သီးနှံမျိုးစေ့များ ဖြန့်ဝေပေးရာတွင် သခွား၊ ခရမ်း၊ ချဉ်ပေါင်၊ ရုံးပတီသီး၊ ဘူး၊ ငရုတ်၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါးသီး၊ ဟင်းနုနယ်၊ မုန်ညင်း၊ ကိုက်လန်၊ ကန်စွန်းရွက်၊ ရွှေပဲရွက်၊ ပဲတောင့်ရှည်၊ ဖရုံ၊ နံနံပင်၊ ဂေါ်ဖီထုပ် စသည့် ဟင်းသီးဟင်းရွက်မျိုးစုံ မျိုးစေ့များ ဖြန့်ဝေပေးခဲ့သည့်အပြင် သဘာဝမြေဩဇာ ပြုလုပ် သုံးစွဲရန် အီးအမ်ဖျော်ရည်များ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



# မဘိမ်းမြို့နယ်အတွင်းရှိ အင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီး

**မဘိမ်း မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများမှာ ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်ဝင်းထံမှ သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၂၈၀ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မိုးကုတ်-ကုန်းဝက်-မိုးမိတ်-မဘိမ်း-စီဦ လမ်းပေါ်ရှိ အင်ချောင်းတံတားမှာ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ပေ ၈၀ (ပေ ၄၀ ခန်း နှစ်ခန်း)ဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး ခွင့်ပြုသောတန်ချိန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်ချောင်းတံတားသည် မူလက တစ်လမ်းသွား ဘေလီတံတား အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းကျဉ်းမြောင်း၍ မော်တော်ယာဉ်များ တစ်စီးပြီးမှတစ်စီး ဖြတ်သန်းနိုင်သော တံတားဖြစ်သည်။ ယခု သံကူကွန်ကရစ်တံတားသစ် တည်ဆောက်ပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံမှ နေရပ်ပြန်လာသူ ၁၆ ဦးအား တီးတိန်မြို့၌ အသွားအလာကန့်သတ်ထားရှိရန် ဆက်လက်ပို့ဆောင်



**ရိခေါဒါရ် မေ ၂၃**

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ နေရပ်ပြန်လာသူ ၁၆ ဦးတို့ မေ ၂၁ ရက်က ချင်းပြည်နယ် ရိခေါဒါရ်မြို့သို့ ရောက်ရှိလာကြရာ ရိခေါဒါရ်မြို့ အမှတ်(၂) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကြိုတင်ပြင်ဆင်ထားသည့်နေရာ၌ တစ်ညအိပ် ရပ်နားခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်လာသူများအား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ဖလမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြားအွယ်၊ ဖလမ်းမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ တလွန်ကျုံးထန်းနှင့် ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်တို့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာရန် လိုအပ်ချက်များ၊ ကျန်းမာရေးဆိုင်ရာထုတ်ပြန်ချက်များနှင့် အားပေးနှစ်သိမ့်စကားများ ပြောကြားပေးခဲ့ကြောင်း၊ ဖလမ်းခရိုင်ဆေးရုံအုပ်ကြီးမှ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်နယ်ဝန်ကြီးက နေရပ်ပြန်လာသူတစ်ဦးချင်းစီကို စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ နေရပ်ပြန်လာသူ ၁၆ ဦးတို့သည် အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး ကလေးမြို့နယ်၊ ဟားခါးမြို့နယ်၊ တီးတိန်မြို့နယ်၊ မင်းတပ်မြို့နယ်၊ ပလက်ဝမြို့နယ်၊ ကျီခါးမြို့နှင့် ရန်ကုန်မြို့များ၌ နေထိုင်သူများဖြစ်ကြကြောင်း၊ အဆိုပါ နေရပ်ပြန်လာသူများအား တီးတိန်မြို့ရှိ FBBC ဓမ္မသင်တန်းကျောင်း၌ အသွားအလာကန့်သတ် ၂၁ ရက် ထားရှိရန် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ စီစဉ်ထားသည့် မော်တော်ယာဉ်ဖြင့် တီးတိန်မြို့သို့ မေ ၂၂ ရက်၌ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ပက်ကာ (ပြန်/ဆက်)**

# မြန်မာအလုပ်သမားများ မိုင်းယု-ကျိုန်းယဲန်းတံတားမှ ဝင်ရောက်

**မိုင်းယောင်း မေ ၂၃**

တရုတ်နိုင်ငံနှင့် အထူးဒေသ(၄)တွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား ၁၀၈ ဦးသည် မေ ၂၃ ရက်က အထူးဒေသ(၄) နမ့်ပန်းဒေသမှတစ်ဆင့် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယု-ကျိုန်းယဲန်းတံတားမှ ပြန်လည်ဝင်ရောက်ကြသည်။ **(အောက်ပုံ)**

နေရပ်ပြန် မြန်မာအလုပ်သမားများသည် မိုင်းလားအထူးဒေသ(၄) နမ့်ပန်း၌ အသွားအလာကန့်သတ်၍ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်းကို ခံယူခဲ့ပြီး အထူးဒေသ(၄) နမ့်ပန်း ဆက်ဆံရေး ဒုတိယတာဝန်ခံ ဦးလော်ချီ၊ နမ့်ပန်းဒေသ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအိုက်ဆမ်မွန်း၊ နမ့်ပန်းဒေသရဲတပ်ဖွဲ့ ဒုတိယဌာနမှူး ချစ်ဆန်း၊ ကျိုန်းယဲန်းစခန်းမှူး မောင်အေးတို့ပါဝင်သောအဖွဲ့က မေ ၂၃ ရက်က အထူးဒေသ(၄) နမ့်ပန်းဒေသနှင့် မိုင်းယုမြို့ဧရိယာအစပ်သို့ မော်တော်ယာဉ်သုံးစီးဖြင့် လာရောက်ပို့ဆောင်ပေးခဲ့ရာ တာချီလိတ်ခရိုင်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲနိုင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ လဝကဦးစီးမှူး ဦးမင်းနောင်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့က ကြိုဆိုလက်ခံသည်။

ထို့နောက် ကျန်းမာရေးစစ်ဆေးခြင်း၊ လူဦးရေစစ်ဆေးခြင်းများကို စိစစ်ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် ပြုစုစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကာ ၎င်းတို့နေရပ်အသီးသီးသို့ လုံခြုံချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့၍ ရဲမှူးမျိုးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့သည်။ နံနက် ၉ နာရီ ၅၅ မိနစ်တွင် မော်တော်ယာဉ်ငါးစီးဖြင့် မိုင်းယုမှ တောင်ကြီးသို့ စတင်ထွက်ခွာခဲ့သည်။

မိုင်းယောင်းမြို့ အရောက်တွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသုနောင်မိုးလှိုင်နှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များက ခေါက်ဆွဲခြောက်၊ ဖျော်ရည်၊ သောက်ရေ၊ ထမင်းထုပ်နှင့် ချိုချဉ်များ ပေးဝေခဲ့သည်။

အဆိုပါနေရပ်ပြန် မြန်မာအလုပ်သမားများသည် မေ ၄ ရက်မှစ၍ မိုင်းယု-ကျိုန်းယဲန်းတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြရာ မေ ၂၃ ရက်အထိ ၁၅၁၈ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**





သန်လျင်မြို့နယ်အတွင်း မိုးဦးရာသီရောက်ရှိလာပြီဖြစ်သောကြောင့် အဓိက ရေနုတ်မြောင်းကြီးများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၂၂ ရက်က အောင်မင်္ဂလာ(၂)လမ်းနှင့် ရေနံဂိတ်ဝထိပ်ရေမြောင်း၌ ပိတ်ဆို့နေသော အမှိုက်များကို မြို့နယ်စည်ပင်မှ စက်ယန္တရားနှင့် အသုံးပြုဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ကော်မတီဝင်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)


ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မြန်မာ့အလင်းသတင်းစာ လူမှုကူညီရေးအဖွဲ့ (ရန်ကုန်အခြေစိုက် သတင်းထောက်များ)သို့ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် လုပ်ငန်းရှင်များအသင်းမှ ပေးအပ်လှူဒါန်းသော နေကြာဆီများကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးငွေးမိုးက မေ ၂၃ ရက်တွင် လှူဒါန်းရာ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အတွင်းရေးမှူး ဦးတင်ဝင်းလေးတို့က လက်ခံရယူစဉ်။

ကိုကြီးတင်




## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များကိုအသုံးပြု၍ အခွန်ပေးဆောင်နိုင်ခြင်း ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်အခွန်ထမ်းကုမ္ပဏီများ အခွန်ငွေပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လက်ရှိကူးစက်ပြန့်ပွားလျက်ရှိသော COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့်အီလက်ထရွန်နစ်စနစ်များကို အသုံးပြုကာ လွယ်ကူလျင်မြန်စွာ အခွန်ပေးဆောင်နိုင်ရန်ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၏ m-Banking, e-Banking, i-Banking စနစ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ Mobile Payment စနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် အခွန်ထမ်းများအနေဖြင့် IRD Website (www.ird.gov.mm) ၏ Start Your Tax Online Payment မှတစ်ဆင့် Link ဝင်၍ MPU Corporate Debit Card အသုံးပြုကာ Online မှအခွန်ပေးသွင်းခြင်းနှင့် သမဝါယမဘဏ်လီမိတက် (CB Bank)၏ CB Pay & Internet Banking စနစ်များဖြင့် အခွန်ငွေပေးသွင်းခြင်းစသည့် အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များ အသုံးပြုပေးဆောင်နေပါသည်။

၃။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်မှစ၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် ဧရာဝတီဘဏ်လီမိတက် (AYA Bank) ၏ AYA Mobile Banking, Internet Banking & AYA Pay များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ပြီ ဖြစ်ပါသည်။

၄။ ထိုသို့ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် ဧရာဝတီဘဏ်လီမိတက် (AYA Bank) အနေဖြင့် အခွန်ထမ်းသို့ ဘဏ်ငွေလက်ခံဖြတ်ပိုင်း ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET မှတစ်ဆင့် အခွန်ငွေ လွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေလွှဲပြောင်းပေးသွင်းပြီးကြောင်း အထောက်အထားများကို email အသုံးပြုပေးပို့အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အခြားသော ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ်များသို့ ကိုယ်တိုင်(သို့)ကိုယ်စားလှယ်မှ ငွေသား/ချက်လက်မှတ်ဖြင့် သွားရောက်ပေးသွင်းမည့်အစား အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များအသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် အခွန်ငွေများကို ပေးဆောင်ကြရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၇။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင်ကြည့်ရှုနိုင်ပြီး သက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (e-Payment Section၊ ရန်ကုန်)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၇၉၀၁၂ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပုံ(မင်းထွဋ်)**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## Golden Dragon Pyay Family Group of Co.,Ltd.၏ အမည်အား ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းအပေါ် အသိပေးတောင်းပန်ခြင်း

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ကျောက်စိမ်း(၂)လမ်း၊ အဆောင်(၆၂)၊ အခန်း(၁၀)နေ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး ၁၂/တမန(နိုင်)၀၉၉၆၂၂ (မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသည် Millcon Thiha Ltd မှ ၂၉-၁-၂၀၂၀ရက်မှ ၄-၂-၂၀၂၀ ရက်အတွင်း သံချောင်းများကို အရစ်ကျအကြွေးစနစ်ဖြင့် ဝယ်ယူရာတွင် Golden Dragon Pyay Family Group of Co.,Ltd. ၏ အမည်ကိုအသုံးပြု၍ ဝယ်ယူခဲ့ပါသည်။ထိုသို့အသုံးပြုရာတွင်လည်း Golden Dragon Pyay Family Group of Co.,Ltd. သို့ ခွင့်ပြုချက်တောင်ခံရယူခြင်းမရှိခဲ့ပါ။ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးမှ Golden Dragon Pyay Family Group of Co.,Ltd. ၏အမည်ကို အသုံးပြု၍ သံချောင်းများဝယ်ယူခြင်းကို Millcon Thiha Ltd နှင့် ဝန်ထမ်းများ၊အရောင်းကိုယ်စားလှယ်များ သိရှိသဘောတူ၍ အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သံချောင်းများတင်ပို့ရာတွင် မမိုးကြီး(ခ)ဒေါ်မမိုးသန္တာဦးကိုယ်တိုင် ညွှန်ကြားပြသသောနေရာများသို့ Millcon Thiha Ltd မှ ဝန်ထမ်းများက သွားရောက်ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ Millcon Thiha Ltd မှ သံချောင်းဖိုးငွေများ ကောက်ခံရာတွင် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး၏ဆိုင်သို့သာ လာရောက်ကောက်ခံခြင်းနှင့် ဒေါ်မိုးသန္တာဦးမှ ကိုယ်တိုင်လွှဲပေးခြင်းတို့ပြုလုပ်ခဲ့ပါသည်။ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးမှ Millcon Thiha Ltd သို့ ပေးဆပ်ရန်ရှိသော သံချောင်းဖိုးကျန်ငွေ ၂၇၂၃၁၈၅၀၀ိ/- နှင့်ပတ်သက်၍ ၁၄-၅-၂၀၂၀ ရက် ကြေးမုံသတင်းစာတွင် Millcon Thiha Ltd သိစေရန် အကြောင်းကြားခြင်းကြော်ငြာကို ထည့်သွင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ သတင်းစာ၌ကြော်ငြာခဲ့သော်လည်း Millcon Thiha Ltd မှ ၁၉-၅-၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ ၂၆ တွင် ဒေါ်ရွှေစင်ဝင်း (Golden Dragon Pyay Family Group of Co.,Ltd.)နှင့် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး(မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့ သိစေရန် ကြော်ငြာအား ဖော်ပြကြေညာခဲ့ပါသည်။

မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးမှ Millcon Thiha Ltd သို့ ပေးဆပ်ရန်ရှိသော သံချောင်းဖိုးကျန်ငွေများနှင့်ပတ်သက်၍ စောင့်ဆိုင်းပေးပါရန် မေတ္တာရပ်ခံခဲ့သော်လည်း Millcon Thiha Ltd မှ သက်ဆိုင်ခြင်းမရှိသူ ဒေါ်ရွှေစင်ဝင်း (Golden Dragon Pyay Family Group of Co.,Ltd.)ကို သတင်းစာ၌ ထည့်သွင်းကြေညာခဲ့သည့်အပေါ် များစွာစိတ်မကောင်းဖြစ်ရပါသည်။ (Golden Dragon Pyay Family Group of Co.,Ltd.) မှ Millcon Thiha Ltd သို့ သံချောင်းဖိုးငွေ -၂၇၂၃၁၈၅၀၀ိ/- ကို ပေးရန်မရှိဘဲ သတင်းစာ၌ထည့်သွင်းကြေညာခံခဲ့ရသည့်အတွက် Golden Dragon Pyay Family Group of Co.,Ltd. ၏ ကောင်းသတင်းနှင့်ဂုဏ်သိက္ခာထိခိုက်မှုများအပေါ် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးမှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မိုးသန္တာဦး** | **ဦးကျော်ဇင်ဦး** |
| **၁၂/တမန(နိုင်)၀၉၉၆၂၂** | **အထက်တန်းရှေ့နေ (၅၂၂၈၈)** |
| | **ဖုန်း-၀၉-၄၂၀၇၀၆၄၂၆** |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 52(T)/YESC/ 2019-2020 | ကန်ထရိုက်တိုက်အဆောက်အဦးများတွင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲနိုင်ရေးအတွက် တပ်ဆင်ရန် လိုအပ်လျက်ရှိသော 200KVA Transformer များဝယ်ယူရန် | ၂၆.၆.၂၀၂၀ |
| ၂ | 53(T)/YESC/ 2019-2020 | ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် အိမ်သုံးမီတာနှင့်တွဲဖက်အသုံးပြုရန်အတွက် 1 Unit Transparent Box with Breaker & Accessories (50000)Set ဝယ်ယူရန် | ၂၆.၆.၂၀၂၀ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၅.၅.၂၀၂၀) မှ (၂၅.၆.၂၀၂၀)ထိ
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ဖုန်း။ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ "ဓနဘုရင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၄၁၄၈၈၅၉/၂၀၁၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏ "ဓနဘုရင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"တွင် ဒါရိုက်တာအဖွဲ့ဝင် စုစုပေါင်း(၈)ဦးဖြင့်ဖွဲ့စည်းထားရာ အဆိုပါအဖွဲ့ဝင်(၈)ဦးအနက်မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၈)ရပ်ကွက်၊ သရက်ချောင်းလမ်း၊ အမှတ်(၂၄၂)နေ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းနွဲ့ ၁၄/ပသန(နိုင်)၂၄၄၆၄၇ ကိုင်ဆောင်သူသည် မိမိ၏ သဘောဆန္ဒအလျောက် ဒါရိုက်တာအဖြစ်မှနုတ်ထွက်ခွင့်ပြုရန်တောင်းဆိုသည့်အတွက် ၂၃-၃-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ဒါရိုက်တာအဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်ပြီး ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းအရ ကုမ္ပဏီ၏ ကျန်ဒါရိုက်တာအဖွဲ့ဝင်များက အဆိုပါဒေါ်စန်းစန်းနွဲ့အား ဓနဘုရင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖြစ် နုတ်ထွက်ခွင့်သဘောတူညီခဲ့ကြပါသည်။ သို့ဖြစ်ရာ ဒေါ်စန်းစန်းနွဲ့ပိုင်ဆိုင်သည့် အစုရှယ်ယာ(၂၅)စုနှင့်ညီမျှသော ငွေပမာဏကို မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးကျော်သူအောင်မှ ဒေါ်စန်းစန်းနွဲ့သို့ပေးအပ်ခဲ့ပြီးဖြစ်ရာ ၎င်းမှလည်းလက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင်အဆိုပါအစုရှယ်(၂၅)စုနှင့်ပတ်သက်၍လည်း ဒေါ်စန်းစန်းနွဲ့က မန်နေဂျင်းဒါရိုက်တာဦးကျော်သူအောင်သို့လွှဲပြောင်းပေးခဲ့ပြီးလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်စန်းစန်းနွဲ့သည် ကျွန်ုပ်တို့မိတ်ဆွေ၏ ဓနဘုရင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမည်နာမကိုသော်လည်းကောင်း၊ အမှတ်တံဆိပ်ကိုသော်လည်းကောင်းစသည့် တစ်စုံတစ်ရာသုံးစွဲခွင့်မရှိတော့သည့်အပြင် ကျွန်ုပ်တို့မိတ်ဆွေ၏ ဓနဘုရင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်နှင့်ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဓနဘုရင်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မေသဥ္ဇာသိန်း(LL.B)** | **ဒေါ်ဟန်နီအောင်မျိုး(LL.B)** | **ဒေါ်သိင်္ဂီနိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၁၄၅၉၈** | **စဉ်-၄၂၄၉၃** | **စဉ်-၅၀၈၃၅** |

**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၂၃၇) ရှိ United Paints Group Co.,Ltd က အောက်ဖော်ပြပါ MASTER RED OXIDE PRIMER ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်**




**မှတ်ပုံတင်အမှတ်-၄/၃၁၁၈၅/၂၀၁၉**

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် သံချေးခံဆေးကို ရန်ကုန်မြို့နှင့် တကွပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင်ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ စာရွက်စာတမ်း၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head၊ Internet၊ Website Facebook အစရှိသည်တို့နှင့်ခေတ်နှင့်အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း မိမိတို့ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်အဖြစ် သုံးစွဲသွားမည်ဖြစ်ပြီး၊ ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်လုပ်၍ မိမိတို့ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်အဖြစ်သုံးစွဲသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ MASTER RED OXIDE PRIMER ကုန်အမှတ်တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ကြိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၅၆)**
**ဖုန်း-၀၉-၅၁၀၉၀၁၄**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊
ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်အိမ်ရာနေ
(ဦးသန်းကျော်သူ)-ဒေါ်မိုးမိုးသန်း(ခ)မစု
တို့၏သား

**မောင်အောင်သူမျိုး**
B.E(Civil)
**နှင့်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အမှတ်(၁၃/ခ)၊ မြေနီလမ်း၊
ဓညဝတီ(ခ)ရပ်ကွက်နေ
(ဦးအောင်စောဦး)-(ဒေါ်မချမ်းသာ)
တို့၏သမီးထွေး

**မနှင်းဆုဝေ**
B.E(Civil)
အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)
**စစ်တွေခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

တို့သည် ၂၃-၅-၂၀၂၀ရက်(စနေနေ့)တွင် စစ်တွေမြို့နေအိမ်၌ နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်သူမျိုး-မနှင်းဆုဝေ**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၂၂)**
**သန်လျင်မြို့နယ်တရားရုံး၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၈၉ နှင့်ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၁၈**

| | | |
|---|---|---|
| ဦးဖွဲ့ထက်သူ | **နှင့်** | ဒေါ်ကျင်ပု |
| **တရားနိုင်** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ နှင်းသဇင်လမ်း၊အမှတ်(၉၇၀)နေ တရားရှုံး ဒေါ်ကျင်ပု(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၈၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးဖွဲ့ထက်သူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၂ ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းယုလွင်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၇)၊ ဦးပိုင်အမှတ်(၄)၊ မြေဧရိယာ ၀ဒသမ၀၈၃ကေရှိ မြေကွက်အား မူလက ဦးမောင်ကျော်၊ ဦးဟာရှင်၊ ဦးမျိုးဝင်း၊ ဦးအယွတ်နှင့် ဒေါ်ရာရှီဒါဘီဘီတို့ (၅)ဦး အမည်ဖြင့် ၂၉-၉-၂၀၁၅ထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အမည်ပေါက်သူ ဦးမောင်ကျော်သည် ၂၇-၆-၂၀၀၆ရက်၊ ဦးဟာရှင် (လူပျို ဘဝဖြင့်)သည် ၁-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားခဲ့ကြောင်း တင်ပြလာပါသည်။ ဂရန်အမည်ပေါက်သူ ဦးအယွတ်သည်လည်း ဦးမျိုးဝင်းနှင့် ဒေါ်ရာရှီဒါဘီဘီတို့(၂)ဦးသို့ စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကွယ်လွန်သူ ဦးမောင်ကျော်၏ သား(၂)ဦးဖြစ်သည့် ဦးမင်းလွင်နှင့်ဦးမင်းအောင်တို့အမည်ဖြည့်စွက်လျက် ဦးမျိုးဝင်း ၁/မကန(ဧည့်)၀၀၁၀၃၃၊ ဒေါ်ရာရှီဒါဘီဘီ ၁/မကန(ဧည့်)၀၀၁၀၃၄၊ ဦးမင်းလွင် ၁/မကန(ဧည့်)၀၀၁၆၇၅ နှင့် ဦးမင်းအောင် ၁/မကန(ဧည့်)၀၀၁၆၇၇ တို့(၄)ဦးအမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အသစ်(အမည်ပြောင်း)ဂရန်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးထွန်းကြည်
### အောင်ပင်လယ်ပွဲရုံ(ဘုရင့်နောင်)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ U-33၊ မြကန်သာလမ်း နေ ဒေါ်ညွန့်ရှင်း၏ခင်ပွန်း၊ ဦးဘလင်း(ခ)ဦးကိုကိုလွင်-ဒေါ်ခင်သီတာ၊ ဒေါ်မိမိ၊ ဦးမောင်မောင်လွင်၊ ဦးညီညီလွင်၊ ဒေါ်စိုးစိုးတို့၏ဖခင်၊ မယွန်းရတီလင်း၏ အဘိုးသည် ၂၃-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မေဝင်း(သရက်မြို့)
### အထက်တန်းပြ(ငြိမ်း)
### အသက်(၈၇)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နေ (ဦးထင်လတ်-ဒေါ်စိန်တင့်)တို့၏သမီး၊ [ဒေါက်တာ မြညွန့်(ပါမောက္ခချုပ်-ငြိမ်း)၊ တိ-မွေး-ကု တက္ကသိုလ်၊ ရေဆင်း] - ဒေါက်တာခင်ဆွေမြင့်(ဦးစီးမှူး၊ငြိမ်း)အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့၏ညီမ၊ ဦးနေဝင်း(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-(ဒေါ်ရီရီလွင်)တို့၏အစ်မ၊ တူ၊တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် သရက်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက်(သောကြာနေ့)တွင် မြို့မသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်(မော်လမြိုင်၊ ပေါင်းတည်)
### အသက်(၈၇)နှစ်

မော်လမြိုင်မြို့နေ (ဝတ်လုံတော်ရ ဦးဘသင်-ဒေါ်ဖွားစိန်)တို့၏သမီး၊ [ဦးထွန်းရီ(တက္ကသိုလ်မြတ်ခိုင်၊ မန်နေဂျာ-ငြိမ်း၊ မစဘ)]၏ဇနီး၊ (ဒေါ်လှညွန့်-BBS ဦးလှဘူး)၊ (ဒေါ်အေးညွန့်-ဗိုလ်မှူးတွိုက်စ်ဒေး)၊ (ဦးအောင်ညွန့်)-ဒေါ်မိမိသော်၊ ဒေါ်ခင်ခင်အေး-(ဦးကျင်လှိုင်)တို့၏ညီမ၊ (ဒေါ်ရီရီငွေ-ဦးမောင်မောင်ညွန့်)၊ (ဒေါ်စီလေးချို)၊ ဒေါ်ချိုချိုသင်(Tean)-(ဦးဝင်းလှိုင်)တို့၏အစ်မ၊ ဒေါက်တာ အေးသီရိကျော်(UK)၊ ဒေါက်တာခင်ရတနာကျော်-ဒေါက်တာမင်းသန့်လွင်၊ ဒေါက်တာဉာဏ်ထက်မျိုးမြင့်(လ/ထ ဆရာဝန် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)၊ ကိုပြည့်စုံမျိုးမြင့်(BE, MMU)၊ မယွန်းဝတီမျိုးမြင့်(2nd Year EC,YTU)၊ မသက်နှင်းစု(3rd Year IR,DU)၊ မောင်ရန်ပိုင်ဦးတို့၏ အဘွားသည် ၂၂-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်(မော်လမြိုင်၊ ပေါင်းတည်)
### အသက်(၈၇)နှစ်

(ဝတ်လုံတော်ရ ဦးဘသင်(မော်လမြိုင်)-ဒေါ်ဖွားစိန်)တို့၏သမီး၊ [ဦးထွန်းရီ(တက္ကသိုလ်မြတ်ခိုင်၊ မန်နေဂျာ၊ ငြိမ်း၊ မ.စ.ဘ] ၏ ဇနီး၊ ဒေါ်ချိုချိုခိုင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)-ဦးလှမျိုး၊ ဒေါက်တာ စုစုခိုင်(ပါမောက္ခ-ငြိမ်း)-ဗိုလ်မှူးကျော်ကျော်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ YCDC-ငြိမ်း)၊ ဦးညီညီခိုင်၊ ဒေါ်ဖြူဖြူခိုင်-ဒုဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ (ဦးကျော်ကျော်ခိုင်)၊ ဒေါ်ကေခိုင်စိုး(သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေး)၊ ဦးမင်းထွန်းခိုင်-ဒေါ်မြမြ သွင်တို့၏မိခင်သည် ၂၂-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၇)လမ်း၊ အမှတ်(၁၃၅၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးတင်မောင်
### အသက်(၉၀)

ရန်ကုန်အဝေးသင် တက္ကသိုလ်(ဉပဒေဌာန)မှ ဒေါ်ခင်သန္တာမော်၏ အဘိုး ဦးတင်မောင်သည် ၂၂-၅-၂၀၂၀ရက် ညနေ ၆:၅၀ နာရီတွင် သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၄)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကိုဗစ်ကာလအတွင်း ကန့်သတ်ချက်များရှိနေပါသဖြင့် နာရေးပို့ဆောင်ခြင်းနှင့်ရက်လည်ဆွမ်းကျွေးတရားနာတို့အား မိသားစုအစီအစဉ်ဖြင့် သာပြုလုပ်ရမည်ဖြစ်ပါသဖြင့် နားလည်ခွင့်လွှတ်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လှမြသူ(စွန်ရဲ/မင်းပြား၊စစ်တွေ)
### မူလတန်းကျောင်းအုပ်
### အလက(၂) မောလိပ်
### အမက(ဂျော့ပူဂျာ-ခုံတင်ပိုက်၊ အောင်မင်္ဂလာ၊ စစ်တွေ)
### အသက်(၈၈)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကုလားချေ-ဒေါ်မကောက်)တို့၏သမီး၊ (ဦးသောင်းထွန်းဦး-ဒေါ်စိုးဘုံ)၊(ဦးသာဇံ)-ဒေါ် ဦးကျော့ယဉ်၊(ဒေါ်သိင်္ဂီစာရီ)တို့၏ညီမ၊ ဒေါ်မသာနု၊(ဦးမောင်ကောက်)-ဒေါ်စောမြအေး၊ (ဦးလှဖော်သာ)-ဒေါ်ဦးစိန်မြ၊ (ဆရာဦးစောရွှေ -ဒေါ်ရွှေမြင့်)တို့၏ အစ်မသည် ၂၃-၅-၂၀၂၀ရက် နံနက် ၉:၂၅နာရီတွင် ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၂၆နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ငွေ(ထုံးဘို)
### အသက်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုမြို့နေ(ဦးမောင်ကလေး-ဒေါ်တင့်)တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးအောင်သန်း-ဒေါ်မေသိန်း)၊[ဒေါ်ချော(ခ)ဒေါ်လှရီ]၊ [ဒေါ်ပု(ခ)ဒေါ်အေးကြည် ] ၊(ဦးစောလှိုင်)တို့၏ညီမ၊(ဒေါ်အေး)၏ အစ်မ၊ (ဒေါ်မူမူသန်း)၊ UK နေဦးတိုးအောင် - ဒေါ်ယုယ၊ (ဒေါက်တာ သိန်းဦး)-ဒေါ်စုစုသန်း၊ ဦးခင်မောင်မြင့်-(ဒေါ်နွယ်နီသန်း)တို့၏အဒေါ်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မြေနီကုန်း၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၂၊ ပထမထပ်နေ ဒေါ်ငွေသည် ၂၃-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၇:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၂၀ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးမောင်မောင်ဆန်း
### AGTI(MDY)(E.P)၊ (ချောက်မြို့)
### အသက်(၇၂)နှစ်

ချောက်မြို့နေ (ဦးလှတင်-ဒေါ်စန်းကြည်)တို့၏သား၊ မွေးချင်းလေးယောက်တို့၏ညီ/အစ်ကို၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၁၂၃)နေ ဒေါ်မြင့်မြင့်စိန်၏ခင်ပွန်း၊ ဦးဆန်းမြင့်ထွန်း-ဒေါ်ငုဝါလွင်(ခေတ္တ-စင်ကာပူ)၊ ဒေါ်စုသီရိမောင်တို့၏ဖခင်ကြီး၊ မောင်ဆန်းလင်းထွဋ်၏အဘိုးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၃:၁၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၀ရက်(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းများ ဆောင်ရွက်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘီးလင်းမြို့နယ်အသင်း
### (ရန်ကုန်)
## ဦးဝင်းကြည်
### တရားလွှတ်တော်ရှေ့နေ၊
### အထပြ(ငြိမ်း)
### ရာသက်ပန်အသင်းဝင်
### အမှတ်(၈၃၅)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ် (၂၅၇-က)နေ ဒေါ်ဖွားစိန်၏ခင်ပွန်းသည် ၂၂-၅-၂၀၂၀ရက် တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း အသင်းသား၊ အသင်းသူများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
# ဒေါ်စန်းကြည်
### ဦး/ရှိ(ငြိမ်း)
### ဆည်မြောင်းသက်ကြီးကန်တော့ခံ
### အသင်းဝင်အမှတ် (၆၉၂)
### အသက်(၈၀)

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ (၁၃) ရပ်ကွက်၊ မြေတိုင်း ၅လမ်း၊ အမှတ် ၉၉၁နေ ဦးသောင်းစိန်(ရုံးအုပ်) ဆမ(ငြိမ်း)၏ ဇနီး ဒေါ်စန်းကြည်သည် ၂၂-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဦးကျော်ဇင်သန်း(ခ)ကျော်ကျော်
### အသက်(၆၃)နှစ်

မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်နေ(ဦးဘတင်-ဒေါ်ထားရွှေ)တို့၏မြေး၊ ရန်ကုန်မြို့၊ (၃၅) ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၄၅၇)နေ (ဦးသန်းမောင်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဒေါ်ညွန့်ညွန့်ဝေ) (မြန်မာစာပါမောက္ခ၊ ငြိမ်း)၏မောင်၊ ဦးခင်မောင်သန်း- ဒေါ်ခင်ဖြူ၊ ဦးတင်မောင်အုန်း-ဒေါ်သန်းသန်းဝင်း၊ ဦးမျိုးဟန်-ဒေါ်ခင်ခင်စိုးတို့၏ညီ/မောင်၊ ဦးအောင်ဇံဝေလမ်း၊ အမှတ်(၄၁၅)နေ ဦး မော်ဇင်သန်း-ဒေါ်စိုးစိုးဦးတို့၏အစ်ကို၊ မောင်အောင်ပိုင်ဖြိုး၊ မနှင်းအိဖြူ၊ မောင်မြတ်ပိုင်သော်(ခေတ္တ Melbourne)၊ မောင်လပြည့်မိုး(TTC) တို့၏ဦးလေးသည် ၂၃-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ပြုံးဝင်း
### ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်(စာရင်းဌာန)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ လေးလွှာ(အေ)နေ (ဦးဝင်းဆိုင်- ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးတင်ဖေ-ဒေါ်ခင်ညို)တို့၏သမီးချွေးမ၊ ဦးဖိုးပါ၏ဇနီး၊ ဦးထွေးဝမ်-ဒေါ်အေးနန္ဒာအောင်(KBX Holding Co.,Ltd)၊ ဗိုလ်ကြီးဇေယျာမျိုး(တပ်မတော်-ရေ)-ဒေါ်အေးမြတ်မွန်(The Avenue Co.,Ltd)တို့၏မိခင်၊ မောင်ဘုန်းမြင့်မြတ်၊ မရွှန်း မြတ်ယသော်တို့၏ အဘွားသည် ၂၃-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးမိုးအောင်
### DSA (၄၁)
### ဆောင်ဆန်းသူရိယ လှသောင်း ကျောင်းသားဟောင်း
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ် (၃၈၈)နေ ဗိုလ်မှူးခင်မောင်ဌေး(ဒုရဲမှူးကြီး၊ ညွှန်ကြားရေးမှူး၊ လဝက၊ ငြိမ်း)-ဒေါ်စမ်းစမ်းအေး တို့၏သား၊ ဦးမြင့်ဆွေ-ဒေါ်မေရီလှိုင်တို့၏ သားသမက်၊ ကိုသန့်ဇင်အောင်-မသီရိမိုး၊ဗိုလ်ကြီးကျော်ရဲသူ(ခ)စည်သူအောင်-ဗိုလ်ကြီး စန္ဒီဦး၊ ကိုဇာနည်အောင်-မကြည်ကြည်ဝင်းတို့၏အစ်ကို၊ မမြနန္ဒာ၏ချစ်လှစွာသော ခင်ပွန်း၊ မောင်အောင်ဌေးဖြိုး၊ မရွှေရည်ဖူးတို့၏ဖခင်၊မရွှန်းလဝန်း၊ မောင်အောင်ကောင်းခန့်၊ မောင်သုခ၊မောင် သုတတို့၏ဘကြီးသည် ၂၃-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့်ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဉတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်း သတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဒေါ်ကြည်ကြည်စိုး(ခ)ဒေါ်ခင်တာတာ
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၁၄)လမ်း၊ အမှတ်(၁၀၃၊ ဒုတိယထပ်)နေ (ဦးသာထွန်းအောင်-ဒေါ် သန်းစိန်)တို့၏သမီး၊ (ဒေါ်ရီ)၏တူမ၊ ဒေါ်အေးအေးသန်း(လယ်ပြ-ငြိမ်း၊ ထ-၅၊ မရမ်းကုန်း)၊ ဒေါ်ကြည်ကြည်ခိုင်(ကျောင်းအုပ် အလက ၊ ဥယျာဉ်ဝ၊ လှည်းကူး)တို့၏ညီမ၊ ဦးစိုးနိုင်-ဒေါ်ရီရီတိုး(MPT)၊ ဦးကိုကိုသင်း၊ ဦးကိုကိုမင်း-ဒေါ်နီနီချို (စိုက်ပျိုးရေး၊ ဆင်ပေါင်ဝဲ)တို့၏အစ်မ၊ မအိသူဇာမင်း(မကွေးတက္ကသိုလ်)၊ မယဉ်သူဇာမင်း(ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏အဒေါ်သည် ၂၂-၅-၂၀၂၀ရက် ည ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာပါရှိ

နိုင်ငံ့စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကောင်းတစ်ခုရရှိအောင် ကြိုးပမ်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

စာ » ၁၅

# တောင်ကြီးမြို့ရှိ မြို့ပေါ်ရပ်ကွက်များမှ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲ စားနပ်ရိက္ခာများ၊ ဟင်းသီးဟင်းရွက်ပျိုးပင်များနှင့် မျိုးစေ့များ ပေးအပ်လှူဒါန်း

တောင်ကြီး မေ ၂၃

**ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြို့ပေါ်ရပ်ကွက်များမှ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲစားနပ်ရိက္ခာများ၊ ဟင်းသီးဟင်းရွက် ပျိုးပင်များနှင့် မျိုးစေ့များ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီက ညောင်ဖြူစခန်းရပ်ကွက်၌ စတင်ပေးအပ်လှူဒါန်းသည်။**

ထိုသို့ ပေးအပ်လှူဒါန်းရာသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းနှင့် ဘဏ်အရာထမ်း၊ အမှုထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတ အဖွဲ့များက တောင်ကြီးမြို့ ညောင်ဖြူ စခန်းရပ်ကွက်နှင့် စဝ်စံထွန်းရပ်ကွက် (၂) ရပ်ကွက်ရှိ အခြေခံပြည်သူ အိမ်ထောင်စု ၁၁၂၇ စုတို့အား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် အရန်ရိက္ခာထုပ်တစ်သိန်းမှ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၄၅၃ ထုပ်အားလည်းကောင်း၊

*စာမျက်နှာ ၈ ကော်လံ ၅* ❑



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်း တောင်ကြီးမြို့ အခြေခံပြည်သူအိမ်ထောင်စုများအား စားသောက်ကုန်များပေးအပ်စဉ်။

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ မေ ၂၃ ရက်၌ မြန်မာသံရုံးအစီအစဉ်ဖြင့် ၆၀၄ ဦး ဆက်လက်ဝင်ရောက်



မြဝတီ မေ ၂၃

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံက မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ မေ ၂၃ ရက်တွင် မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၆၀၄ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်သူ ၆၀၄ ဦး သည် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှုနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ဘေးကင်းလုံခြုံစွာ အခက်အခဲမရှိ ပြန်လည် ဝင်ရောက်လာသူများ ဖြစ်သည်။

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ◆

## ပေါင် ၄၄ ဒသမ ၇ သန်းဖြင့် အီကာဒီကို အမြဲတမ်းခေါ်ယူရန် ပီအက်စ်ဂျီ ကမ်းလှမ်း

ပီအက်စ်ဂျီအသင်းသည် အင်တာမီလန် တိုက်စစ်ကစားသမား အီကာဒီကို အပိုဆုကြေး ပေါင် ၈ ဒသမ ၉ သန်းအပါအဝင် ပေါင် ၄၄ ဒသမ ၇ သန်းဖြင့် အမြဲတမ်းခေါ်ယူရန် ကမ်းလှမ်းမှု ပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အီကာဒီသည် ပြီးခဲ့သည့် နွေရာသီကတည်းက ပီအက်စ်ဂျီအသင်း၌ အငှားကစားနေသူဖြစ်သည်။ အငှားစာချုပ်တွင် ပေါင် ၆၂ ဒသမ ၇ သန်းနှင့်အတူ ဝယ်ယူခွင့်ပါ ထည့်သွင်းချုပ်ဆိုခဲ့ကြောင်း သိရသည်။ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ် ဂယက်ကြောင့် အသင်းဘဏ္ဍာရေး ထိခိုက်သည့် အသင်းများထဲတွင် ပီအက်စ်ဂျီအသင်းလည်း အပါအဝင်ဖြစ်သောကြောင့် ထိုကဲ့သို့ ကမ်းလှမ်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ်ရှိ အဆိုပါ တိုက်စစ်ကစားသမားသည် စက်တင်ဘာလ အစောပိုင်းတွင် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသို့ အငှားရောက်ရှိလာသူဖြစ်ပြီး ပီအက်စ်ဂျီ အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၈ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၂၀ သွင်းယူ ပေးထားနိုင်ကြောင်း သိရသည်။ ၎င်းအနေဖြင့် ပီအက်စ်ဂျီအသင်းသို့ အငှားမပြောင်းရွှေ့မီတွင် အင်တာမီလန်အသင်း၌ သုံးနှစ်စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ် နွေရာသီအထိ ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အင်တာမီလန်အသင်းသည် ပီအက်စ်ဂျီအသင်းနှင့် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အီဒီဆင်ကာဗာနီကို

*စာမျက်နှာ ၁၁ ကော်လံ ၁* ❋



တိုက်စစ်မှူး အီကာဒီ။

**ဖေ့စ်ဘွတ်ပေါ်တွင် မမှန်ကန်သည့် သတင်းအချက်အလက်များ မပြန့်ပွားရန် လုပ်ဆောင်နေကြောင်း ဇူကာဘတ် ပြော**

စာ ၁၃

**ကမ္ဘာတစ်ဝန်း ကိုဗစ်ဖြစ်ပွားနေချိန် လက်ဘနွန်မှာ သောင်တင်နေတဲ့ လုပ်ခမရရှိတဲ့ နိုင်ငံခြားအလုပ်သမားများရဲ့ ဘဝအကြောင်း တစေ့တစောင်း**

စာ ၁၄

**New Normal သို့မဟုတ် ခေတ်သစ်တစ်ခုဆီသို့**

စာ ၁၆

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၂၄၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နိုင်ငံ့စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကောင်းတစ်ခုရရှိအောင် ကြိုးပမ်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

■ တွေ့ဆုံမေးမြန်း – ရှင်မင်း၊ ခတ်ပုံ – MIFER

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ထိထိရောက်ရောက် ဖိတ်ခေါ်လုပ်ဆောင်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီအထောက်အပံ့များနှင့် ချေးငွေရယူရေးကိစ္စများကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် အဓိကရည်မှန်းဆောင်ရွက်လျက်ရှိသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

အဆိုပါရည်မှန်းချက်နှင့်အတူ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း (MIPP) တို့နှင့်အညီ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် –

**မေး ။ ။ ပထမဦးဆုံးဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို သိပါရစေရှင့်။**

ဖြေ ။ ။ နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်ရာမှာ စီးပွားရေးလုပ်ငန်းတွေ လွယ်ကူချောမွေ့စေဖို့နဲ့ ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ချေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားဖို့ ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှာ ဝန်ကြီးဌာနကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ကြီးဌာနကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့နဲ့ ဖွဲ့စည်းထားပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း(MIPP)တို့နဲ့အညီ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတွေ ဖြစ်ပေါ်စေရေး၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးစတဲ့ အပိုင်းနှစ်ပိုင်းကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယဝန်ကြီးတစ်ဦးကို ခန့်အပ်ထားပြီးဖြစ်ပါတယ်။

နိုင်ငံတကာရဲ့ ဖွံ့ဖြိုးမှုအကူအညီတွေ ရယူနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်တွေကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီး နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုစီးဝင်

*အချပ်ပို (ခ) သို့*




မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Invest Myanmar Summit 2019 သို့ တက်ရောက်ဆွေးနွေးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြင်သစ်နိုင်ငံမှ MEDEF International စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

*အချပ်ပို (က) မှ*

လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာန စတင်ဖွဲ့စည်းခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေသာမက နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပြည်ပစီးပွားရေးလုပ်ငန်းရှင်တွေကပါ ယုံကြည်အားကိုးရတဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနရဲ့ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဆောင်ရွက်တဲ့အပိုင်းနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွေမှာ ဘယ်လိုလုပ်ဆောင်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ ။ ။ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အရင်းအနှီးတွေကို ပြည်တွင်း ဘဏ္ဍာရေးအရင်းအမြစ် အင်အားရှိသလောက် ရယူထည့်ဝင်ဆောင်ရွက်ကြရသလို နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေ၊ ဖွံ့ဖြိုးမှုအကူအညီအထောက်အပံ့နဲ့ ချေးငွေတွေကို ရယူဆောင်ရွက်ကြရပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းတာဝန်တွေကိုကြည့်ရင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြီး လုပ်ဆောင်ရတဲ့အပိုင်းနဲ့ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ကဏ္ဍတွေကို အရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးဖို့ လိုအပ်တဲ့နေရာတွေမှာ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းတွေဆီက အကူအညီအထောက်အပံ့တွေ၊ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေကို နိုင်ငံ့ကိုယ်စား ညှိနှိုင်းရယူဆောင်ရွက်ရတဲ့ အပိုင်းတွေကို အဓိက တာဝန်ယူလုပ်ဆောင်လျက် ရှိနေပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့တဲ့ ရည်ရွယ်ချက်ကိုက ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ထိထိရောက်ရောက် ဖိတ်ခေါ်လုပ်ဆောင်နိုင်ဖို့၊ မြန်မာနိုင်ငံက လိုအပ်တဲ့အကူအညီအထောက်အပံ့တွေနဲ့ ချေးငွေရယူရေးကိစ္စတွေကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။

နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာ အဓိက သုံးပိုင်း ရှိပါတယ်။ ပထမဆုံး ကုလသမဂ္ဂနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့အပိုင်းကိုပြောရရင် သိသာတဲ့ တိုးတက်မှုအနေနဲ့ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်မည့် ငါးနှစ်တာ နိုင်ငံဆိုင်ရာအစီအစဉ် (Country Programmed) တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေအကြား ညှိနှိုင်းရေးဆွဲနိုင်ခဲ့ပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒုတိယက နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကမ္ဘာ့ဘဏ် (World Bank) တို့ဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေပေးနေသလို နည်းပညာပိုင်း၊ မူဝါဒအကြံပေးခြင်းအပိုင်းနဲ့ စီမံကိန်းအကောင်အထည်ဖော်ခြင်းအပိုင်းတွေမှာ အကူအညီတွေ ပေးနေပါတယ်။ ဒါ့ပြင် EU နဲ့ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍ အရည်အသွေးတိုးတက်မြင့်မားလာစေဖို့အတွက် အကူအညီ ယူရို ၂၂၁ သန်း ပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဒေသတွင်းအဖွဲ့အစည်းဖြစ်တဲ့ အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ကြည့်မယ်ဆိုရင် ၂၀၁၉ ခုနှစ်မှာ အာဆီယံစီးပွားရေးမဏ္ဍိုင်အပေါ် နိုင်ငံအလိုက် အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံဟာ စင်ကာပူနိုင်ငံပြီးလျှင် အများဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။

ဒါ့ပြင် အာဆီယံ + ၁ လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်တွေ ချုပ်ထားတဲ့ အာဆီယံ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ဟောင်ကောင်တို့နဲ့ ဒေသတွင်းကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါတွေအပြင် အာဆီယံ ၁၀ နိုင်ငံနဲ့ Free Trade Areas (FTA) ဆွေးနွေးဖက် (၆) နိုင်ငံပေါင်းပြီး ကမ္ဘာမှာ အကြီးဆုံး လွတ်လပ်တဲ့ ကုန်သွယ်မှုဒေသဖြစ်လာမယ့် (Regional Comprehensive Economic Partnership – RCEP) ကို ဒီနှစ်ထဲမှာ လက်မှတ်ရေးထိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင့်မီ နိုင်ငံတကာ ကုန်သွယ်ရေးစာချုပ်တစ်ခုမှာ အဖွဲ့ဝင်အဖြစ်ပါဝင်မှာဖြစ်ပြီး နိုင်ငံသားတွေအတွက် အခွင့်အလမ်းတွေ ချဲ့ထွင်ပေးသွားနိုင်မှာဖြစ်ပါတယ်။

တတိယအနေနဲ့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေမှာ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ အများအပြားရှိပါတယ်။ ဥပမာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်ရဲ့ သမိုင်းဝင်ခရီးစဉ်အတွင်းမှာ သဘောတူညီချက်တွေ လက်မှတ်ရေးထိုးနိုင်ခဲ့သလို လာမယ့် (၃)နှစ်တာကာလအတွင်း မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှုအကူအညီ

*အချပ်ပို (ဂ) သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်းတို့ ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Kang Kyung-wha တို့ ချေးငွေဆိုင်ရာ မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

ယွမ် ၄ ဘီလီယံကို ထောက်ပံ့ပေးဖို့အတွက် နှစ်ဖက်ညှိနှိုင်း ဆွေးနွေးနေပါတယ်။

အလားတူ ဂျပန်နိုင်ငံနဲ့ အကူအညီပေးရေး စာချွန်လွှာတွေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေး စီမံချက်အတွက် နားလည်မှုစာချွန်လွှာတွေ အပါအဝင် အခြား အကူအညီပေးရေး စာချွန်လွှာတွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတကြီး မွန်ဂျေအင်းရဲ့ မြန်မာနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်မှာ မြန်မာနိုင်ငံရဲ့ အခြေခံအဆောက်အအုံတွေ တည်ထောင်ဖို့ ကိုရီးယားချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ပေးအပ်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ကို နှစ်ဖက်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လုပ်ငန်းတွေ အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။

အာရှနိုင်ငံတွေ သာမက ဥရောပနိုင်ငံတွေ ဖြစ်တဲ့ ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ ဩစတြီးယားနဲ့ နယ်သာလန်နိုင်ငံစတဲ့ အီးယူအဖွဲ့ဝင်နိုင်ငံတွေ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတွေနဲ့ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအား အရင်းအမြစ် မြှင့်တင်နိုင်ရေးတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်မှုရှိလာခဲ့ပါတယ်။

**မေး ။ ။ စတုတ္ထ (၁) နှစ်တာကာလအတွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှုကို သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထနှစ်ကာလဖြစ်တဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းလုပ်ငန်း ၂၈၂ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆၄ ဘီလီယံ ဖြစ်ပါတယ်။ ဒါ့ပြင် ဆောင်ရွက်ဆဲဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၇ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၄ ဘီလီယံ ထပ်မံတိုးမြှင့်ခွင့်ပြုပေးခဲ့တဲ့အပြင် သီလဝါအထူးစီးပွားရေးဇုန်ရှိ စုစုပေါင်းလုပ်ငန်း ၁၆ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၆၂ ဘီလီယံ ဆောင်ရွက်ဖို့ ခွင့်ပြုပေးခဲ့တဲ့အတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေနဲ့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၂၀ ဘီလီယံ ဖြစ်ပါတယ်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားတွေ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး လုပ်ငန်း ၁၆၉ ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ ၃၈၁ ဒသမ ၆၃၈ သန်း အပါအဝင် ငွေကျပ် ၁၄၃၄ ဒသမ ၈၇၃ ဘီလီယံ ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ လုပ်ငန်း ၂၅ ခုအနေနဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၆၄၇ သန်း အပါအဝင် ငွေကျပ် ၂၅၆ ဒသမ ၄၅၉ ဘီလီယံ ထပ်မံတိုးမြှင့် ခွင့်ပြုပေးခဲ့တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၂၈၅ သန်း အပါအဝင် ငွေကျပ် ၁၆၉၁ ဒသမ ၃၃၂ ဘီလီယံ ဖြစ်ပါတယ်။

**မေး ။ ။ ခွင့်ပြုခဲ့တဲ့ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေမှာ ဘယ်လုပ်ငန်း အမျိုးအစားတွေ အများဆုံးဖြစ်တယ်ဆိုတာနဲ့ ဒီခွင့်ပြုရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကနေ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုကို သိပါရစေရှင့်။**

ဖြေ ။ ။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခဲ့တဲ့ အချက်အလက်တွေအရ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍမှာ အများဆုံး ရင်းနှီးမြှုပ်နှံခဲ့ကြတာကို တွေ့ရတဲ့အတွက် ပို့ဆက်ကဏ္ဍက ၃၆ ဒသမ ၉၉ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍက ၃၂ ဒသမ ၄၁ ရာခိုင်နှုန်းနဲ့ တခြားဝန်ဆောင်မှုကဏ္ဍက ၁၅ ဒသမ ၇၀ ရာခိုင်နှုန်း အသီးသီးရှိတာကို တွေ့ရပါတယ်။

အလားတူ မြန်မာနိုင်ငံသားတွေ ရင်းနှီးမြှုပ်နှံမှု အချက်အလက်တွေအရ အများဆုံး ရင်းနှီးမြှုပ်နှံမှုအနေနဲ့ စက်မှုကဏ္ဍက ၂၄ ဒသမ ၀၄ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပြီး တခြားဝန်ဆောင်မှုကဏ္ဍက ၁၉ ဒသမ ၆၂ရာခိုင်နှုန်းနဲ့ ဒုတိယ၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍက ၁၂ ဒသမ ၆၂ ရာခိုင်နှုန်းနဲ့ တတိယအများဆုံး ရင်းနှီးမြှုပ်နှံခဲ့ကြတာကို တွေ့ရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မှုကိုကြည့်ရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကနေ လုပ်သားဦးရေ ၁၇၀၃၃၀ နဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် လုပ်သား ၁၉၁၉၃ ဦး စုစုပေါင်းလုပ်သား ၁၈၉၅၂၃ ဦးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဘယ်နိုင်ငံတွေကနေ ပိုမိုစီးဝင်လာတယ်ဆိုတာကို သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အပိုင်းနှစ်ပိုင်းခွဲပြီး ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံကို စီးဝင်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းအရ နိုင်ငံအစဉ်လိုက်ကြည့်ရင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ နိုင်ငံပေါင်း ၅၁ နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဝင်ရောက်ခဲ့ပြီး ဒီနိုင်ငံတွေအနက် စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဟောင်ကောင်တို့က အများဆုံး ရင်းနှီးမြှုပ်နှံသူတွေ ဖြစ်ပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စီးဝင်လာတဲ့ ရင်းနှီးမြှုပ်နှံမှုက ယခင်နှစ် (ကာလတူ)အတွင်းမှာ ဝင်ရောက်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏနဲ့ နှိုင်းယှဉ်ရင် သိသိသာသာ တိုးတက်မှုရှိခဲ့ပါတယ်။ အထူးသဖြင့် အာရှနိုင်ငံတွေဖြစ်တဲ့ စင်ကာပူ၊ ထိုင်းနိုင်ငံနဲ့ ဟောင်ကောင်တို့က အများဆုံးဖြစ်သလို အနောက်နိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ နယ်သာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေက တိုးတက်လာတာကို တွေ့ရပါတယ်။

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုတွေကို သိပါရစေ။**

ဖြေ ။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်တွေကို အလေးထား လုပ်ဆောင်ခဲ့ပြီး ပြည်ပနိုင်ငံ ခြောက်နိုင်ငံမှာ ၁၁ ကြိမ်နဲ့ ပြည်တွင်းမှာ ၂၉ ကြိမ် စုစုပေါင်း ပြည်တွင်း/ပြည်ပမှာ အကြိမ် ၄၀ ကျင်းပခဲ့ပါတယ်။ ဒါ့ပြင် နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အရေးပါတဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း (Myanmar Investment Promotion Plan – MIPP) ကို ၂၀၁၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြန်လည်ရေးဆွဲပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှာ အတည်ပြု ထုတ်ပြန်နိုင်ခဲ့ပါတယ်။

MIPP ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ ဆက်စပ်တဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းတွေ ပါဝင်တဲ့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကော်မတီ (Investment Promotion Committee – IPC) ကို စတင်ဖွဲ့စည်းခဲ့ပြီး အထောက်အကူပြုမယ့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့ကို ဆက်လက်ဖွဲ့စည်းခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ မဟာဗျူဟာမြောက်လုပ်ငန်းစဉ် ငါးရပ်နဲ့ Action Plan တွေ ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်ရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်နဲ့ လက်ရှိအခြေအနေ၊ ယခင်နှစ်နဲ့ နှိုင်းယှဉ်မှုတွေကို ပြောကြားပေးပါဦး။**

ဖြေ ။ ။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်ရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျာထားချက်မှာ အမေရိကန် ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ်ပါတယ်။ ယခုဘဏ္ဍာနှစ် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၉ ရက်အထိ ခွင့်ပြုပေးနိုင်မှုမှာ သီလဝါအထူးစီးပွားရေးဇုန် အပါအဝင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆၇ ဘီလီယံဖြစ်တဲ့အတွက် ရည်မှန်းချက် ပြည့်မီနိုင်မယ်လို့ ယုံကြည်ပါတယ်။ ယခင်ဘဏ္ဍာနှစ် အလားတူကာလမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈၈ ဘီလီယံ ခွင့်ပြုနိုင်ခဲ့တဲ့အတွက် နှိုင်းယှဉ်ကြည့်ရင် ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာတာကို တွေ့နိုင်ပါတယ်။


*အချပ်ပို (ဃ) သို့*




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ 4th Belt and Road Summit 2019 သို့ တက်ရောက်စဉ်။




ဒုတိယ ဝန်ကြီး ဦးဗရတ်ဆင်း




မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နှစ်အလိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုခဲ့မှုအခြေအနေ



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mr. Thomas Neisinger တို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*အချုပ်ပို (ဂ) မှ*

**မေး ။ ။ မြန်မာနိုင်ငံ ကုမ္ပဏီတွေ ဥပဒေအရ အီလက်ထရွန်နစ် ကုမ္ပဏီမှတ်ပုံတင်စနစ်ရဲ့ တိုးတက်အောင်မြင်မှုတွေနဲ့ ဆက်လက်ဆောင်ရွက်မှုတွေကို သိရှိလိုပါတယ်ရှင့်။**

ဖြေ ။ ။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအသစ် ပြဋ္ဌာန်းပြီးနောက်ပိုင်းမှာ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းတွေ လွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့ အီလက်ထရွန်နစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ စတင်အသုံးပြုခဲ့ပါတယ်။ MyCO ထူထောင်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်တဲ့ Doing Business Report (2019) မှာ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ စတင်ခြင်းနဲ့ ပတ်သက်လို့ အဆင့် ၁၅၂ ရှိခဲ့ရာမှ ယခု Doing Business Report (2020) မှာ အဆင့် ၇၀ သို့ တိုးတက်လာခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်ကနေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၉ ရက်အထိ ကုမ္ပဏီမှတ်ပုံတင် ဆောင်ရွက်မှုအနေနဲ့ စုစုပေါင်း ကုမ္ပဏီအရေအတွက် ၆၇၈၉၈ ခု မှတ်ပုံတင်နိုင်ခဲ့ပြီး လစဉ်ကုမ္ပဏီအသစ် ၁၄၀၀ မှ ၁၅၀၀ ခန့်အထိ မှတ်ပုံတင်ပေးနိုင်ခဲ့ပါတယ်။

လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် ဒီဥပဒေအရ ဆောင်ရွက်ရမယ့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူတွေကို (Insolvency Practitioners) မှတ်ပုံတင်စေခြင်းနဲ့ မြန်မာနိုင်ငံကုမ္ပဏီတွေ ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားခြင်းမရှိတဲ့ Individual/MSME တွေ လူမွဲခံယူခြင်း၊ မှတ်ပုံတင်ခြင်းတွေအတွက် သီးခြား Registry စနစ် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ကုမ္ပဏီစီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်တွေ ပိုမိုအားကောင်းလာစေရေးအတွက် Corporate Governance Principle ရေးဆွဲပြဋ္ဌာန်းဖို့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ EITI ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့တို့နဲ့ ပူးပေါင်းပြီး အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (Beneficial Ownership) ဆိုင်ရာ အချက်အလက်တွေ ထုတ်ပြန်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

– ကော်မရှင် အတွင်းရေးမှူးရုံးအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အဆိုပြုချက်တွေကို Online လက်ခံဆောင်ရွက်ပေးမယ့် Investment Proposal Online စနစ်နဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ စိစစ်ထိန်းကျောင်းနိုင်မယ့် Online Investment Monitoring Application တွေကို ဆက်လက်အကောင်အထည်ဖော်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကိုဗစ်–၁၉ ကြောင့် တိုင်းပြည်စီးပွားရေးအပေါ် သက်ရောက်နိုင်တဲ့ အခြေအနေတွေနဲ့ ဆောင်ရွက်ထားရှိမှုတွေကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ကိုဗစ်–၁၉ ကြောင့် တရုတ်နိုင်ငံနဲ့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ နိုင်ငံတွေရဲ့ စီးပွားရေးအပေါ်မှာ အထိုက်အလျောက် သက်ရောက်မှုတွေရှိနေပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနဲ့ စီးပွားရေးအရ များစွာ ချိတ်ဆက်ဆောင်ရွက်မှုတွေရှိနေတဲ့ နိုင်ငံဖြစ်တဲ့အတွက် ကိုဗစ်–၁၉ ကြောင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုတွေ တွေ့ကြုံနေရပါတယ်။

ထုတ်လုပ်မှုကဏ္ဍ (Manufacturing Sector)၊ ဟိုတယ်လုပ်ငန်းကဏ္ဍတွေနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍတွေမှာ ထိခိုက်မှု ဆိုးဆိုးရွားရွား ခံစားရပါတယ်။ ဒါကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် ဖွဲ့စည်းထားပြီး ရောဂါကြိုတင်ကာကွယ်ရေးနဲ့ စောင့်ကြပ်ကြည့်ရှုရေးအတွက်၊ ကုသရေးအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူတွေအနေနဲ့ ကိုဗစ်–၁၉ ကို သတိမူပြီး ကျန်းမာရေးဆိုင်ရာ အသိပညာတွေ တိုးပွားစေဖို့ သတင်းမီဒီယာတွေ၊ ရုပ်သံလိုင်းတွေအပြင် ဆိုရှယ်မီဒီယာမှတစ်ဆင့် အချိန်နဲ့တစ်ပြေးညီ အသိပေးလျက်ရှိပါတယ်။ ဒါ့ပြင် ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုတွေအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၃ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။

လုပ်ငန်းကော်မတီရဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) မှာ မြန်မာ့စီးပွားရေးဘဏ်က ကနဦးမတည်ငွေအဖြစ် ငွေကျပ်ဘီလီယံ ၁၀၀ ကို COVID–19 Fund အဖြစ် ထူထောင်သွားဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အဆိုပါ COVID–19 Fund ကနေ စီးပွားရေးအရ သက်ရောက်မှုရှိတဲ့ လုပ်ငန်းတွေအတွက် အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ ၁ နှစ် ထုတ်ချေးနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလ ၉ ရက်မှာ ချေးငွေလျှောက်ထားတဲ့ လုပ်ငန်းတွေအနက် ပထမအသုတ်အဖြစ် လုပ်ငန်း ၈၅ ခု၊ ဒုတိယအသုတ်အဖြစ် လုပ်ငန်း ၁၁၃ ခုနဲ့ တတိယအသုတ်အဖြစ် လုပ်ငန်း ၁၁၁ ခုတို့ကို COVID–19 Fund ကနေ ချေးငွေထုတ်ယူခွင့်ပြုခဲ့ပါတယ်။ ကျန်ရှိတဲ့ လုပ်ငန်းတွေကို COVID–19 Fund ကနေ ချေးငွေထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မှုကို ကြည့်ရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကနေ လုပ်သားဦးရေ ၁၇၀၃၃၀ နဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် လုပ်သား ၁၉၁၉၃ ဦး စုစုပေါင်း လုပ်သား ၁၈၉၅၂၃ ဦးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ခဲ့ပါတယ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အလုပ်အကိုင်အခွင့်အလမ်း ၅၀၀၀ ကျော် ဖန်တီးပေးနိုင်သည့် Adidas ဖိနပ်ချုပ်စက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။